# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထူထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၂)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ သောကြာနေ့။


## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဆင့်အစည်းအဝေး

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆင့်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၉ ကော်လံ ၅* ❁

# ဒေသအလိုက်၊ ကဏ္ဍအလိုက် ရနိုင်သည့်အရင်းအမြစ်များ အသုံးချ၊ ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းတည်ဆောက်



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် *စာမျက်နှာ ၈ ကော်လံ ၁* ✳

## အမျိုးသားပညာရေးဥပဒေအပေါ် အကြံပေးပညာရှင်များအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

သတင်း၊ စာမျက်နှာ » ၉

## ရေနက်ဆိပ်ကမ်းအတွက် အလားအလာရှိသည့် ဘီလူးကျွန်း

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မော်လမြိုင် နိုဝင်ဘာ ၂၀

**မွန်ပြည်နယ်တွင် ကုလားကုတ်ကျွန်းနှင့်ဘီလူးကျွန်းတို့က ထင်ရှားသည်။ ကုလားကုတ်ကျွန်းက ရေးမြို့နယ်တွင်တည်ရှိပြီး ဘီလူးကျွန်းက ချောင်းဆုံမြို့နယ်တွင်ပါဝင်သည်။ ချောင်းဆုံမြို့နယ်တစ်ခုလုံးသည် ဘီလူးကျွန်းပေါ်တွင် တည်ရှိနေသည်ဆိုလျှင် မမှား။**

မော်လမြိုင်မြို့နှင့် အနောက်ဘက်တွင် တည်ရှိသော ဘီလူးကျွန်းတို့ကို သံလွင်မြစ်ကခြားထားသည်။ မော်လမြိုင်နှင့်သံလွင်မြစ်ခြားနေပြီး တစ်ဖက်တစ်ချက်တွင် ပင်လယ်ဖြစ်၍ စစ်အတွင်းက စစ်ဘေးခိုလှုံရာကျွန်းဖြစ်ခဲ့သည်။ မြန်မာ့တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော ဆရာစံသည်ပင်ဘီလူးကျွန်းပေါ်၌ခိုလှုံခဲ့ရသော ကာလများရှိခဲ့သည်။

"ဘီလူးကျွန်းဟာ ပင်လယ်နဲ့တစ်ဆက်တစ်စပ်တည်းတည်ရှိနေတာမို့ *စာမျက်နှာ ၃ ကော်လံ ၁* ✳




**ယနေ့ — မာတိကာ**

အာဆီယံကုန်သွယ်ရေး၏ တံခါးပေါက်ဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးဇုန် — ဆောင်းပါး — စာ » ၆

ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲတွေပုံဖော်ကြမယ့် ပွဲစဉ်(၁၂) — စာ » ၁၃


**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာနှင့် ဥပဒေကြမ်းအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




## ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လက်ပံတောင်းတောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၀**

လက်ပံတောင်းတောင်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ရောက်ရှိနေသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ဆားလင်းကြီးမြို့နယ် ပုသိမ်-မုံရွာလမ်းမကြီး မိုင်တိုင် (၄၄၅)အနီးရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာစည်သူမျိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျော်ရွာအနီး တည်ထားကိုးကွယ်လျက်ရှိသည့် လက်ပံတောင်းတောင်ကြား စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ရှိ ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စေတီတော်၏ ဂေါပကအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်သည့်အပြင် သာသနိကအဆောက်အအုံများထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဘဏ္ဍာငွေကိုလည်း ထားရှိပေးပြီးဖြစ်သဖြင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံများနှင့်ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုရာတွင် စိတ်ချမ်းမြေ့စွာ ကြည်ညိုသဒ္ဓါပွားများ ကုသိုလ်ယူနိုင်ရေး၊ တရားပွဲများ၊ နှစ်စဉ်ဘုရားပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဒေသခံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စေတီတော်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးကြသည်။

ထို့မှတစ်ဆင့် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံကိန်းနယ်မြေအတွင်း ပြောင်းရွှေ့ကျေးရွာများဖြစ်သည့် ဝက်မွေး၊ ကံတောနှင့် ဆည်တည်း၊ ဇီးတောကျေးရွာသစ်များရှိ ဒေသဖွံ့ဖြိုးရေးအစီအမံဖြင့် ဆောင်ရွက်ပေးခဲ့သည့် မူလတန်းကြိုကျောင်းများသို့သွားရောက်၍ ကလေးသူငယ်များအတွက် ဝတ်စုံများ၊ ကစားစရာပစ္စည်းများပေးအပ်ခြင်းနှင့် အာဟာရတိုက်ကျွေးခြင်းများ ပြုလုပ်ပေးပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကလေးများ၏ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးအလေးထားဆောင်ရွက်ရေး လမ်းညွှန်မှာကြားခဲ့ပြီး ကျေးရွာကိုယ်စားလှယ်များသို့ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြန်မာ- ဝမ်ပေါင် အစည်းအဝေးခန်းမ၌ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများနှင့် စီမံကိန်းနယ်မြေအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၇၀ /၂၀၁၄**
**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီရီဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ရွှေခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များနှင့် ပါတီဝင် ၁၆၄ ဦး၊ Myanmar Egress Capacity Development Centre၊ Enterprising Leadership For Democratic Governance (EOO2) သင်တန်းအပတ်စဉ်(၂၃)မှ သင်တန်းသားသင်တန်းသူ ၅၃ ဦး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ရေတာရှည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးချစ်ထွေးခေါင်းဆောင်သည့် ပါတီဝင် ၈၃ ဦး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကျောက်တံခါးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစိုးကိုဦး ခေါင်းဆောင်သည့် ပါတီဝင် ၂၆ ဦးနှင့် The Rich and Son Centre မှ ဒေါ်ဇာခြည်လင်းခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၃၃၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ **(မြန်မာ့အလင်း)**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၄/ ၂၀၁၄) ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာတွင် အပိုဒ် ၂၁ ပိုဒ်ပါရှိသည်။

ထိုအမိန့်ကြော်ငြာစာတွင် နည်းဥပဒေ ၂ (ခ) နှင့် နည်းဥပဒေ ၇ တို့ကို အစားထိုးခြင်း၊ နည်းဥပဒေ ၂၀ (ခ)၊ နည်းဥပဒေ ၂၄၊ နည်းဥပဒေ ၂၄-က၊ နည်းဥပဒေ ၂၈ တို့၏ နောက်တွင် ဖြည့်စွက်ခြင်း၊ မူလနည်းဥပဒေ ၂၅ ကို နည်းဥပဒေ ၂၇ အဖြစ် လည်းကောင်း၊ မူလနည်းဥပဒေ ၂၇ ကို နည်းဥပဒေ ၃၀ အဖြစ်လည်းကောင်း ပြောင်းလဲသတ်မှတ်ခြင်း စသည်ဖြင့် ပါရှိသည်။

အဆိုပါ နည်းဥပဒေအပြည့်အစုံကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**※ ရှေ့ဖုံးမှ**

ရေနက်ဆိပ်ကမ်းအဖြစ် အကောင်အထည်ဖော်ရင် သဘာဝအခြေခံကောင်းတွေရှိတာကြောင့် အောင်မြင်မှုရရှိနိုင်ပါတယ်။ ဒါဆိုရင် ချောင်းဆုံမြို့နယ်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ချောင်းဆုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းက ပြောကြားသည်။

ဘီလူးကျွန်းသည် အရှည်မိုင် ၂၀ ခန့်နှင့် အကျယ် ၁၅ မိုင်ခန့်ရှိပြီး ကျေးရွာပေါင်း ၇၈ ရွာ တည်ရှိကာ စပါးနှင့် ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်အသက်မွေးကြသူများပြားကြသည်။ အထူးသဖြင့် ကမ္ဘာကျော် ရွာလွတ်ဆေးတံလုပ်ငန်းနှင့် ကျောက်သင်ပုန်းလုပ်ငန်းတို့က လူသိများပြီး ထင်ရှားသည်။

ဘီလူးကျွန်းသည် ပင်လယ်နှင့် တိုက်ရိုက်ထိစပ်နေသော ကမ်းခြေဧရိယာများစွာရှိနေရာ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သောအခြေအနေလည်းရှိနေသည်။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့်လည်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ပြီးပါက မော်လမြိုင်မှတစ်ဆင့် ဘုရားသုံးဆူလမ်းမှ ထိုင်းနိုင်ငံသို့လည်း လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။ ယခုအခါ ဘီလူးကျွန်းနှင့် ကုလားကုတ်ကျွန်းများသည်လည်း ရေနက်ဆိပ်ကမ်းပြုလုပ်ရန် အလားအလာကောင်းများရှိသည့် နေရာများပင်ဖြစ်သည်။

ဘီလူးကျွန်းသည် မြေအကျယ်အဝန်းနှင့် လူနေသိပ်သည်းမှု မျှတသည်ဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများရရှိတော့မည်ဖြစ်သည်။ မွန်ပြည်နယ်သည် စီးပွားရေးအလားအလာကောင်းသောနေရာများရှိရာ နိုင်ငံတကာစီးပွားရေးသမားများမျက်စိကျရာ ပြည်နယ်အဖြစ် ရောက်ရှိလာပြီဖြစ်သည်။

**(မြန်မာ့အလင်း)**



# မြန်မာနိုင်ငံရှိ နိုင်ငံတော်နှင့် လူ့ဘောင်အဖွဲ့အစည်းဆက်နွှယ်မှု စာအုပ်နှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအရေးလေ့လာသူ ပါမောက္ခ မစ္စတာရောဘတ်တေလာက ရေးသားသည့် မြန်မာနိုင်ငံတော်သမိုင်း (သို့) မြန်မာနိုင်ငံရှိ နိုင်ငံတော်နှင့်လူ့ဘောင်အဖွဲ့အစည်း ဆက်နွှယ်မှု(The State in Myanmar) စာအုပ်နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မိတ်ဆက်အမှာစကားပြောကြားပြီး FRIEND-RICH EBERT STFTUNG (FES) မှ မြန်မာနိုင်ငံ တာဝန်ခံ Mr.Konstantin Bar-waldt က FES အကြောင်း၊ စာရေးသူ ရောဘတ်တေလာ အကြောင်းနှင့် စာအုပ်အကြောင်းတို့ကို အကျဉ်းချုပ်ဆွေးနွေးပြောကြားသည်။

ထို့နောက် စာရေးသူ ရောဘတ်တေလာက ၄င်းစာအုပ်ပါကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

ယင်းစာအုပ်ကို မောင်မောင်ကြီးက ဘာသာပြန်ဆိုထားပြီး ၂၀၁၄ နိုဝင်ဘာလတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေသည်။

ယနေ့ဟောပြောပွဲကို မြန်မာနိုင်ငံအခြေစိုက် ဂျာမနီနိုင်ငံ FRIEND-RICH EBERT STFTUNG (FES) ၏အကူအညီဖြင့် ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲသို့ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ မဲဖောက်မည်

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းများကို ဝယ်ယူခွင့်လျှောက်ထားလာသည့် လုပ်သက် ၂၀ အထက် ဌာနဆိုင်ရာဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသင်းအဖွဲ့ဝင်များ၏လျှောက်လွှာများကို အလုံမြို့နယ် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌နိုဝင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၉ နာရီမှစတင်၍ မဲနှိုက်ပေးမည်ဖြစ်သဖြင့် လျှောက်ထားသူ ကာယကံရှင်များက ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ဆက်လက်၍ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ လျှောက်ထားလာသည့် အများပြည်သူများကို အလုံမြို့နယ်ခန်းမတွင် နိုဝင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်မဲနှိုက်ပေးသွားမည်ဖြစ်ပါသည်။

၃။ မဲပေါက်သူများစာရင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရန်ကုန်)တွင် ကြည့်ရှုနိုင်ပါသည်။ မဲပေါက်သူများအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရန်ကုန်)မှ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်၍ ဆက်သွယ်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

နိုင်ငံတကာသတင်း

# လူ့အခွင့်အရေးချိုးဖောက်သည်ဟု ကုလသမဂ္ဂဆုံးဖြတ်ချက်အပေါ် တုံ့ပြန်သောအားဖြင့် နျူစမ်းသပ်မှုပိုမိုပြုလုပ်ရန် မြောက်ကိုရီးယားပြောကြား

**ပြုံယမ်း နိုဝင်ဘာ ၂၀**

လူ့အခွင့်အရေးချိုးဖောက်သည်ဆိုသော ကုလသမဂ္ဂဆုံးဖြတ်ချက်အပေါ်တုံ့ပြန်သောအားဖြင့် နျူကလီးယားစမ်းသပ်မှုများ ပိုမိုပြုလုပ်သွားမည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ပြောကြားလိုက်သည်။

ကုလသမဂ္ဂအနေဖြင့် အဆိုပါလူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရေးနှင့်ပတ်သက်ပြီး မကြာမီကဆုံးဖြတ်ခဲ့ခြင်းအပေါ် အမေရိကန်က အားပေးအားမြှောက် ပြုလုပ်နေသည်ဟု မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် စွပ်စွဲပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၀၆၊ ၂၀၀၉ နှင့် ၂၀၁၃ခုနှစ်များတွင် နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယား နျူကလီးယား အဆောက်အအုံကို ညွှန်ပြနိုင်သည့် ဂြိုဟ်တုဓာတ်ပုံသစ်များထွက်ရှိလာပြီးနောက် အဆိုပါခြိမ်းခြောက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံအား လူ့အခွင့်အရေး ချိုးဖောက်သည့် ရာဇဝတ်မှုများဖြင့် နိုင်ငံတကာခုံရုံး၌ စစ်ဆေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက လုံခြုံရေးကောင်စီသို့ ဆော်ဩတိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို အင်္ဂါနေ့တွင် ချမှတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် မြောက်ကိုရီးယား ကိုယ့်လူသူ့ဘက်သားများနှင့် ပြုံယမ်းကို ဆန့်ကျင်သူများ၏ သတင်းအချက်အလက်များအပေါ် အခြေခံဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြုံယမ်းက ပြောသည်။

မြောက်ကိုရီးယားသည် ယခင်ကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုများပြုလုပ်ခဲ့သည်ဆိုခြင်းကို ကန့်ကွက်ခဲ့သည်။ **(ဘီဘီစီ)**



## တရုတ်နိုင်ငံဆေးရုံတိုက်ခိုက်ခံရမှုကြောင့် ခုနစ်ဦးသေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံမြောက်ပိုင်း ဆေးရုံတစ်ရုံရှိ အိပ်ဆောင်၌ တိုက်ခိုက်ခံရမှုကြောင့် တရုတ်နိုင်ငံသား ခုနစ်ဦးထက်မနည်း သေဆုံးခဲ့သည်။

Beidaihe ခရိုင်ရှိ ဆေးရုံတိုက်ခိုက်ခံရမှု၌ ဆေးရုံအုပ်ချုပ်သူတစ်ဦးနှင့် သူနာပြုခြောက်ဦး ဓားထိုးခံရမှုကြောင့် သေဆုံးခဲ့ပြီး အခြားသူနာပြုတစ်ဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိခဲ့ကြောင်း အရာရှိများက ဆင်ဟွာသို့ ပြောသည်။ အဆိုပါကိစ္စဖြင့် သံသယရှိသူတစ်ဦးကို ဖမ်းဆီးခဲ့သော်လည်း အသေးစိတ်အချက်အလက်များ မသိရသေးကြောင်း ဆင်ဟွာကဆိုသည်။

လွန်ခဲ့သည့်နှစ်နှစ်ကတည်းက ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ တိုက်ခိုက်ခံရမှု ပိုမိုမြင့်တက်လာခဲ့ရာ ဆေးရုံများ၌ လုံခြုံရေးတိုးမြှင့်ချထားရန် တရုတ်ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့သည်။

စာရင်းဇယားများအရ ဆရာဝန်များနှင့် အခြားကျန်းမာရေးဝန်ထမ်းများကို ၂၀၁၀ ပြည့်နှစ်ကတည်းက စတင်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ရိုက်နှက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ခြိမ်းခြောက်ခြင်းများအပါအဝင် အဆိုပါတိုက်ခိုက်ခံရမှုပေါင်း ၁၇၂၄၃ ကြိမ်ရှိခဲ့ပြီဖြစ်သည်။ **(ပရက်စ်တီဗွီ)**

## ကဘူးလ်၌ တာလီဘန်များ၏ အသေခံဗုံးခွဲတိုက်ခိုက်မှု လေးဦးသေ၊ သုံးဦးဒဏ်ရာရ

**ကဘူးလ် နိုဝင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၌ တာလီဘန်များ၏ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်ရဲဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အသေခံဗုံးခွဲသူလေးဦးသည် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသည့်ကားကို ကဘူးလ်မြို့အရှေ့ပိုင်းရှိ မြစိမ်းရွာဟုလူသိများသည့် နိုင်ငံခြားသားများ တည်းခိုရိပ်သာကိုပစ်မှတ်ထားကာ ဖောက်ခွဲမှုပြုလုပ်ခဲ့သည်။ ယင်း၌ နိုင်ငံခြားသားနှစ်ဦးနှင့် ဒေသတွင်းလုံခြုံရေးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယခုဗုံးပေါက်ကွဲသည့်ကိစ္စနှင့် ပတ်သက်ပြီး မူဂျာယစ်အား အာဖဂန်နှင့်နိုင်ငံခြားသားများသေဆုံးခဲ့မှုအတွက်လည်း စစ်သွေးကြွများကို သွေးထိုးလှုံ့ဆော်ပေးသူအဖြစ် သတ်မှတ်ထားသည်။

ဝေါ်ကီရှာကီဒေသရှိ အဆိုပါမြစိမ်းရွာ တိုက်ခိုက်ခံမှုကို ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၅၀က ပြုလုပ်ခဲ့သည်။ ယင်းနောက် ၎င်းတို့သည် အဆိုပါခြံအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားခဲ့သည်ဟု ရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ဖွံ့ဖြိုးပြီးနိုင်ငံများမှထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ဆင်းရဲသောနိုင်ငံများခံစားနေကြရ



**ဘာလင် နိုဝင်ဘာ ၂၀**

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုစာချုပ်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေး လိုအပ်သည့်ငွေကြေးအကူအညီအတွက် ကတိကဝတ်ရရှိရန် ကမ္ဘာ့ချမ်းသာသောနိုင်ငံများက ဘာလင်၌ ကြာသပတေးနေ့မှစတင်ကာ ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

အစိမ်းရောင်ရာသီဥတု ရန်ပုံငွေအဖွဲ့က ဆင်းရဲသောနိုင်ငံများအား မိုးခေါင်မှုကြောင့် အစာရေစာများ ပြတ်လပ်မှုအပေါ် အကူအညီပေးရန် ကြိုးပမ်းလျက်ရှိသည်။

ချမ်းသာသော နိုင်ငံများက ၂၀၂၀ ပြည့်နှစ်အရောက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား အဆိုပါရန်ပုံငွေမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထောက်ပံ့ပေးရန် ယခင်က ကတိကဝတ်ပြုထားသည်။

အဆိုပါ အစိမ်းရောင်ရန်ပုံငွေအဖွဲ့က ရာသီဥတုတိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်အဖြစ် ၂၀၁၄ ခုနှစ်အကုန်တွင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ထောက်ပံ့ပေးရန် တင်ပြထားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အဆိုပါရန်ပုံငွေအတွက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ၊ ဂျပန်က ၁ ဒသမ ၅ ဘီလီယံနှင့် ပြင်သစ်နှင့်ဂျာမနီတို့က သိသာသော ငွေလုံးငွေရင်းများပေးရန် ကတိပြုပြောဆိုထားသည်။ ယူကေကလည်း လက်ရှိအကူအညီပေးရေးဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံပေးလိမ့်မည်ဟု ဆိုသည်။

ကမ္ဘာ့ဆင်းရဲသောနိုင်ငံများတွင် ချမ်းသာသောနိုင်ငံများ၏ ပယောဂကြောင့် ဆိုးရွားသောရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေကြရကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ယူကေနိုင်ငံအတွင်းရေးမှူး အက်ဒါဗေးက ဘီဘီစီသို့ ပြောကြားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန် အဆိုပါရန်ပုံငွေအဖွဲ့က သဘောတူထားသည်။ **(ဘီဘီစီ)**

# ယူကရိန်းသည် နိုင်ငံရေးလွတ်လပ်မှုထောက်ခံသူများနှင့် တိုက်ရိုက်ဆွေးနွေးရန်ငြင်းဆန်



**မော်စကို နိုဝင်ဘာ ၂၀**

ရုရှားက ယူကရိန်းခေါင်းဆောင်များအား ဗုဒ္ဓဟူးနေ့က အရှေ့ပိုင်းတွင်ဖြစ်ပေါ်နေသော ပဋိပက္ခများကို ချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးလွတ်လပ်မှု ထောက်ခံသူများနှင့် တိုက်ရိုက်ဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

သို့သော်လည်း ယူကရိန်းတို့က ငြင်းဆိုခဲ့ပြီး အကြမ်းဖက်သမားများအား ဥပဒေနှင့်မညီ ပြုလုပ်ဆောင်ရွက်ချက်များကို ရပ်တန့်ရန် မော်စကိုကို ပြောခဲ့သည်။

ရုရှားက အကြမ်းဖက်များကို ငွေကြေးအထောက်အပံ့နှင့် အခြားထောက်ပံ့မှုများပေး၍ ယူကရိန်းနိုင်ငံကို မတည်မငြိမ်ဖြစ်အောင်လုပ်သည်ဟု ယူကရိန်းနှင့် အနောက်အုပ်စုက စွပ်စွဲခဲ့သည်။

အနောက်အုပ်စုက ဧပြီလလယ်ကတည်းက လူပေါင်း ၄၀၀၀ ကျော် သေဆုံးခဲ့သော ပဋိပက္ခကြောင့် မော်စကိုကို အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ရုရှားသည် နိုင်ငံရေးလွတ်လပ်မှုထောက်ခံသူများကို ပံ့ပိုးမှုများပြုလုပ်ခဲ့သော်လည်း ဒွန်ဘက်ဒေသတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုနှင့်ပတ်သက်၍ ငြင်းဆိုခဲ့သည်။

နှစ်ဦးသဘောတူလက်ခံနိုင်မည့် သဘောတူညီမှုမျိုးကို ကိယက်ဗ်နှင့်ဒွန်ဘက်ဒေသကိုယ်စားလှယ်များကြားတည်ထောင်ရန်တိုက်တွန်းမှုပြုလုပ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗက မော်စကိုရှိ အောက်လွှတ်တော်တွင် ပြောခဲ့သည်။

သို့သော်လည်း ယူကရိန်းက ရုရှားလိုလားထောက်ခံသူများကို အသိအမှတ်ပြုရန် မော်စကို၏ ကြိုးပမ်းမှုများကို စွပ်စွဲခဲ့ကြောင်း ယူကရိန်းဝန်ကြီးချုပ်က ပြောခဲ့သည်။

အဆိုပါရုရှားလိုလားထောက်ခံသူများသည် အစိုးရတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့သည်။ ယူကရိန်းဝန်ကြီးချုပ်က နိုင်ငံရေးလွတ်လပ်မှုထောက်ခံသူများနှင့် တိုက်ရိုက်စကားပြောလိမ့်မည်မဟုတ်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၀**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ကွင်းဆင်းအဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၇ ရက် နံနက် ၆ နာရီက ဟိုပန်မြို့နယ် မြသိန်းတန်ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားနေသည့် မိဘမဲ့ ကျောင်းသား ကျောင်းသူများနှင့် ကိုရင်များကို တွေ့ဆုံအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့သည် ဟိုပန်မြို့ နောင်ပော့ကျေးရွာသို့ ရောက်ရှိပြီး အဝီစိတွင်းရေ ရရှိသုံးစွဲနေမှုအခြေအနေများ၊ ဘုန်းကြီးကျောင်းဆောက်လုပ်မည့်မြေနေရာများကို ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် တွေ့ဆုံသည်။ ယင်းနောက် ဖော်ကွေ့ကျေးရွာသို့ ဆက်လက်သွားရောက်ကာ ဒေသခံများနှင့် တွေ့ဆုံ၍ ဝါးပိုးဝါး စီးပွားဖြစ်စိုက်ပျိုးနိုင်မှု အခြေအနေများနှင့် မြစ်ကျိုးအင်းများအတွင်း တိုင်းရင်းငါးမျိုးနှင့် ဘဲများ မွေးမြူနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ဟိုပန်မြို့နယ် နောင်မိုကျေးရွာသို့ ရောက်ရှိပြီး ရွှေပြည်သာကျောင်းတိုက်၌ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နောင်မို၊ တောင်ပေါ်၊ အိုပင်ကျိုင်း၊ နောင်အွန်နှင့် ရွှေဝါကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်း လိုအပ်ချက်များ၊ စိမ့်စမ်းရေများမှ ရေသွယ်တန်းရရှိရေး၊ ဆိုလာမီးရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုပန်မြို့နယ် စံပြကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် မြောင်ဇီတိုင်းရင်းသားတိုင်းရင်းသူများကို တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ပြန်လည်ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် နန့်တစ်မြို့သို့ရောက်ရှိပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နန့်တစ်မြို့နယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် နမ့်တိန်ချောင်းကူး ညီနောင်တံတားနှင့် တစ်ဖက်နိုင်ငံ မိန့်တိန်မြို့ဝင်ပေါက် ချင်းရွှေဟော်မြို့နယ် နမ့်ဖာဟော်နယ်စပ်များသို့ ရောက်ရှိပြီ ဖွံ့ဖြိုးသာယာလှပနေမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လောက်ကိုင်မြို့နယ် ပါစင်ကျော်ကျေးရွာသို့ရောက်ရှိပြီး လောက်ကိုင်မြို့နယ်မှ တာရွှေတန်၊ ရွှေယင်စီး၊ ထောက်ရွှေ၊ မန်တုံပါး၊ လုံထန်၊ ကြာစိရှူးကျေးရွာအုပ်စုများ၊ ကုန်းကြမ်းမြို့နယ်မှ ရှောက်ကိုင်၊ ရှင်ဖျင်ကိုင်၊ မင်ဟွာ၊ ဆုံကန်၊ တာကုန်းကြမ်း၊ လန်ဖြီလင်ကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ တိုင်းရင်းသားကျေးရွာများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ဝင်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား တိုင်းရင်းသူများအနေဖြင့် မိမိတို့ရပ်ရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ တင်ပြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီခွဲ၌ လောက်ကိုင်မြို့သို့ ရောက်ရှိပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်နှင့် ဦးစီးအဖွဲ့ဝင်များကို တွေ့ဆုံ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု အခြေအနေများကို အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးသွင်းကုန်/ထုတ်ကုန် ကုမ္ပဏီလီမိတက် ၁၂၅ မိုင် တရုတ်ပြည်နယ်စပ်နှင့် ရန်လုံကျိုင်း နယ်စပ်စစ်ဆေးရေးဂိတ်များသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။**

(သတင်းစဉ်)

# Japan Cup ကရာတေးဒိုပြိုင်ပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၀**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကရာတေးဒိုအားကစားနည်းဖြင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရေးအတွက် ၂၀၁၄ ခုနှစ် ပဉ္စမအကြိမ်မြောက် Japan Cup ကရာတေးဒို ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Tateshi Higuchi၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော ဂျပန်ကုန်သည်ကြီးများအသင်း(ရန်ကုန်) Jccy မှ president Mr.Koji Kuroda နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီးတို့အား ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲအထိမ်းအမှတ် Trophy အား ပေးအပ်သည်။

ယနေ့ ပြိုင်ပွဲများတွင် WRF Senior တန်းပြိုင်ပွဲများ၌ တစ်ဦးချင်း (ခတ) နှင့် အသင်းလိုက်(ခတ) ပြိုင်ပွဲများ၊ ကီလိုတန်းအလိုက်(ကုမိတဲ့)ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ဗန်းမောက်၌ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ဗန်းမောက် နိုဝင်ဘာ ၂၀**

ကသာခရိုင် ဗန်းမောက်မြို့နယ် နှုန်းကောင်ကျေးရွာ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၅ နာရီခွဲက မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သိန်းထွန်းဝင်းနှင့်တပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ဒုရဲမှူး ရန်နိုင်ထွန်းနှင့်အဖွဲ့၊ မံစီကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းလင်းခိုင် ကသာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့တို့နှင့် ပူးပေါင်းပြီး သက်သေများနှင့်အတူ ဗန်းမောက်မြို့နယ် နှုန်းကောင်ကျေးရွာနေ ညဏ်ထွန်း၏ နေအိမ်ကို မူးယစ်တပ်ဖွဲ့စု(၆)ကသာ၏ မူးယစ်ဆေးဝါးရှာဖွေခွင့်ဖြင့် ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ညဏ်ထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေစဉ် ဘိန်းဖြူဟုယူဆရသောဖြူ/ဝါမှုန့် ခုနစ်ဂရမ်ခန့်ပါ အဖြူရောင်ကော်ဘူးတစ်ဘူး ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါ အမှုန့် လေးဂရမ်ပါ အဖြူရောင်ကော်ဘူးတစ်ဘူး ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါ အမှုန့် ၀ ဒသမ ၄ ဂရမ်ပါ အဖြူရောင် ကော်ဘူးတစ်ဘူး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၁၁ ဒသမ ၀၄ ဂရမ် ခန့် ကာလတန်ဖိုး ငွေကျပ် ၁၁၄၀၀၀၀ ခန့်နှင့်အတူ ညဏ်ထွန်း အမည်ပါ နိုင်ငံသားကတ်ပြားတစ်ခု မီးလောင်ကျွမ်းထားသည့် ငွေရောင်စက္ကူတစ်ခု အပြာနုရောင် ဂက်စ်မီးခြစ်တစ်လုံး ငွေစက္ကူရောရာ ၅၅၀၀၀၀ အပြာရောင် ကချင်လွယ်အိတ်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရဲအုပ်သိန်းထွန်းဝင်းက တရားလိုပြုတိုင်တန်းခဲ့ရာ မံစီကြီးနယ်မြေရဲစခန်းက အမှုဖွင့်ခဲ့ပြီး မံစီကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းလင်းခိုင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# လိုင်စင်မဲ့ယာဉ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**တာချီလိတ် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ် ရဲအုပ်စိုင်းနော်ဟိန်း ဦးစီးအဖွဲ့ ခမရ(၃၅၉)မှ ဗိုလ်အောင်ကျော်မြင့်ဦးစီးအဖွဲ့၊ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ရွှေ ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ဝမ်လုံးအုပ်စု ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်ဘက်မှ မိုင်းဆတ်ဘက်သို့ ကျထီးမောင်းနှင်ပြီး ဒါရေလ လိုက်ပါလာသည့် နံပါတ်မပါ Vigo အမျိုးအစား ခဲရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ကျထီးဝတ်ဆင်ထားသော မီးခိုးရောင်အတွင်းခံဘောင်းဘီအတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ အညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄ ပြားတစ်ထုပ်နှင့် အဖြူရောင် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်ပြားပါ တစ်ထုပ် စုစုပေါင်း ဆေးပြား ၁၂၀ အလေးချိန် ၁၂ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၃၀၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှလိုင်စင်မဲ့မော်တော်ယာဉ်နှင့် မူးယစ်ဆေးဝါးများ ကျထီး(၃၀နှစ်)အေးချမ်းကျေးရွာ မက်မန်းမြို့နယ်နေသူနှင့် ဒါရေလ(၃၀ နှစ်) ကန်နားကျေးရွာ မိုင်းဟဲအုပ်စု တာချီလိတ်မြို့နယ်နေသူတို့နှစ်ဦးကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## CLAIMS DAY NOTICE
## M.V NOCC PAMPLONA VOY:NO(7)

Consignees of cargo carried by M.V NOCC PAMPLONA VOY: NO. (7) are here by notified that the vessel will arrive on about 22-11-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V OCEAN BLUE VOY:NO(313)

Consignees of cargo carried by M.V OCEAN BLUE VOY:NO(313) are here by notified that the vessel will arrive on about 25-11-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.


No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**





ဆောင်းပါး

# အာဆီယံကုန်သွယ်ရေး၏ တံခါးပေါက်ဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးဇုန်

ဝေယံမောင်

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို အိမ်ရှင်အဖြစ် မြန်မာနိုင်ငံက အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ရာ တက်ရောက်လာခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ၏ တွေ့ဆုံညှိနှိုင်း ဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီမှုများ ထုတ်ပြန်နိုင်ခဲ့ကြပြီး အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်နိုင်စွမ်းရှိခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ယင်း အခွင့်အလမ်းကောင်းများအနက် မှတ်မှတ်ထင်ထင် သတိပြုမိသည့်အချက်မှာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ဖြစ်ပါသည်။ ထိုသို့ မှတ်မှတ်ထင်ထင် သတိပြုမိခြင်းမှာလည်း အဆိုပါ စီမံကိန်းတွင် ပါဝင်ပတ်သက် ဆောင်ရွက်ရခြင်းမျိုး ကြောင့်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ ပထမဆုံးသော အထူးစီးပွားရေးဇုန်ဖြစ်နေခြင်း၊ စာရေးသူမှာ ရေကြောင်းဆိုင်ရာလုပ်ငန်းများတွင် ဆယ်စုနှစ် နှစ်စုခန့် ကျင်လည်ခဲ့ရသဖြင့် စီးပွားရေးတိုးတက်မှုတွင် များစွာအထောက်အကူဖြစ်စေသည့် ရေနက်ဆိပ်ကမ်းများနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိခြင်း၊ ခေတ်ပြောင်းစနစ်ပြောင်း အချိန်ကာလတွင် စတင်ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်သည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို မည်မျှအထောက်အပံ့ပေးနိုင်မည်ကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်လိုခြင်းတို့ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတက ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် သီးခြားတွေ့ဆုံဆွေးနွေးရာ၌ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်းနှင့် (၁၇) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး ကျင်းပရာတွင်လည်း အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံကုန်သွယ်ရေး တံခါးပေါက်အဖြစ် အာဆီယံဒေသတစ်ခုလုံးအား အကျိုးဖြစ်ထွန်းစေနိုင်မည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံကို ရင်းနှီးမြှုပ်နှံသူအဖြစ် ပါဝင်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရှိရမှုနှင့်အတူ ယင်းစီမံကိန်းအတွက် အလားအလာကောင်းများ ပိုမိုဖြစ်ထွန်းလာပြီဟူသော အသိနှင့် ဝမ်းမြောက်ကြည်နူးမှု ဖြစ်ရပါသည်။

**အာဆီယံကုန်သွယ်ရေးတံခါးပေါက် တကယ်ဖြစ်လာမည်လား**

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေမည့် အဓိကအချက်များတွင် ရေကြောင်းကုန်သွယ်ရေးသည် အခရာ ကျလှပါသည်။ မိမိတို့နိုင်ငံအနေဖြင့် သဘာဝကပေးသော လက်ဆောင်အဖြစ် မိုင်ပေါင်း ၁၃၀၀ ကျော် အရှည်ရှိသည့် ကမ်းရိုးတန်းနယ်နိမိတ်ကို ပိုင်ဆိုင်ထားရာ ယင်းအခွင့်အလမ်းကောင်းများကို အသုံးချ၍ ရေကြောင်းကုန်သွယ်မှု ဖြစ်ထွန်း တိုးတက်လာသည် နှင့်အမျှ အဆိုပါနယ်မြေတစ်ဝိုက်သာမကဘဲ တစ်နိုင်ငံလုံးအတွက်ပါ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ကမ္ဘာ့ကုန်သွယ်ရေကြောင်းဆိုင်ရာကဏ္ဍ အထူးသဖြင့် အရှေ့အာရှဒေသတွင်းတွင် အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်အကြား ကုန်သွယ်မှုမှာ အဆမတန် တိုးတက်လာမှုနှင့်အတူ မလက္ကာရေလမ်းကြောင်း (Malacca Strait) တွင် ဖြတ်သန်းသွားရသည့် ရေယာဉ်စင်းရေမှာ များပြားလာမှုကြောင့် ရေကြောင်းကျပ်တည်းခြင်း၊ အချိန်ပိုမိုနှောင့်နှေးကြန့်ကြာလာခြင်း၊ ရေယာဉ်စင်းရေ များပြားမှုနှင့်အတူ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ် ပိုမိုကြုံတွေ့လာရနိုင်ခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်လာရပြီဖြစ်ပါသည်။

ယခုနိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်ခြင်းအားဖြင့် ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့အား ဆက်သွယ်ပေးနိုင်သည့် တံခါးပေါက်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး ကုန်စည်ပို့ဆောင်ထောက်ပံ့ရေးလမ်းကြောင်းကို အဆင်ပြေချောမွေ့စေမည်ဖြစ်ရာ မလက္ကာရေလမ်းကြောင်းကျပ်မှုကို အတိုင်းအတာတစ်ခုအထိ ကျော်လွှားနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အာဆီယံဒေသအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီး ဖြစ်ပါသည်။

စီမံကိန်းနေရာမှာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ နဘူးလယ်ဒေသဖြစ်ပြီး ထားဝယ်မြို့၏ အနောက်မြောက်ဘက် ၁၇ မိုင်အကွာတွင် တည်ရှိပါသည်။ ရေကြောင်းဆိုင်ရာ အချက်အလက်များအရ ယင်းနေရာတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်သည့်အခြေအနေရှိခြင်း၊ ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် မြေနေရာအကျယ်အဝန်း လုံလောက်ခြင်း၊ အနောက်ဘက်တွင် မော့စကော့ကျွန်းများ (Moscos Islands) တည်ရှိသဖြင့် ရေယာဉ်များအတွက် ရာသီဥတုဆိုးရွားမှုမှ အကာအကွယ်ရရှိနိုင်ခြင်း၊ မြန်မာ-ထိုင်းနယ်စပ်နှင့် ကီလိုမီတာ ၁၄၀ ခန့်သာ ကွာဝေးသဖြင့် သယ်ယူပို့ဆောင်ရေးလမ်းမကြီးအဖြစ် ဖောက်လုပ်နိုင်သည့် အနေအထားရှိခြင်း၊ ရေချိုရရှိနိုင်ခြင်း စသည်တို့ကြောင့် အထူးစီးပွားရေးဇုန် တည်ဆောက်နိုင်သည့် အခြေခံအချက်အလက်များနှင့် ပြည့်စုံကာ အလားအလာကောင်းသောနေရာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။



ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ

**စီမံကိန်း စတင်ရန် ကြံစည်**

၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့သည် စီမံကိန်း၏ မူလဘူတ အဦးအစဟု သတ်မှတ်ရမည်ဖြစ်ပြီး ယင်းနေ့တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား စီမံကိန်းနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံ အီတာလျံ-ထိုင်းကုမ္ပဏီတို့သည် ဇွန်လ ၁၂ ရက်နေ့တွင် နားလည်မှုစာချွန်လွှာအားလည်းကောင်း၊ ထို့နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် မူဘောင်သဘောတူစာချုပ် (Framework Agreement) အားလည်းကောင်း ချုပ်ဆိုနိုင်ခဲ့ပါသည်။

**ထင်တိုင်းမပေါက် နှောင့်နှေးကြန့်ကြာ**

လျာထားမှုများအရ စီမံကိန်းအဆင့် (၁)တွင် ရေနက်ဆိပ်ကမ်း (အဆင့်-၁)၊ မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး (အဆင့်-၁)၊ စက်မှုဇုန်များ၊ အလုပ်ရုံများ၊ စီးပွားရေးအဆောက်အအုံများ၊ လူနေအိမ်ရာများ၊ ဆေးရုံ၊ ကျောင်းနှင့် ဈေးစသည့် လူမှုရေးဆိုင်ရာ အဆောက်အအုံများ ပါဝင်ပြီး ယင်းကို အကောင်အထည်ဖော်နိုင်ရန် ထိုစဉ်က တွက်ချက်မှုများအရ အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းကြပါသည်။ စီမံကိန်းမှာ လုပ်ငန်းပမာဏ လွန်စွာကြီးမားပြီး ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်လှပေရာ ရင်းနှီးမြှုပ်နှံသူအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အောက်ပါအခက်အခဲများကြောင့် လျာထားချက်အတိုင်း မဆောင်ရွက်နိုင်ခဲ့ဘဲ နှောင့်နှေးကြန့်ကြာခဲ့ရပါသည် -

(၁) ပမာဏကြီးမားပြီး ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်သောစီမံကိန်းကို တစ်ခုတည်းသော ပုဂ္ဂလိကလုပ်ငန်းသို့ အပ်နှံဆောင်ရွက်ခြင်းမျိုးဖြစ်နေခြင်း၊

(၂) သာမန်အားဖြင့် နိုင်ငံခြားအစိုးရ (သို့မဟုတ်) နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများက ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများသို့ ဉာဏ်မျှများပြားသော ချေးငွေပေးလေ့ပေးထ မရှိခြင်း၊

(၃) အစိုးရများ၏ ကျောထောက်နောက်ခံ အပြည့်အဝ ရရှိထားခြင်းမရှိသော ကုမ္ပဏီများသို့ အခြားပုဂ္ဂလိကကဏ္ဍမှ ငွေကြေးထည့်ဝင်နိုင်ဖွယ်ရာမရှိခြင်း၊

(၄) အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုမှာ ရွှေ့ဆိုင်းထားသည်ဟု ဆိုသော်လည်း အပြီးသတ် ရုပ်သိမ်းမှု မရှိသေးသဖြင့် ကြီးမားစွာ ရင်းနှီးမြှုပ်နှံမည့်သူများက အရဲစွန့်ပြီး မဆောင်ရွက်လိုသေးခြင်း၊

**သက်ဆိုင်ရာအစိုးရများပါ ဝိုင်းဝန်းကူ**

အဆိုပါအခက်အခဲများကို ကျော်လွှားပြီး စီမံကိန်းလုပ်ငန်းများပိုမိုလျင်မြန်စွာ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန်မှာ သက်ဆိုင်ရာ အစိုးရများကိုယ်တိုင် ပါဝင်ပူးပေါင်း ဦးစီးဆောင်ရွက်မှုသာ ဖြစ်နိုင်မည်ကို သိရှိလာသဖြင့် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ယင်းအပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် စီမံကိန်းကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဒုတိယသမ္မတ ဦးညဏ်ထွန်းကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီကို လည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ကို လည်းကောင်း ဒုတိယဝန်ကြီးများ ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဆပ်ကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်၍ အရှိန်အဟုန်မြင့် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲအဆင့်မြင့်ကော်မတီ (Joint High Level Committee-JHC)နှင့် ပူးတွဲလုပ်ငန်းကော်မတီ(Joint Coordination Committee-JCC) တို့အား ဖွဲ့စည်းခဲ့ပြီး ပူးတွဲအဆင့်မြင့်ကော်မတီတွင် မြန်မာဘက်မှ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ထိုင်းဘက်မှ ဒုတိယဝန်ကြီးချုပ်တို့က ပူးတွဲဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပူးတွဲလုပ်ငန်းကော်မတီတွင် မြန်မာဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းဘက်မှ ဝန်ကြီးချုပ်ရုံးဝန်ကြီးတို့က ပူးတွဲဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့ကြပြီး အစည်းအဝေးများ ပြုလုပ်ခဲ့ကြပါသည်။

**ညှိနှိုင်းဆွေးနွေးမှုမှ အကောင်အထည်ဖော်မှုဆီသို့**

ညှိနှိုင်းဆွေးနွေးမှုများအရ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းများကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အထူးဆောင်ရွက်ပေးမည့် ပင်မကုမ္ပဏီ (Special Purpose Vehicle-SPV) ကို မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းသွားရန် ဆောင်ရွက်ခဲ့ကြပါသည်။

ပင်မကုမ္ပဏီ (၁) မှာ ကနဦးအနေဖြင့် ထိုင်းနိုင်ငံတွင် ဖွဲ့စည်းထားပြီး ၎င်း၏တာဝန်များမှာ အဓိကအားဖြင့် နိုင်ငံတကာ ချေးငွေများ ရှာဖွေခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ရှာဖွေခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း သက်ဆိုင်ရာ စီမံကိန်းအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ကဏ္ဍအလိုက်သဘောတူညီမှုများကို ညှိနှိုင်းပေးခြင်းနှင့် နိုင်ငံတကာ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်တို့ဖြစ်ကြောင်း သိရှိရပါသည်။

**ပင်မကုမ္ပဏီ (၁)ကို ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ခြင်းအားဖြင့် ရရှိနိုင်သော အကျိုးများ**

ပင်မကုမ္ပဏီ (၁) ကို ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ခြင်းအားဖြင့် စီမံကိန်းချေးငွေ ရှာဖွေရန် ပိုမိုလွယ်ကူမည်ဖြစ်ပါသည်။ ယင်းကုမ္ပဏီကို နှစ်အနည်းငယ်အတွင်း အများပိုင်ကုမ္ပဏီအဖြစ် အသွင်ကူးပြောင်းပြီး ထိုင်းနိုင်ငံ၏ ငွေကြေးဈေးကွက်တွင် ရှယ်ယာများရောင်းချခြင်းဖြင့် အရင်းအနှီးများ ပိုမိုရရှိနိုင်မည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာချိန်၌ Dual Listing ပြုလုပ်၍ မြန်မာနိုင်ငံအတွင်း၌လည်း စတော့ရှယ်ယာများရောင်းချနိုင်ရေးကို ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ ပင်မကုမ္ပဏီ (၁)နှင့် လက်တွေ့လုပ်ဆောင်ပေးမည့် ကိုယ်ခွဲအထူးလုပ်ငန်းကုမ္ပဏီ (100% Subsidiary Company) ဖြစ်သည့် ပင်မကုမ္ပဏီ (၂) (SPV-2) ကို မှတ်ပုံတင်ဖွဲ့စည်းသွားရန် လျာထားခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဖွဲ့စည်းရမည့် ပင်မကုမ္ပဏီ (၁) ကို ထိုင်းနိုင်ငံတွင် ဖွဲ့စည်းနိုင်ရေးအတွက် ရှယ်ယာရှင်များ သဘောတူစာချုပ်နှင့် သင်းဖွဲ့စည်းမျဉ်းတို့အား ၂၀၁၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြပြီး ရှယ်ယာရှင်များ သဘောတူစာချုပ်အရ မြန်မာနှင့် ထိုင်းအဖွဲ့များအနေဖြင့် ရှယ်ယာ ၅၀ ရာခိုင်နှုန်းစီ ညီတူညီမျှ ပိုင်ဆိုင်ကြမည်ဖြစ်ပါသည်။ ပင်မကုမ္ပဏီ(၁) (SPV-1)ကို ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်ဟု အမည်ပေးခဲ့ပါသည်။

**စီမံကိန်း၏ ဧရိယာနယ်နိမိတ်**

၂၀၁၂ ခုနှစ် မတ်လတွင် မူလ ထုတ်ပြန်ကြေညာချက်အရ စီမံကိန်းနယ်နိမိတ်မှာ အကျယ်အဝန်းအားဖြင့် ၂၀၄ ဒသမ ၅၁ စတုရန်းကီလိုမီတာ ၅၀၅၃၅ ဧကဖြစ်ပြီး လူနေကျေးရွာ ၁၆ ရွာ ပါဝင်နေပါသည်။ ထို့ကြောင့် ဒေသခံများ၏ အခက်အခဲများကို အတတ်နိုင်ဆုံး လျှော့နည်းစေရန် စီမံကိန်းနယ်နိမိတ်အား ပြန်လည်သုံးသပ်ကာ လူနေအိမ်ခြေများပြီး ရွှေ့ပြောင်းရခက်ခဲနိုင်သည့် ရွာများကို ချန်လှပ်၍ မြောက်ဘက်ခြမ်း လူနေအိမ်ခြေအလွန်နည်းပါးသည့် နေရာများကို အစားထိုးပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ပြင်ဆင်သတ်မှတ်ခဲ့ရာ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ၁၉၆ စတုရန်းကီလိုမီတာ ၄၈၄၃၂ ဧကသာ ရှိတော့ပြီး လူနေကျေးရွာ ခြောက်ရွာသာ စီမံကိန်းဧရိယာအတွင်း ပါဝင်တော့မည် ဖြစ်ပါသည်။ မူလကျေးရွာ ၁၆ ရွာ (အစား) လူနေအိမ်ခြေနည်းပါးပြီး ပြောင်းရွှေ့ပေးရန် ပိုမိုအဆင်ပြေနိုင်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒက်၊ မူဒူး၊ ခမောက်ချောင်းနှင့် ဝက်ချောင်းကျေးရွာ ခြောက်ရွာသာ ပါဝင်တော့မည် ဖြစ်ပါသည်။ ယင်းဒေသနေပြည်သူများ၏ လက်ရှိလူနေမှုဘဝ ဖူလုံမှုတရေးအပြင် ဘဝနောင်ရေးကိုလည်း အခြေမပျက် ဆက်လက်လုပ်ဆောင်သွားနိုင်ရေး စီမံမှုများကို စီမံကိန်းတွင် အလိုအလျောက်ပါဝင်ပြီးဖြစ်သည်ဟု ဆိုပါသည်။

**ပုံစံအသစ်ဖြင့် ပြောင်းလဲဆောင်ရွက်**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအား ပုံစံအသစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေး၌ အောက်ပါစာချုပ် သုံးခုအား လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်-

(၁) ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသည့် မူဘောင်သဘောတူစာချုပ်၊

(၂) ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် အီတာလျံ - ထိုင်း ကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသည့် သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ၊

(၃) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီလီမိတက်တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မူဘောင်သဘောတူစာချုပ်အား ရပ်ဆိုင်းသည့် သဘောတူစာချုပ်၊

**အဆင့်(၂)ဆင့် ခွဲခြားသတ်မှတ်**

အသစ်ချုပ်ဆိုလိုက်သည့် မူဘောင်သဘောတူစာချုပ်အရ စီမံကိန်းလုပ်ငန်းများအား အလျင်အမြန်အကောင်အထည်ဖော်ခြင်းဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ရရှိစေနိုင်မည်ဖြစ်ရာ ထိုရည်ရွယ်ချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအား ပင်မစီမံကိန်း (Full Phase Project)နှင့် ကနဦးစီမံကိန်း(Initial Phase Project) ဟူ၍ အဆင့်(၂)ဆင့် ခွဲခြားသတ်မှတ်ခဲ့ပါသည်။ ***ဆက်လက်ဖော်ပြပါမည်***

## လွှတ်တော်ရေးရာကဏ္ဍ

■ *ပြည်ထောင်စုလွှတ်တော်မှ*

**တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦး**က နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးနှင့် စီမံကိန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲအပ်ပေးပါက တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဥပဒေအမျိုးမျိုးပေါ်ထွန်းလာကာ ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ပြီး စည်းလုံးညီညွတ်မှုများ ပျက်ပြားလာနိုင်သည့်အတွက် မူလအတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း၊ တပ်မတော်သားကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ရေရှည်အကျိုးစီးပွားအတွက် လက်ရှိအခြေအနေအရ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် ဥပဒေများကို ပြင်ဆင်ရန်နှင့် မပြင်သင့် မပြင်ထိုက်သည့် ဥပဒေများကို မူလအတိုင်းထားရှိရန် ဆွေးနွေးတင်ပြခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း**က အခြေခံဥပဒေ တစ်ရပ်သည် ရှင်းလင်းလွယ်ကူပြီး ပြည်သူများ သဘောပေါက်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများက ဥပဒေသဘောတရားများကို သိရှိနားလည်ပြီး ဥပဒေကိုလေးစားလိုက်နာကြမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုများ လျင်လျင်မြန်မြန်ဖြစ်ပေါ်လာပြီး တိုင်းပြည်တည်ငြိမ်တိုးတက်မှုသည်လည်း လွယ်ကူမြန်ဆန်လာမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှနိုင်**က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် အကြံပြုချက်များ တောင်းခံချိန်တွင် တပ်မတော်အနေဖြင့် ပုဒ်မ(၁၅)ခု၊ ပုဒ်မခွဲ(၂) ခုနှင့် ပြည်ထောင်စုဥပဒေပြုစာရင်းမှ အချက် ၃၉ ချက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပူးတွဲဥပဒေပြုနိုင်ရေးအတွက် အကြံပြုချက်များ ပေးပို့ခဲ့ပါကြောင်းဖြင့် ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန်**က နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ညှိနှိုင်းဆွေးနွေးအဖြေရှာသွားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် စိန်ခေါ်မှုများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေသကဲ့သို့ မမျှော်မှန်းနိုင်သည့် အတားအဆီးများလည်း ရှိနိုင်ပါကြောင်း၊ ပုဒ်မ ၄၃၆ နှင့်ပတ်သက်၍ အဘက်ဘက်က ချင့်ချိန်စဉ်းစားသုံးသပ်၍ တစ်နည်းနည်းဖြင့် ပြင်ဆင်နိုင်ရန် လမ်းဖွင့်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာကို နိုဝင်ဘာ ၁၃ ရက်တွင် စတင်ဆွေးနွေးခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ဆွေးနွေးမှုအားလုံးပြီးစီးရန် လျာထားသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အများပြည်သူကြည့်ရှုရန်နေရာများသို့ DVB-T2 Set-top Box များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ **"ကျောက်ကပ်အစားထိုးကုသမှုခံယူရန် လိုအပ်သည့် လူနာများအတွက် လူနာ၏ အမိအဖ၊ ညီအစ်ကိုမောင်နှမ ရင်းချာသာမက tissue အမျိုးအစားတူသူ၊ သင့်လျော်သူတို့ကို လှူဒါန်းခွင့်ပြုရန် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာကိစ္စတွင် ဦးနှောက်သေဆုံးသူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းနှင့် သက်ရှိထင်ရှားရှိသူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဒေါက်တာဝင်းမြင့်



ရွှေဘိုမဲဆန္ဒနယ်မှ
ဒေါက်တာအောင်သန်း

ဦးနှောက်သေဆုံးသူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းတွင် tissue typing နှင့် အခြားဓာတ်များ ကိုက်ညီမှုရှိ/မရှိ စစ်ဆေး၍ကိုက်ညီမှုရှိပါက အစားထိုးကုသပေးနိုင်သော်လည်း သက်ရှိထင်ရှားရှိသူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းတွင်မူ လူသားတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်မှု၊ မသမာသောနည်းများဖြင့် ရယူမှုများ မဖြစ်နိုင်စေရန် ရည်ရွယ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကို အသစ်ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ "ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ" တွင် ကျောက်ကပ်လှူဒါန်းခြင်း တစ်ခုတည်းသာမက အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများကိုပါ လှူဒါန်းခွင့်ရနိုင်ရေးနှင့် အမှန်တကယ်လှူဒါန်းခွင့်ရှိသူများအားလုံး လှူဒါန်းခွင့်ရရှိနိုင်ရေးတို့ကို ဆွေးနွေးရေးဆွဲလျက်ရှိပါကြောင်း၊ "ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ" ကို ကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များနှင့် အခြားသက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဆွေးနွေးရေးဆွဲမှုမှာ အားလုံးပြီးစီးပြီဖြစ်ပါ၍ နောက်ဆုံးအကြိမ်အသေးစိတ်ဆွေးနွေးမှုပြုလုပ်ပြီးက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၏ **"ဒီဂျစ်တယ်စနစ်သုံး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံမည်မျှရှိပြီး ဒီဂျစ်တယ်တီဗွီအစီအစဉ်ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ကြားခံစက်များ အခမဲ့ဖြန့်ဝေပြီးစီးမှုကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးက ပထမအဆင့်အနေဖြင့် စက်ရုံကြီး (၃)ရုံဖြစ်သည့် ရန်ကုန်၊ စစ်ကိုင်း (မန္တလေး)နှင့် နေပြည်တော် (ပျဉ်းမနား)တို့တွင် Digital DVB-T2 သို့ အသွင်ကူးပြောင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ စတင်ထုတ်လွှင့်ခဲ့ပါကြောင်း၊ အဆိုပါစက်ရုံများမှ Digital ရုပ်သံလိုင်းများဖြစ်သည့် MRTV၊ NRC၊ လွှတ်တော်၊ Farmer၊ MI နှင့် Reader Channel စသည့် ရုပ်သံလိုင်းခြောက်လိုင်းကို ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် မြို့ကြီးများရှိ စက်ရုံ ၂၂ ရုံကို Digital စနစ်သို့ ပြောင်းလဲတပ်ဆင်ပြီးဖြစ်ပါကြောင်း၊ တတိယအဆင့်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၆၈ ရုံတွင် Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်နိုင်ရေးအတွက် စက်ပစ္စည်းများ ဝယ်ယူပြီးဖြစ်ပါကြောင်း၊ ယင်းတို့အနက် အချို့ရောက်ရှိပြီးဖြစ်ရာ လွှင့်စက်များ တပ်ဆင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စတုတ္ထအဆင့်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်ရုံ ၁၀၀၊ ပဉ္စမအဆင့်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စက်ရုံ ၅၆ ရုံတို့ကို Digital စနစ်သို့ ကူးပြောင်းရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ Digital စနစ်သို့ ပြောင်းလဲပြီး ၂၅ ရုံနှင့် ပြောင်းလဲရန် ဆောင်ရွက်ဆဲ ၆၈ ရုံရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် Digital စနစ် ရုပ်သံလိုင်းများကို အခမဲ့ကြည့်ရှုနိုင်ရန် လူနေမှုအဆင့် (E) ရှိသည့် အိမ်ထောင်စုများနှင့် Community အဖွဲ့အစည်းများဖြစ်သည့် စီးပွားဖြစ်မဟုတ်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ လူအိုရုံ၊ စာကြည့်တိုက်၊ သာရေး/နာရေး လူမှုရေးအသင်းများနှင့် အများပြည်သူကြည့်ရှုရန် နေရာများသို့ DVB-T2 Set-top Box များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ယခုအချိန်အထိ Set-top Box (ကြားခံစက်) အခမဲ့ဖြန့်ဝေလှူဒါန်းမှုအခြေအနေမှာ လူမှုအဆင့်(E)ရှိ အိမ်ထောင်စုများအတွက် ၂၆၅၁၈၄ လုံး၊ Community များအတွက် အလုံး ၃၉၇၆၀ စုစုပေါင်း ၃၀၄၉၄၄ လုံး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဘဏ္ဍာရေးနှစ်အလိုက် ပြည့်မီအောင် ဆောင်ရွက်နေ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး လျှပ်စစ်မီးရရှိရေးနှင့် ပြည်ထဲရေးဆိုင်ရာ မေးခွန်း(၆)ခုမေးမြန်းဖြေကြားခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **"ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကံသာယာကျေးရွာရှိ လူနေအိမ်ခြေများအား ဂရန်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါကျေးရွာသည် စားကျက်မြေအတွင်း ရှိပြီး နေအိမ်များ စုဖွဲ့နေထိုင်ရာမှ မူလဂိတ်ကုန်းရွာနှင့် ပေါင်းစည်းပြီး ဂိတ်ကုန်းကျေးရွာအမည်ပျောက်ကာ ကံသာယာကျေးရွာဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ပါကြောင်း။

စားကျက်မြေမှ ပယ်ဖျက်ပြီး ကျေးရွာမြေအဖြစ် သတ်မှတ်နိုင်ရေးအတွက် တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ စားကျက်မြေပယ်ဖျက်ခွင့် အမှုတွဲဖွင့်လှစ်တင်ပြရမည်ဖြစ်ပါကြောင်း၊ စားကျက်မြေပယ်ဖျက်ခွင့်ကျပြီးပါက ကျေးရွာအဖြစ် ပြင်ဆင်ဖွဲ့စည်းနိုင်ရေးနှင့် ပြည်ထဲရေးအမည်ပေါက် ဂိတ်ကုန်းကျေးရွာအစား ကံသာယာကျေးရွာအဖြစ် အမည်ပြောင်းလဲနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြသွားရမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်ပေါက်ကျေးရွာဖြစ်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးပါက ဂရန်ရရှိရေး ဆက်လက်လျှောက်ထားသွားရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှဝင်းအောင်၏ **"မြန်မာနိုင်ငံအတွင်း မီးလောင်ကျွမ်းမှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊ နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကျင်းပခြင်းနှင့် ခေတ်မီအီလက်ထရောနစ် နည်းပညာပစ္စည်းများ တပ်ဆင်သုံးစွဲရေးတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ရဟတ်ယာဉ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် လေ့ကျင့်ရေးဌာနစုတို့တွင် ရဟတ်ယာဉ် ပုံစံတူဖြင့် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် မီးသတ်တပ်ဖွဲ့ဝင်အင်အား တိုးချဲ့ဖွဲ့စည်းခြင်း၊ မီးသတ်ယာဉ်မျိုးစုံကို ဖွဲ့စည်းပုံပြည့်မီအောင်ဖြည့်တင်းခြင်း၊ သက်တမ်းလွန်မီးသတ်ယာဉ်များ အစားထိုးဖြည့်တင်းခြင်း၊ မီးသတ်စခန်းများနှင့်ဝန်ထမ်းနေအိမ်များဖြည့်တင်းခြင်း၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ပြည့်မီအောင် ဆောင်ရွက်နေရပါကြောင်း၊ ထို့ကြောင့် မီးငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်သည့် ရဟတ်ယာဉ်များ ဝယ်ယူမည့်အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။



တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးကြီး လှဝင်းအောင်



ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)
မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၏ **"ရခိုင်ပြည်နယ်တွင် မူးယစ်ထုံထိုင်းနှင့် စိတ်ကိုရူးသွပ်စေတတ်သောဆေးများ ရောင်းဝယ်မှုအလွန်အမင်း မြင့်မားနေခြင်းကို ပညာပေးတားဆီး နှိမ်နင်းသွားမည့်အစီအမံများ မည်ကဲ့သို့လုပ်ဆောင်ထားရှိသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မူးယစ်တပ်ဖွဲ့စု(၃)ဖွဲ့ဖြင့် ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ ၂၀၁၃ ခုနှစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးမှု ၃၄ မှု၊ ဆေးပြား ၂၇၉၂၉၇ ပြား၊ ဆေးခြောက်ဖမ်းဆီးမှု (၈)မှု၊ ၀ ဒသမ ၂၉၇၁ ကီလို အပါအဝင် မူးယစ်ဆေးဝါးအမှုပေါင်း

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

## ပြည်တွင်းသတင်း

**✻ ရှေ့ဖုံးမှ**

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးကို လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ (GNI per capita)၊ လူသားအရင်းအနှီး ညွှန်းကိန်း (Human Asset Index-HAI)၊ စီးပွားရေးထိခိုက်လွယ်မှု အညွှန်းကိန်း (Economic Vulnerability Index-EVI ) စသည့် စံသတ်မှတ်ချက် သုံးချက်ဖြင့် ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC)၏ အထောက်အကူပြု အဖွဲ့ဖြစ်သော ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာကော်မတီ (CDP) မှ စိစစ် သုံးသပ်ပါကြောင်း။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းဝင်နိုင်ငံတစ်နိုင်ငံသည် သုံးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်သည့် အစည်းအဝေးတွင်စံနှုန်း သုံးခုအနက် မည်သည့်စံနှုန်း နှစ်ခုမဆို နှစ်ကြိမ်ဆက်တိုက်ပြည့်မီပါက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်မည်ဟု ယေဘုယျသတ်မှတ်ထားပါကြောင်း။

ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ အစီရင်ခံစာ ၂၀၁၃ ၌ ဖော်ပြပါရှိသော မြန်မာနိုင်ငံ၏ ညွှန်းကိန်းများအရ ၂၀၁၂ သုံးသပ်ချက်တွင် သတ်မှတ်ခဲ့သော လွတ်မြောက်ရေးစံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ပါက တစ်ဦးကျဝင်ငွေ သတ်မှတ်ချက်ပြည့်မီရန် လက်တစ်ကမ်းသာ လိုအပ်တော့ပါကြောင်း။

ကဏ္ဍစုံတိုးတက်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်၍ တစ်ဦးကျဝင်ငွေနှုန်း မြင့်တက်လာပြီး သတ်မှတ်ချက်ပြည့်မီသွားမည်ဟုမျှော်မှန်းပါကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ ညွှန်းကိန်းများပါဝင်သည့် လူသားအရင်းအနှီး ညွှန်းကိန်းတွင် သတ်မှတ်ချက်များကို ကျော်လွန်နေပြီဖြစ်သော်လည်း တိုးတက်မှု ဆက်လက်ထိန်းသိမ်းသွားရန် ဖြစ်ပါကြောင်း၊ စီးပွားရေး ထိခိုက်လွယ်မှု အညွှန်းကိန်း သတ်မှတ်ချက်ပြည့်မီရန်မှု လိုအပ်ချက်များရှိနေဆဲဖြစ်ပါကြောင်း။

ထုတ်လုပ်မှုအလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပြည်သူများတိုက်ရိုက် ခံစားရရှိစေမည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရည်မြင့်တင်မှု၊ လူမှုဘဝဖူလုံမှုတို့အတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအခြေခံ မူဘောင်အရ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု နည်းလမ်းဖြင့် ချဉ်းကပ်အကောင်အထည်ဖော်မှုများကို ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက အဆိုပါညွှန်းကိန်းသတ်မှတ်ချက်များကို ပြည့်မီသွားမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ဒေသအလိုက် ကဏ္ဍအလိုက်ရနိုင်သည့် အရင်းအမြစ်များကို ထိရောက်စွာ အသုံးချ၍ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်သွားကြရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းမှ လွတ်မြောက်ရေး သုံးနှစ်တစ်ကြိမ် သုံးသပ်သည့် အစည်းအဝေး ၂၀၁၅တွင် အသင့်အနေအထားရောက်ရှိ စေရေးအတွက် တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ၊ လူသားအရင်းအနှီး ညွှန်းကိန်းဆိုင်ရာ ဆပ်ကော်မတီ၊ စီးပွားရေးထိခိုက်လွယ်မှုဆိုင်ရာ ဆပ်ကော်မတီနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီလေးခုဖွဲ့စည်းပြီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာကော်မတီ အနေဖြင့် အညွှန်းကိန်းများ (Indicators) ရွေးချယ်သတ်မှတ်ရာတွင် စာရင်းအင်းအချက် အလက်များ၏ အရည်အသွေးနှင့်ဆက်နွယ်မှု၊ စာရင်းအင်း ကောက်ယူစုစည်းစိစစ်ပြုစုမှုဆိုင်ရာ ခိုင်မာတိကျမှု၊ စာရင်းအင်း အချက်အလက်များ ပြည့်ပြည့်စုံစုံနှင့် အချိန်ကာလအလိုက်ရရှိနိုင်မှုစသည်တို့အပြင် အညွှန်းကိန်းများ၏ အရည်အသွေးနှင့် ယုံကြည်အားထားရမှုကို စိစစ်အကဲဖြတ်နိုင်ရန် စာရင်းအင်းအချက်အလက်များ ထုတ်ပြန်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ပြီးအညွှန်းကိန်း တွက်ချက်ပုံတွက်ချက်နည်းများနှင့်ပတ်သက်၍လည်း ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာ ကော်မတီ၏ကျွမ်းကျင်သူအဖွဲ့က ပုံမှန်သုံးသပ်ကြပါကြောင်း။

ဆိုင်ရာဆပ်ကော်မတီအလိုက် ပြုစုတင်ပြမည့် စာရင်းအင်းကိန်းဂဏန်း ညွှန်းကိန်းများသည် ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာကော်မတီမှ စံထားလက်ခံနိုင်သည့် အရည်အသွေးမီ ညွှန်းကိန်းများ ဖြစ်ရန်အရေးကြီးပါကြောင်း။

ကုလသမဂ္ဂအေဂျင်စီများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ နည်းပညာထောက်ပံ့ကူညီမှုများ ရယူပြီး ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ပေးသည့် အချိန်ကာလတွင် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးတွင်တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကော်မတီဖွဲ့စည်းမှု၊ တစ်ဦးကျဝင်ငွေ (GNI) နှင့် (GDP) ကိန်းဂဏန်းအချက်အလက်များ တွက်ချက်ကောက်ယူနေမှု၊ အရည်အသွေးပြည့်ဝပြီး မှန်ကန်တိကျသည့်ကိန်းဂဏန်းများဆက်လက်ကောက်ယူနိုင်ရေးအတွက် နည်းပညာ ဆိုင်ရာအကူအညီများ ရရှိရေးဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အနာဂတ် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ စီးပွားရေးထိခိုက်လွယ်မှု ညွှန်းကိန်းဆိုင်ရာဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကော်မတီ ဖွဲ့စည်းမှု၊ စီးပွားရေး ထိခိုက် လွယ်မှုဆိုင်ရာ အချက်အလက်များကောက်ယူမှု၊ အညွှန်းကိန်းများ နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကုလသမဂ္ဂ နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ ရရှိရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လွတ်မြောက်ပြီး အခက်အခဲမရှိရပ်တည်နိုင်ရေးနှင့် ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဆပ်ကော်မတီဖွဲ့စည်းမှု၊ လူသားအရင်းအနှီးညွှန်းကိန်းများ တွက်ချက်ကောက်ယူနေမှု၊ အာဟာရချို့တဲ့မှု၊ အသက်(၅) နှစ်အောက်ကလေးသေဆုံးမှု၊ အလယ်တန်းနှင့် အထက်တန်းပညာအဆင့် အောင်မြင်မှုနှင့် စာတတ်မြောက်မှုဆိုင်ရာ စံနှုန်းများ နှစ်စဉ်တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများ၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အားသာချက်အားနည်းချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် သတ်မှတ်စံနှုန်းများ ပြည့်မီရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်နေမှု၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆပ်ကော်မတီများအနေဖြင့် ညွှန်းကိန်းများ၏ မူလတန်ဖိုးတွက်ချက်ပုံကို နားလည်သိရှိတတ်ကျွမ်းအောင် ဆောင်ရွက်ထားရှိရန်နှင့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သင်တန်းသားများ လာရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၂၀**

Myanmar Egress အဖွဲ့မှ တာဝန်ရှိသူ ခုနစ်ဦးနှင့် သင်တန်းသား ၄၆ ဦးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးသို့လာရောက် လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးတို့က ပြည်ထောင်စုရွေးကောက်ပွဲကော် မရှင်ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ Myanmar Egress အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မိတ်ဆက်စကား ပြောကြားပြီး သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတကာ စံနှုန်းများကို လေ့လာ၍ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး မဟာဗျူဟာ စီမံကိန်းချမှတ် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှ ဆောင်ရွက်နေသော အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ ကော်မရှင် အဖွဲ့ဝင် ဦးဝင်းကိုက ကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သင်တန်းသားများက နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရာတွင် အသုံးစရိတ်ကို ကြိုတင်ကြေညာရခြင်း ရှိ/မရှိ၊ မဲဆွယ်အသုံးစရိတ် သတ်မှတ်ထားမှု ရှိ/မရှိ၊ ကော်မရှင်အနေဖြင့် ပါတီရန်ပုံငွေကို စစ်ဆေး၍ ရ/မရ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တရားမျှတမှုရှိစေရန် ဆောင်ရွက်နေမှုအခြေအနေ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ယာယီမှတ်ပုံတင် ကိုင်ဆောင်ထားသော ဘင်္ဂါလီများနှင့် အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများ မဲပေးခွင့် ရှိ/မရှိ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲရေတွက်ခြင်း၊ မဲစာရင်းသွင်းခြင်း၊ မဲရလဒ် ထုတ်ပြန်ခြင်းတို့ကို ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ထားမှုနှင့် Voter Education နှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်လိုပါက မည်ကဲ့သို့ ဆက်သွယ်ရမည်၊ ဖြန့်ဝေရမည့် အချက်အလက်များနှင့် နည်းလမ်းများကို မေးမြန်းခဲ့ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရှေ့တောင်အာရှတောင်ပေါ်သစ်တောများထိန်းသိမ်းရေးရှေ့ပြေးသရုပ်ပြစီမံကိန်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ် တောသယံဇာတအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသာမက ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်တည်ငြိမ်စေရေးနှင့်ပတ်ဝန်းကျင် အခြေအနေကောင်းများ ဖော်ဆောင်နိုင်ရေးအတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ ကျေးရွာရေထွက်ဦးများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်နိုင်ခြင်းဖြင့် ဒေသအသီးသီး၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ဒေသခံပြည်သူများအတွက်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ခင်းတည်ထောင်ခြင်း၊ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျွန်းနှင့် သစ်မာစိုက်ခင်းများ တည်ထောင်ခြင်းကို ခွင့်ပြုဆောင်ရွက်သကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးခြင်း၊ ရေတွင်း၊ ရေကန်များ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ လျာထားချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှု ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများနှင့် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၌ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေးညှိနှိုင်းပေါင်းစပ်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်ထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နောင်ချိုမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၇ရက်တွင် ရှမ်းပြည်နယ် (လားရှိုး) ၊ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ညောင်ထောက်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အဆိုပါကျေးရွာဝန်းကျင်၌ ဆောင်ရွက်လျက်ရှိသည့် ရေရှည်တည်တံ့သော သစ်တောပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဂေဟစနစ် လုံခြုံရေးအတွက် အရှေ့တောင်အာရှ တောင်ပေါ်သစ်တောများ ထိန်းသိမ်းရေး ရှေ့ပြေးသရုပ်ပြစီမံကိန်းသို့ သွားရောက်ကာစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ သုံးနိုင်ငံပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပြီး၊ အရှေ့တောင်အာရှ တောင်ပေါ်သစ်တောများ၊ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျူးကျော်တောင်ယာများ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းစဉ်နှင့် သဘာဝတော ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ၌ ပြည်သူများ ပူးပေါင်းပါဝင်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

*ပြည်သူ့လွှတ်တော်မှ*

ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် Set-top Box အလုံး ၁၀၆၀၀၀ ကို တင်ဒါစနစ်ဖြင့် ဝယ်ယူစာချုပ် ချုပ်ဆိုပြီးဖြစ်ပါကြောင်း။

ပြောင်းလဲရန် ဆောင်ရွက်ဆဲ စက်ရုံ ၆၈ရုံတွင် Digital စနစ် ပြောင်းလဲတပ်ဆင်ပြီးပါကယခု ဝယ်ယူထားသည့် Set-top Box များကို သက်ဆိုင်ရာမြို့နယ်များရှိ ပြည်သူများ သို့ ဆက်လက်၍ အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Set-top Box များကိုပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေကြီး/ပြည်နယ်အစိုးရအဖွဲ့က ၎င်းတို့အစီအစဉ်ဖြင့် ပြည်သူများသို့ တိုက်ရိုက်ဖြန့်ဝေပေးခြင်း ဖြစ်ပါကြောင်း ဖြင့် ဖြေကြားသည်။

ယင်းနောက် “၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်း”နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌက နိုင်ငံတော်အတွက် လိုအပ်လာလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့အတူ ယခုအခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမှုများ ပြုလုပ်နေပြီး ပေါ်ထွက်လာမည့် ဥပဒေကြမ်းများကို ပြည်လုံးကျွတ်ဆန္ဒခံယူရန် ဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိရန် လိုအပ်လျက်ရှိပါကြောင်း၊ ထိုဥပဒေအရ ပြည်သူ့ဆန္ဒခံယူပွဲကို စနစ်တကျ ပြုလုပ်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြပြီး ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၁ ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းရမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိထွေးက **“ရွှေဘို - မြစ်ကြီးနား - ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ပြည်ပချေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒို့တာဝန်အရေးသုံးပါးကို ရှေးရှု၍ အဆင့်မြှင့်တင်ပေးရေး အစိုးရသို့ တိုက်တွန်းကြောင်း”** အရေးကြီးအဆိုကို တင်သွင်းသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိထွေး၏ အရေးကြီးအဆိုအား သဘောတူညီပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းအဆိုအား လွှတ်တော်က အတည်ပြုကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

၄၉ မှုနှင့် တရားခံ ၉၂ ဦး၊ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးမှု (၃၇)မှု၊ ဆေးပြား ၁၀၃၆၅၆၉ ပြား၊ ဆေးခြောက်ဖမ်းဆီးမှု(၅)မှု (၀ ဒသမ ၀၅၃၅)ကီလို အပါအဝင် မူးယစ်ဆေးဝါး အမှုပေါင်း ၅၀ နှင့် တရားခံ ၆၉ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းသို့ မူးယစ်ဆေးဝါးများ ဝင်ရောက်မှုမရှိစေရေးအတွက် ပြည်နယ်အတွင်း ဝင်ထွက်ရာ လမ်းကြောင်းများတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ဒေသခံ ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မူးယစ်ဆေးဝါး တားဆီး ကာကွယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ပြည်သူ့အင်အားရယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပြည်သူလူထုနှင့် ကျောင်းသား လူငယ်များအား ပညာပေးဟောပြောခြင်း၊တားဆီး နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကို ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှ ဒေသနှင့်ကိုက်ညီသည့် ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

❊ *ကျောဖုံးမှ*

ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ စင်ကာပူအသင်းဖြစ်ပြီး မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်မှာ ၂၀၁၂ ပြိုင်ပွဲတွင် ချန်ပီယံရယူပေးခဲ့သည့် အသင်းဟောင်း စင်ကာပူအသင်းကို ပြန်လည်ရင်ဆိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များ ကျင်းပမည့် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၁၈ ရက်က ရောက်ရှိနေခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းမှာ ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံတွင် နိုဝင်ဘာ ၃ ရက် မှ ၁၇ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ကာတာကလပ် အသင်းများနှင့်ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းမှာ ဆူဇူကီးဖလားပြိုင်ပွဲတွင် အမြင့်ဆုံး စတုတ္ထနေရာသာ ရရှိခဲ့ဖူးသည်။

**အုပ်စု (က)**

**ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို**

၂၂-၁၁-၁၄ ဖိလစ်ပိုင်-လာအို
ဗီယက်နမ်-အင်ဒိုနီးရှား

၂၅-၁၁-၁၄ ဖိလစ်ပိုင်- အင်ဒိုနီးရှား
လာအို- ဗီယက်နမ်

၂၈-၁၁-၁၄ အင်ဒိုနီးရှား- လာအို
ဖိလစ်ပိုင် - ဗီယက်နမ်

**အုပ်စု (ခ)**

**စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ မြန်မာ**

၂၃-၁၁-၁၄ မလေးရှား-မြန်မာ
စင်ကာပူ-ထိုင်း

၂၆-၁၁-၁၄ ထိုင်း- မလေးရှား
မြန်မာ- စင်ကာပူ

၂၉-၁၁-၁၄ ထိုင်း- မြန်မာ
စင်ကာပူ- မလေးရှား



❊ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသမဟာထေရ် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူကြသည်။

အစီအစဉ်အရ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ယင်းနောက် အစည်းအဝေး သဘာပတိဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)က သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တင်သွင်းလျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားကြပြီး နံနက်ပိုင်းအစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရပ်နားတော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး-ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဗိုလ်ချုပ်ကြီး စိုးဝင်း-ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း) ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို-ဇနီး ဒေါ်ခင်လေးမြင့် မိသားစု- မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း) ဇနီး(ဒေါ်စမ်းစမ်းရီ)မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်ငွေ(ငြိမ်း) ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁ နာရီတွင် ပထမနေ့ အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မြို့နယ်သံဃနာယကအဖွဲ့များက တင်ပြလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေအပေါ် အကြံပေးပညာရှင်များအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

ကျွန်ုပ်တို့ အကြံပေးပညာရှင်များအဖွဲ့ကို ပညာရေးနယ်ပယ်တွင် နှံ့စပ်ကျွမ်းကျင်သူများ၊ အတွေ့အကြုံရင့်ကျက်သူများနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုသာ ဘဝတစ်လျှောက် ကိုယ်စိတ်နှစ်ပါး နှစ်မြှုပ်ကာ ဆောင်ရွက်ခဲ့ကြသူများဖြင့် ဖွဲ့စည်းထားပါသည်။ စေတနာကိုအရင်းခံကာ အမျိုးသားပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက် ရှိပါသည်။

အမျိုးသားပညာရေးဥပဒေပေါ်ပေါက်လာပုံကို ပြန်ကြည့်မည်ဆိုလျှင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ ချမှတ်နိုင်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတာဝန်ရှိသူများ၊ ဆက်နွယ်ပတ်သက်နေသူများနှင့် အဖွဲ့အစည်းများက နှီးနှောဖလှယ်ပွဲတစ်ရပ်ကို နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ယင်းနှီးနှောဖလှယ်ပွဲ၏ ရလဒ်တစ်ခုမှာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး Comprehensive Education Sector Review (CESR)ကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် လေ့လာမှုပြုရန် ဖြစ်ပါသည်။ CESR ကို ကျွန်ုပ်တို့ အကြံပေးပညာရှင်အဖွဲ့နှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်း ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်၍ CESR ကို ဆောင်ရွက်ရန် ပညာရှင်အဖွဲ့များဖွဲ့၍ သုတေသနလေ့လာမှုများ ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၁၃ခုနှစ် မတ်လတွင် သုတေသနလေ့လာချက် CESR အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာက ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်တင်ပြထားရာ ပညာရေးရည်မှန်းချက်များ၊ ပညာရေးမူဝါဒများချမှတ်ရေးနှင့် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးကို ပထမဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်တို့ အကြံပေးပညာရှင်အဖွဲ့သည် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီနှင့်အတူ ပညာရေးမူဝါဒများ ရေးဆွဲနိုင်ရေးနှင့် အမျိုးသားပညာရေးဥပဒေကြမ်းရေးဆွဲနိုင်ရေးအတွက် အချိန်ပြည့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ မြန်မာနိုင်ငံပညာရေးသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဘူးသော အမျိုးသားပညာရေးဥပဒေကို လွှတ်တော်က ပြဋ္ဌာန်းနိုင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှ ၁၇ ရက်နေ့အထိ ကျောင်းသားအချို့က အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြ သပိတ်မှောက်ခဲ့ပါသည်။ ထိုကဲ့သို့ ကန့်ကွက်ဆန္ဒပြမှုများအပေါ် မိဘနှင့် သားသမီးများသဖွယ် လွန်စွာစိတ်မချမ်းမြေ့မှု ဖြစ်ခဲ့ရပါသည်။ အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ကျောင်းသားအချို့၏ ထုတ်ပြန်ချက် ခြောက်ချက်အပေါ် ရှင်းလင်းချက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ချက်ကို ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၎င်းအမျိုးသားပညာရေးဥပဒေ၏ ဝိသေသမှာ ပညာရေးကဏ္ဍအားလုံးကို လွှမ်းခြုံသည့်သဘောရှိသည်။ ပညာရေးနှင့်ပတ်သက်သော ကဏ္ဍအသီးသီးပါဝင် ဖော်ပြထားသည်။ ၎င်းဥပဒေသည် ပညာရေးနှင့်ပတ်သက်သည့် ရည်မှန်းချက်၊ မူဝါဒနှင့် စနစ်တို့ကို ဖော်ပြထားသော ဥပဒေတစ်ရပ်ဖြစ်သည်။ ထိုဥပဒေကို အခြေပြု၍ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့်သက်မွေးပညာ၊ ဆရာအတတ်ပညာစသော ကဏ္ဍအလိုက်သီးခြားဥပဒေများကို ဆက်လက်ပြုစုပြဋ္ဌာန်းရန်နှင့် ၎င်းဥပဒေကို အကောင်အထည်ဖော်နိုင်ရန် နည်းဥပဒေကိုလည်းရေးဆွဲခြင်း၊ ကဏ္ဍအလိုက်ဥပဒေများနှင့်ပတ်သက်သော နည်းဥပဒေများနှင့် တက္ကသိုလ်အလိုက် တက္ကသိုလ်ပဋိညာဉ်စာတမ်းများကို မူလအစီအစဉ်ရှိသည့်အတိုင်း ရေးဆွဲခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါသည်။

အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားခြင်းသည် ဗဟိုချုပ်ကိုင်ရန် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ခွင့်ပြုရန်ပုံငွေရရှိရေးအတွက် တာဝန်ခံတင်ပြပေးရန်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် ပညာရေးအရည်အသွေးအာမခံမှုစနစ်နှင့် အဆင့်အတန်းသတ်မှတ်မှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်သာ ဖြစ်ပါသည်။

၎င်းဥပဒေတွင် ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သောဘဏ္ဍာငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ စီမံကိန်းဥပဒေ၊ အရအသုံးဥပဒေတို့နှင့်အညီ ရန်ပုံငွေမည်မျှခွင့်ပြုမည်ကို လွှတ်တော်ကစိစစ်အတည်ပြု၍ ဘဏ္ဍာရေးဝန်ကြီးဌာနက နှစ်စဉ်ထုတ်ပြန်သော အရအသုံးဆိုင်ရာဥပဒေတွင်သာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကြမ်းကို ကျွန်ုပ်တို့ အကြံပေးအဖွဲ့၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီနှင့် ပညာရေးဆိုင်ရာဥပဒေများ ပြုစုရေးလုပ်ငန်းအဖွဲ့တို့က ဦးဆောင်ပြီး ပညာရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ပညာရေးနှင့်ဆက်နွယ်ပတ်သက်သူများနှင့် ပညာရေးကို စိတ်ဝင်စားသူများအားလုံး ပါဝင်သည့် ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် NNER လည်း ပါဝင်ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အားလုံးဝိုင်းဝန်းပြုစုထားသော အမျိုးသားပညာရေးဥပဒေမူကြမ်းကို ပညာရေးဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း(၁၄) ခန်းနှင့် ပုဒ်မ (၈၀)ပါဝင်ပြီး ပြည်သူ့လွှတ်တော်က ၂၀၁၄ ခုနှစ် မတ်လ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ အကြိမ်ကြိမ် ဆွေးနွေးပြီး အခန်း (၁၄)ခန်းနှင့် ပုဒ်မ (၆၉)ချက်ပါဝင်သော အမျိုးသားပညာရေးဥပဒေကြမ်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ယခုကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်သည့်အတွက် ဒီမိုကရေစီအလေ့အကျင့်များစွာ လိုအပ်နေပါသည်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လူတိုင်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးမှသာလျှင် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ ကူးပြောင်းနိုင်မည် ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးမည်ဆိုပါက အကြံပေးပညာရှင်အဖွဲ့ အပါအဝင် ပညာရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ဆွေးနွေးရန် လိုအပ်မည် ဖြစ်ပါသည်။ ဥပဒေပြုစုရေးနှင့် ဥပဒေပြင်ဆင်ရေးကိစ္စများမှာ လွှတ်တော်နှစ်ရပ်၏ ဆောင်ရွက်ရမည့် တာဝန်များဖြစ်သဖြင့် လွှတ်တော်များက လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ပညာရေးအကြံပေးပညာရှင်များအဖွဲ့**

ပြည်တွင်းသတင်း

# လမ်းဖောက်လုပ်နေသည့်စစ်သည်နှင့် မြေထိုးယာဉ်အား ကေအိုင်အေအဖွဲ့က လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် လုံခြုံရေးလိုက်ပါနေသော တပ်မတော်စစ်ကြောင်းက ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ ကေအိုင်အေစခန်းအတွင်း ကျရောက်ပေါက်ကွဲသဖြင့် ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း သိရှိရ

နေပြည်တော် နိုဝင်ဘာ ၂၀

**တပ်မတော်အနေဖြင့် ပုံမှန်လုပ်ငန်းစဉ်ဖြစ်သော လုံခြုံရေးတာဝန်များလဲလှယ်ခြင်း၊ ရိက္ခာပို့ဆောင်ရေးလမ်းကြောင်းများ ပြုပြင်ဖောက်လုပ်ခြင်းတို့ကို သက်ဆိုင်ရာနယ်မြေမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ အခါအားလျော်စွာ ကြိုတင်အသိပေးခြင်း၊ ပုံမှန်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ထိုသို့ လုပ်ဆောင်ခဲ့သော်လည်း ကေအိုင်အေ(ကချင်)အဖွဲ့သည် ဇွန် ၁ ရက်၊ စက်တင်ဘာ ၁၃ ရက်နှင့် ၂၆ ရက်၊ အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ လွယ်ရင်းကျေးရွာအနီးရှိ တပ်မတော်စခန်းများကို လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့မှုများရှိခဲ့သဖြင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့(ကေအိုင်အို)သို့ အကြိမ်ကြိမ်အကြောင်းကြား သတိပေး ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

နိုဝင်ဘာ ၁၆ ရက်တွင်လည်း ကချင်ပြည်နယ် မန်စီမြို့နယ် ပလောင်ဒိန်ဆာကျေးရွာအနီး နယ်မြေလုံခြုံရေးအတွက် ပုံမှန်တာဝန်လဲလှယ်ရန် တပ်မတော်စစ်ကြောင်း ချီတက်နေစဉ် လမ်ဘေးတောင်ကုန်းမှ အသင့်စောင့်ဆိုင်းနေသော ကေအိုင်အေအဖွဲ့တစ်ဖွဲ့က စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်မှ စစ်သည်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တပ်မတော်က မြစ်ကြီးနားမြို့ရှိ ပဋိပက္ခ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့မှ တစ်ဆင့် ကေအိုင်အေအဖွဲ့ထံ သတိပေး အကြောင်းကြားခဲ့သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ထွက်ခွာစဉ် အဆိုပါစစ်ကြောင်း မဂျီဂွမ်ကျေးရွာအနီး အရောက်အင်အား ၈၀ ခန့်ရှိ ကေအိုင်အေအဖွဲ့က အရပ်မျက်နှာအသီးသီးမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သည်တစ်ဦး ထပ်မံဒဏ်ရာရခဲ့သည်။

သို့ဖြစ်ရာ မိမိဘက်မှ စတင်ပစ်ခတ်တိုက်ခိုက်မှု မဖြစ်ပွားစေရန် အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်လုပ်ဆောင်၍ ထာဝရငြိမ်းချမ်းမှုရရှိစေရေး၊ ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်စေရေးနှင့် အထက်ပါလုပ်ရပ်များ ထပ်မံမဖြစ်ပွားစေရေးတို့အတွက် လက်အောက်ခံတပ်ဖွဲ့ဝင်များသို့ ထိန်းသိမ်းကြပ်မတ်နိုင်ရန် ပြည်နယ်ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့မှတစ်ဆင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့ (ကေအိုင်အို)ထံ နိုဝင်ဘာ ၁၈ ရက်တွင် ထပ်မံအကြောင်းကြားခဲ့သည့်အပြင် နယ်မြေခံလူပ်ရှား စစ်ကြောင်းကလည်း နယ်မြေအတွင်း ပုံမှန်ရိက္ခာတင်ပို့ရန် လမ်းကြောင်းဖောက်လုပ်နေမှုအပေါ် နှောင့်ယှက်ပစ်ခတ်မှုမပြုရေးနှင့် နှောင့်ယှက်လာပါက လိုအပ်သလို တန်ပြန်အရေးယူဆောင်ရွက်သွားမည်ဟု အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

သို့သော် ကေအိုင်အေအဖွဲ့အနေဖြင့် နိုဝင်ဘာ ၁၉ ရက်နံနက် ၁၁ နာရီခန့်တွင် တပ်မတော်မှ ပုံမှန်ပြုလုပ်ဆောင်ရွက်မှုဖြစ်သည့် ရိက္ခာပို့ဆောင်ရေးလမ်းကြောင်းအတွက် ဆမားလမ်းခွဲ-ဂဂမ်လမ်းပိုင်း လမ်းဖောက်လုပ်နေသော စစ်သည်နှင့် မြေထိုးယာဉ်အား လက်နက်ကြီးများဖြင့် ထပ်မံလာရောက်ပစ်ခတ်ခဲ့ရာ လုံခြုံရေးလိုက်ပါနေသော တပ်မတော်စစ်ကြောင်းက ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ရကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ဒေသခံပြည်သူများလုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သော နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ လုံခြုံရေးတာဝန်လဲလှယ်မှု ဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအား နှောင့်ယှက်မှုများမလုပ်ရန် အကြိမ်ကြိမ် ဆက်သွယ်သတိပေးခဲ့သော်လည်း ကေအိုင်အေအဖွဲ့အနေဖြင့် လက်အောက်အဖွဲ့များအား ထိန်းသိမ်းကြပ်မတ်မှုမရှိဘဲ ဒေသအတွင်း စစ်ရှိန်မြင့်မားစေသော လုပ်ရပ်များ တိုးမြင့်လုပ်ဆောင်လာသဖြင့် အဆိုပါဖြစ်စဉ်နှင့်တစ်ပြိုင်နက် တပ်စခန်းမှ လက်နက်ကြီးဖြင့် တန်ပြန်သတိပေးပစ်ခတ်မှုပြုလုပ်ရာ ကေအိုင်အေစခန်းအတွင်း ကျရောက်ပေါက်ကွဲ၍ ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နေမှုကို အာမခံနိုင်မည့်နိုင်ငံရေးသဘောတူညီချက်များ ထွက်ပေါ်လာစေရေး၊ ဒေသအတွင်းစစ်ရှိန်လျှော့ချရေးနှင့် တိုက်ပွဲများ ထပ်မံမဖြစ်ပွားစေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)၊ တစ်တိုင်းပြည်လုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (NCCT) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်ကလည်း တပ်မတော်အနေဖြင့် တိုင်းပြည် ကာကွယ်ရေးလုပ်ငန်းစဉ်အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်းနှင့် အထောက်အကူလမ်းဖောက်လုပ်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ကေအိုင်အေအဖွဲ့အနေဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် စစ်ကြောင်းများအား ချောင်းမြောင်း တိုက်ခိုက်ခြင်း၊ လမ်းဖောက်လုပ်သော စစ်သည်၊ ဝန်ထမ်းများအား နှောင့်ယှက်တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခြင်းမရှိစေရေး သတိပေး အကြောင်းကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

❒ *ကျောဖုံးမှ*

အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း ၁၉ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်း၊ ဇရပ်အဆောင် ၂၀ ၊ ဓမ္မာရုံသုံးရုံ၊ အာရုံခံတန်ဆောင်းငါးခု၊ တောရကျောင်းသုံးကျောင်း၊ သီလရှင်ကျောင်းတစ်ကျောင်း၊ ခရစ်ယာန်ကျောင်းတစ်ကျောင်း၊ ဆရာ ဆရာမ နေအိမ် ၂၁ လုံး၊ ဆေးပေးခန်းလေးခန်း၊ အုပ်ချုပ်ရေးမှူးရုံးသုံးရုံး၊ စာကြည့်တိုက်အလုံး ၂၀ တို့ကို ပြန်လည်ဆောက်လုပ်ပေးထားသည့်အပြင် စေတီအဆူ ၂၀ နှင့် သိမ် ၁၅ ဆောင်ကိုလည်း ဒေသခံများ၏ဆန္ဒအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက ဆောက်လုပ်လှူဒါန်းသွားမည်ဟု သိရသည်။

ရေဝပ်ဧရိယာအတွင်းကျရောက်သည့်ကျေးရွာများ ရွှေ့ပြောင်းရာတွင် ကျေးရွာသစ်များ၌လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးတို့ကို သက်ဆိုင်ရာက ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျေးရွာများ သောက်သုံးရေအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဒေသခံများနှင့်ပူးပေါင်းရှာဖွေပြီး ရေရရှိနိုင်သည့် ရေကျနေရာများမှ တစ်ဆင့် PVC ပိုက်လိုင်းများသွယ်တန်းပြီး ကျေးရွာသစ်များရှိ ဆောက်လုပ်ထားပြီး ရေစုကန်များအရောက် သွယ်တန်းပေးထားသည်။ စုစုပေါင်း ရေစုကန်အလုံး ၁၇၀ နှင့် ရေပိုက်လိုင်း စုစုပေါင်းပေ ၃၄၆၅၀၀ သွယ်တန်းပေးထားသည်။ ထို့အပြင် ရွှေ့ပြောင်းကျေးရွာသစ်များ လျှပ်စစ်မီးရရှိရေးအတွက် အထက်ပေါင်းလောင်းမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးထားသည့်အတွက် ယခုအခါ မီးရရှိရေးလုပ်ငန်းများအားလုံးမှာ ၉၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီး ကျေးရွာတိုင်းအိမ်တိုင်း မကြာမီကာလအတွင်း လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။

အဆိုပါ ရွှေ့ပြောင်းကျေးရွာလေးများသည် မကြာမီကာလတွင် ကျေးရွာသစ်များမှ မြို့သစ်တစ်မြို့အဖြစ် ပြောင်းလဲမြင်တွေ့လာရတော့မည်ဖြစ်ပြီး မြို့တစ်မြို့ထပ်မံပေါ်ပေါက်လာမည့် အခွင့်အလမ်းများရရှိလာ၍ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း. . . . . . ။



ဒီဇင်ဘာ ၃ ရက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုသောအားဖြင့် ရွှေမင်းသားဖောင်ဒေးရှင်းနှင့် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)တို့ပူးပေါင်း၍ မသန်စွမ်းသူများ၏ဝှီးချဲဖြင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအတိုင်း ထွက်ခွာလာခဲ့ရာ နိုဝင်ဘာ ၁၉ ရက်က ကျောက်တံခါးမြို့ကို ဖြတ်သန်း သွားစဉ်။ ခင်ကို(ကျောက်တံခါး)

# အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ အကြံပေးပညာရှင်အဖွဲ့၏ စကားသံများ

အမေး၊ အရေး
ဓာတ်ပုံ-ခင်ချိုဝင်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

အမျိုးသားပညာရေးဥပဒေပါ အချို့သောအချက်များနှင့်ပတ်သက်၍ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျောင်းသားအချို့ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ အမျိုးသားပညာရေးဥပဒေအပေါ် အကြံပေးပညာရှင်များအဖွဲ့က ယနေ့တွင် သဘောထားထုတ်ပြန်ခဲ့ပြီး သတင်းမီဒီယာများအား ရှင်းလင်းပွဲကို ညနေ ၄ နာရီက ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ သတင်းမီဒီယာများ၏ မေးမြန်းချက်နှင့်ပတ်သက်၍ အမျိုးသား ပညာရေးအကြံပေးပညာရှင်များအဖွဲ့၏ ပြောကြားချက်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"ဒီဥပဒေ တင်လိုက်တုန်းက တက္ကသိုလ်များ ဗဟိုကောင်စီဆိုပြီး ရေးလိုက်တယ်။ ဒါပေမယ့် ကျောင်းသားတွေက ရောက်လာကြတယ်။ အဲ့ဒီအချိန်မှာ သူတို့က ဗဟိုဆိုတာလည်း မလိုချင်ဘူး။ ကောင်စီဆိုတာလည်း မလိုချင်ဘူးလို့ သူတို့က ပြောတယ်။ ဗဟိုကောင်စီဆိုတဲ့ အဓိပ္ပာယ်ကို သူတို့ကို ရှင်းပြလိုက်ရတယ်။ ဒီကောင်စီဟာ အားလုံးကိုပေါင်းစပ်ညှိနှိုင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ပေးမှာပါလို့ရှင်းပြတော့ သူတို့တော်တော်များများ လက်ခံသွားတယ်။ ဘာကြောင့်လည်းဆိုတော့ အဖွဲ့အစည်းကအဖွဲ့အစည်းပဲရှိမယ်။ ကျောင်းသားအရေး၊ ကျောင်းသားကိစ္စကို ဦးဆောင်လုပ်မယ့် Organization ကို ဖွဲ့ခွင့်ပြုမှာကတော့ သေချာပါတယ်"ဟု ဥပဒေပညာရှင် ပါမောက္ခ (ငြိမ်း)ဒေါက်တာသန်းနွဲ့က ပြောကြားသည်။

"ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေအောင်လုပ်ပေးနိုင်တဲ့ ပညာရေးဖြစ်အောင် ကြိုးစားထားတယ်။ အဲ့ဒါက Equality ပေါ့။ နောက် Qualityပေါ့။ ဒီပညာရေးဟာ Quality ကောင်းအောင် ဘာလုပ်သလဲ။ အဲ့ဒီဟာတွေကို မူတွေထဲမှာ အရည်အသွေးကောင်းအောင် နောက်ပြီး သင်ယူမှုကောင်းအောင်လို့ အကုန်တတ်နိုင်သလောက် ဥပဒေမှာ ကြိုးစားရေးထားတယ်။ ရည်မှန်းချက်တွေ တိကျလာတယ်။ မူဝါဒတွေ ရှိလာတယ်။ သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးညွှန်းစံတွေကို အဲဒီထဲမှာ သတ်သတ်တစ်ခန်းရေးထားတယ်။ အဲဒီလိုမျိုး ရေးတာမျိုး ဒီ့ပြင်နိုင်ငံဥပဒေမှာ သိပ်မရှိဘူး။ ဒီသင်ရိုးညွှန်းတမ်းနဲ့ ပညာရေးကို မြှင့်တင်ရတော့မှာပေ့ါ။ နောက် ဒီဥပဒေမှာ ထူးခြားတာတစ်ခုက ပြောတဲ့အတိုင်း ဖြစ်လာသလား၊ အရည်အသွေး တကယ်တက်လာသလား၊ အဲ့ဒါတွေကို ဌာနအတွင်း၊ ကျောင်းအတွင်း၊ တက္ကသိုလ်အတွင်းမှာလည်း သူလုပ်တဲ့အရည်အချင်း တကယ်တက်လာသလားဆိုတာ သူ့ဟာသူ ဆန်းစစ်ခိုင်းမယ်။ Quality Insurance Body ကိုလည်း ဒီဥပဒေမှာ လွတ်လပ်သော အဖွဲ့အစည်းဖြစ်အောင် ဖွဲ့မယ်လို့ သေသေချာချာရှင်းလင်းထားတယ်" ဟု ဥပဒေတွင်ပါရှိသော ထူးခြားချက်ကို နည်းပညာရှုထောင့်မှနေ၍ သင်ရိုးပညာရှင်၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် ဒေါက်တာသိန်းမြင့်က ပြောကြားသည်။



နိုင်ငံတကာကျွမ်းကျင်ပညာရှင် ဒေါက်တာသိန်းမြင့်

"ကျွန်တော်တို့က အကြံပေးတဲ့ပညာရှင်ဆိုတော့ ဒီကိစ္စကို ဘာမှမှတ်ချက်မပေးချင်ဘူး၊ ကျွန်တော်တို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ အချိန်မရွေးလာဆွေးနွေးပါ။ နည်းဥပဒေဆွဲတဲ့အချိန်မှာလည်း အချိန်မီသေးတယ်။ ပြောကြပါ။ လာလုပ်ကြပါ။ ကျွန်တော်တို့ ရိုးရိုးသားသားပဲထည့်နိုင်တာတွေအကုန်ထည့်ပေးမယ်။ ပွင့်ပွင့်လင်းလင်းပဲ အဆင့်မြင့်ပညာရေးဥပဒေရေးဆွဲတဲ့ အခါကျရင် သေသေချာချာရေးပေ့ါ။ ကျောင်းသားတွေက ဘယ်လိုအဖွဲ့ ဖွဲ့နိုင်တယ်၊ ဘာတွေရှိနိုင်တယ်၊ တာဝန်တွေက ဘာတွေလဲ၊ ကျောင်းသားတွေရဲ့ အခွင့်အရေးက ဘာတွေလဲ အကုန်သေသေချာချာ အနက်အဓိပ္ပာယ်ဖွင့်လုပ်ပါ။ ဒီလိုအချိန်မျိုးမှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်းနဲ့ ရှင်းရှင်းနှီးနှီးဖြစ်စေချင်တာ။ အချိန်အခါမီပါသေးတယ်။ ကျွန်တော့်အီးမေးလ် mthein 6 @ yahoo.com နဲ့လည်း ပို့လို့ရပါတယ်"ဟု ဆန္ဒပြအရေးကိစ္စနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ရှင်းပြသည်။

ကျောင်းသားများနှင့် အမျိုးသားပညာရေးဥပဒေတွင် အကြံပြုချင်သူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် တက္ကသိုလ်စိန်ရတုခန်းမအောက်ထပ်တို့တွင် စာဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း အကြံပြုတင်ပြနိုင်ပါသည်။ ထို့အပြင် နည်းဥပဒေတင်ပြရန်မှာ ရက်ပေါင်း ၆၀ ခန့်သာကျန်ရှိတော့သဖြင့် အီးမေးလ်ဖြင့်လည်း ဆန္ဒသဘောထားများကို ပေးပို့နိုင်ကြောင်း သိရှိရသည်။

## စလင်းမြို့နှင့် ကန်ပြားကျေးရွာလမ်း အဆင့်မြှင့်တင်

**စလင်း နိုဝင်ဘာ ၂၀။** မကွေးတိုင်းဒေသကြီး စလင်းမြို့မှ စေတုတ္တရာမြို့သို့သွားရောက်သည့် စလင်း-ကန်ပြားလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းနှင့် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိရာ စလင်း-ကန်ပြား ၁၄ မိုင် ၆ ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ ၁၀ မိုင် ၄ ဖာလုံ ပြီးစီးနေပြီး ကျန်လမ်းပိုင်းကို နိုဝင်ဘာလကုန်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။ ကန်ပြားကျေးရွာမှ စလင်းမြို့နယ်အဆုံး သုံးမိုင် နှစ်ဖာလုံတွင် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။

**စစ်ကြည်(စလင်း)**

# နောင်သုံးနှစ်အတွင်း အိုင်စီတီထူးချွန်လူငယ်တစ်သောင်းကျော် ထွက်ပေါ်လာရန် ပူးပေါင်းသင်ကြားမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Li Ke Qiang တို့၏ရှေ့မှောက်တွင် နိုဝင်ဘာလ ၁၄ ရက်က Huawei Technologies (Yangon) Co., Ltd. နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ မြန်မာနိုင်ငံ၏ ICT ထူးချွန်လူငယ်မွေးထုတ်ရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးနိုင်ခဲ့ကြပြီး ဒေသတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အာရှတွင် စီးပွားရေးဖွံ့ဖြိုးမှု မြန်ဆန်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြောင်းလဲရပ်တည်လာသော မြန်မာနိုင်ငံသည် Huawei ကုမ္ပဏီအတွက် အရေးပါသောစီးပွားရေးဈေးကွက်ဖြစ်လာပြီး မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲမှု၊ နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းအသီးသီးတို့၏ တိုးတက်မှုနှင့်ဒေသခံပြည်သူလူထုတို့၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာမှုတို့ကို အခြေခံကာ လာရောက်ရင်းနှီးမြှုပ်နှံခဲ့သည့် ၁၀နှစ်ကျော်အတွင်း အတွေ့အကြုံများဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရင်းအမြစ်များကို ပိုမိုပျိုးထောင်ပေးနိုင်ရန် မျှော်လင့်ပါသည်ဟု Huawei ကုမ္ပဏီ အရှေ့တောင်အာရှဒေသတွင်းဌာနချုပ်မှ President Mr. Yang Shu က ပြောကြားသည်။

ICT ထူးချွန်လူငယ်မွေးထုတ်ရေးနှင့်ပတ်သက်၍ ယခုလက်ရှိတွင် ICT နည်းပညာသည် အခြားသောမည်သည့် စီးပွားရေးနယ်ပယ်တွင်မဆို အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပတ်သက်နေကြောင်း၊ လက်ရှိ ဆက်သွယ်ရေးကဏ္ဍတွင် ICT ကျွမ်းကျင်ပညာရှင်များလိုအပ်ချက်အရ Huawei ကုမ္ပဏီနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ICT ထူးချွန်လူငယ်မွေးထုတ်ရေးဆိုင်ရာနှင့် ဆက်သွယ်ရေးအခန်းကဏ္ဍကို စဉ်ဆက်မပြတ်တိုးတက်စေရေးနှင့် e-Government လုပ်ငန်းအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များမှာ အခြေခံပညာရေး နယ်ပယ်အဆင့်၊ လုပ်ငန်းနယ်ပယ်ကျွမ်းကျင်မှုအဆင့်နှင့် နိုင်ငံတော် ICT အရင်းအမြစ်အဆင့်တို့ ဖြစ်သည်။ Huawei ကုမ္ပဏီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များနှင့် ပူးပေါင်း၍ ICT ဆက်သွယ်ရေးသင်တန်း၊ ICT စမ်းသပ်ခန်း၊ Training Center နှင့် ICT ထူးချွန်လူငယ်ပညာသင်ဆုအစီအစဉ်များ ပြုလုပ်မည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် နောင်လာမည့် သုံးနှစ်ကာလအတွင်းတွင် မြန်မာနိုင်ငံအတွက် ICT ထူးချွန်သူလူငယ်ပေါင်း တစ်သောင်းကျော် မွေးထုတ်သွားမည်ဖြစ်သည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက "ကျောင်းသားကျောင်းသူတွေအတွက် အခွင့်အလမ်းတစ်ရပ်လို့ ထင်မြင်မိပါတယ်။ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်မှုက ပြည်ပသင်ကြားမှုအကူအညီတွေများစွာ လိုအပ်နေပါသေးတယ်။ ကျွန်တော်တို့ ဟွာဝေးလ်နဲ့ ပူးပေါင်းပြီး အိုင်စီတီကျွမ်းကျင်လူငယ်တွေမွေးထုတ်သွားပါမယ်"ဟု ပြောကြားသည်။ **ခင်ရတနာ**

## မိုးပွင့်အဆင့်(၇) စီမံချက်အား ကွင်းဆင်းဆောင်ရွက်

**လားရှိုး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လားရှိုးမြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့်ဝန်ထမ်းများသည် နိုဝင်ဘာ ၁၇ ရက်က ကျောက်မဲခရိုင် မိုင်းလုံမြို့နယ် မုန်းပြင်ကျေးရွာအုပ်စု လွယ်ခမ်ကျေးရွာသို့ ကွင်းဆင်း၍ အသက် (၁၀ ပြည့်နှစ်)၊ အသက် (၁၈ ပြည့်နှစ်)၊ ပုဒ်မ (၅)နှင့် အကျုံးဝင်သည့် နိုင်ငံသားအရည်အချင်းပြည့်ပြီးသူများအား မှတ်ပုံတင်ကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ကာ ကျေးရွာပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဦးစီးမှူးနှင့်အဖွဲ့သည် လားရှိုးမြို့ နမ့်ပေါင်ကျေးရွာအထကတွင် ကျောင်းသား ကျောင်းသူများအား မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သွားရောက်ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်တွင် နမ့်ပေါင်အထက ကမ္ဘောဇခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းမာလာမြင့်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၂ ကတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

## လက်ပံတန်းတွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**လက်ပံတန်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)တွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟက အမှာစကားပြောကြား၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဖုန်းမြင့်က မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းပြုကျင့်ခံရမှုပပျောက်ရေးကိုလည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစန်းမြင့်က မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း၊ ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲမှ ရဲအုပ် လှဇော်ဝင်းက လူကုန်ကူးမှု၊ လူမှောင်ခိုနှင့်ပတ်သက်၍ အသီးသီးပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒေါ်စန်းစန်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(ဝ၉၈)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးစိုးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း) အပေါ် ရှင်းလင်းဆွေးနွေးသည့် နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နတခမှ တပ်မတော်သားကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သမဝါယမကုန်ထုတ်အသင်းမှ တာဝန်ရှိသူများ၊ ဒေသအစုအဖွဲ့ပိုင် စိုက်ခင်းမှအဖွဲ့ဝင်များ၊ ပုသိမ်မြို့အခြေစိုက်သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသားမြေအသုံးချမှုဝါဒ (မူကြမ်း) အကျဉ်းချုပ်ကိုသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ရှင်းလင်းတင်ပြသည်။ တက်ရောက်လာသူများ၏ မေးမြန်းချက်အပေါ် ဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



လူကုန်ကူးမှုတိုက်ဖျက်ရေး ဒို့တွေပါဝင်ကူညီပေး



## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၁၈) — နိုဝင်ဘာ ၂၂**

| | | | |
|---|---|---|---|
| ကာဒစ် | - | ရီးဒင်း | နံနက် ၂း၁၅ |
| ဘရန့်ဖို့ဒ် | - | ဖူလ်ဟမ် | နံနက် ၂း၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၁၂) — နိုဝင်ဘာ ၂၂**

| | | | |
|---|---|---|---|
| ဘီလ်ဘာအို | - | အက်စ်ပန်ညို | နံနက် ၂း၁၅ |

**ပြင်သစ်လီဂူး ပွဲစဉ်(၁၄) — နိုဝင်ဘာ ၂၂**

| | | | |
|---|---|---|---|
| မတ်ဇ် | - | ပီအက်စ်ဂျီ | နံနက် ၂း၀၀ |

### ပြင်သစ်လီဂူး ပွဲစဉ်(၁၃)အပြီး ရပ်တည်မှု

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | မာဆေး | ၁၃ | ၉ | ၁ | ၃ | ၂၈ |
| ၂ | ပီအက်စ်ဂျီ | ၁၃ | ၇ | ၆ | ၀ | ၂၇ |
| ၃ | လိုင်ယွန် | ၁၃ | ၈ | ၂ | ၃ | ၂၆ |
| ၄ | ဘော်ဒိုး | ၁၃ | ၇ | ၃ | ၃ | ၂၄ |
| ၅ | နန့်တက်စ် | ၁၃ | ၆ | ၅ | ၂ | ၂၃ |
| ၆ | စိန့်အက်တီယန် | ၁၃ | ၆ | ၄ | ၃ | ၂၂ |
| ၇ | မိုနာကို | ၁၃ | ၅ | ၄ | ၄ | ၁၉ |
| ၈ | ရန်းနက်စ် | ၁၃ | ၅ | ၄ | ၄ | ၁၉ |
| ၉ | မတ်ဇ် | ၁၃ | ၅ | ၃ | ၅ | ၁၈ |
| ၁၀ | ရိမ်းစ် | ၁၃ | ၅ | ၃ | ၅ | ၁၈ |
| ၁၁ | တူးလော့စ် | ၁၃ | ၅ | ၂ | ၆ | ၁၇ |
| ၁၂ | နိုက်စ် | ၁၃ | ၅ | ၂ | ၆ | ၁၇ |
| ၁၃ | မောင့်ပယ်လီယာ | ၁၃ | ၅ | ၂ | ၆ | ၁၇ |
| ၁၄ | လိုင်လီ | ၁၃ | ၄ | ၄ | ၅ | ၁၆ |
| ၁၅ | ဘတ်စ်တီယာ | ၁၃ | ၃ | ၄ | ၆ | ၁၃ |
| ၁၆ | အီဗီယန် | ၁၃ | ၄ | ၁ | ၈ | ၁၃ |
| ၁၇ | ကိန်း | ၁၃ | ၃ | ၃ | ၇ | ၁၂ |
| ၁၈ | ဂူအင်ဂမ့် | ၁၃ | ၄ | ၀ | ၉ | ၁၂ |
| ၁၉ | လန်းစ် | ၁၃ | ၃ | ၂ | ၈ | ၁၁ |
| ၂၀ | လော်ရီယန့် | ၁၃ | ၃ | ၁ | ၉ | ၁၀ |

### နိုဝင်ဘာ ၁၉/၂၀ အာဖရိကဖလား ဂိုးရလဒ်များ

| | | |
|---|---|---|
| နိုင်ဂျီးရီးယား | ၂-၂ | တောင်အာဖရိက |
| ဆူဒန် | ၀-၁ | ကွန်ဂို |
| မာလီ | ၂-၁ | အယ်လ်ဂျီးရီးယား |
| အီသီယိုးပီးယား | ၀-၀ | မာလဝီ |
| ဘာကီနာဖာဆို | ၁-၁ | အင်ဂိုလာ |
| ဂါဘွန် | ၄-၂ | လီဆိုသို |
| အိုင်ဗရီကို့စ် | ၀-၀ | ကင်မရွန်း |
| ဒီအာကွန်ဂို | ၃-၁ | ဆီရာလီယွန်း |
| ဂါနာ | ၃-၁ | တိုဂို |
| ဂီနီ | ၂-၀ | ယူဂန္ဒာ |
| ဇမ်ဘီယာ | ၁-၀ | ကိပ်ဗာဒီ |
| နိုင်ဂျာ | ၁-၁ | မိုဇမ်ဘစ် |
| တူနီးရှား | ၂-၁ | အီဂျစ် |
| ဆီနီဂေါ | ၃-၀ | ဘော့ဆွာနာ |

# ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲတွေပုံဖော်ကြမယ့် ပွဲစဉ်(၁၂)

လာလီဂါပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ တာစူနေပြီဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရဖို့ရှိနေပြီး ကိုယ်စီအမှတ်ရယူနိုင်ရေးအတွက် အားစိုက်ကြရဦးမယ့် ပွဲတွေဖြစ်တာကြောင့် ရင်ပူရပေမယ့် အမောပြေစေမယ့်ပွဲတွေအဖြစ် ရှုစားကြရဦးမှာ ဖြစ်ပါတယ်။

**ဘာစီလိုနာနှင့် ဆီဗီလာ**

ဘာစီလိုနာဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းတွေ စွမ်းဆောင်နိုင်နေတဲ့ အနေအထားရှိတာမို့ ဆီဗီလာတို့ ပွဲကျပ်အဖြစ် ဖြတ်သန်းရဦးမှာဖြစ်ပါတယ်။ ဆီဗီလာတို့က အသင်းကြီးတွေနဲ့ဆုံတိုင်း ခြေရည်တူကစားနိုင်တဲ့ စွမ်းအားရှိနေတာမို့ ဘာစီလိုနာတို့ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် ဆီဗီလာနဲ့ဆုံတိုင်း အသာစီးရအောင် ကစားနိုင်တဲ့ ဘာစီလိုနာတို့ပဲ အနိုင်ရလဒ်ကို ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။

**အီဘာနှင့် ရီးရဲမက်ဒရစ်**

နိုင်ငံတကာခြေစမ်းပွဲတွေကြောင့် ရီးရဲမက်ဒရစ် ကစားသမားတွေ ပွဲပမ်းမှုဖြစ်နေပါတယ်။ ဒါပေမယ့် ပြိုင်ဘက်အီဘာတို့က ရီးရဲမက်ဒရစ်ကို သရေကစားနိုင်တဲ့မှတ်တမ်းကောင်းတော့ရှိတာမို့ ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ အမှတ်လိုအပ်မှုတွေမြင့်မားနေတဲ့ ရီးရဲမက်ဒရစ်တို့ပဲ နိုင်ပွဲဖန်တီးပြီး ပရိသတ်တွေကို ပျော်ရွှင်စေမှာ ဖြစ်ပါတယ်။

**ဒီပို့တီဗိုနှင့် ဆိုစီဒက်**

ခြေရည်တူနှစ်သင်းဖြစ်ပြီး တစ်လှည့်စီအနိုင်ယူနေတတ်တဲ့ နှစ်သင်းဆုံတွေ့တဲ့ပွဲမို့ ပွဲကောင်းအဖြစ် မြင်တွေ့ရမှာပါ။ အက်သလက်တီကိုအသင်းကို အနိုင်ကစားထားတဲ့ ဆိုစီဒက်ရဲ့ခြေစွမ်းကို လျှော့တွက်လို့မရသလို အက်စ်ပန်ညိုကို သရေကစားထားတဲ့ ဒီပို့တီဗိုတို့ရဲ့ အားထုတ်မှုကိုလည်း ပစ်ပယ်လို့မရပါဘူး။ ဒီပွဲမှာ အိမ်ကွင်းလည်းဖြစ်နေတဲ့ ဒီပို့တီဗိုရဲ့စွမ်းဆောင်မှုကို အသိအမှတ်ပြုဖို့သင့်တာအမှန်ပါပဲ။

**အက်သလက်တီကိုနှင့် မာလာဂါ**

အက်သလက်တီကိုနဲ့ဆုံတိုင်း ခြေကုန်ဖွင့်ကစားတတ်တဲ့ မာလာဂါဟာ ဒီပွဲမှာလည်း အစဉ်အလာမပျက်ဖိအားပေးကစားနိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဆိုစီဒက်ကိုရှုံးခဲ့တဲ့ အက်သလက်တီကိုဟာ ဒီပွဲမှာ နိုင်ပွဲပြန်ရအောင်ရှာဖွေပြီး အမှတ်ပြည့်ရယူရေးဦးတည်ပါလိမ့်မယ်။ မာလာဂါတို့က အသင်းလိုက်စုစည်းမှုအားကောင်းပေမယ့် ဒီပွဲမှာအမြင့်ဆုံးမျှော်မှန်းနိုင်တာက သရေတစ်မှတ်လို့ ထင်ပါတယ်။

**ဘီလ်ဘာအိုနှင့် အက်စ်ပန်ညို**

အက်စ်ပန်ညိုတို့ ခြေစွမ်းတက်ရိပ်ပြနေတာမို့ ဘီလ်ဘာအိုတို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲပါလိမ့်မယ်။ ဘီလ်ဘာအိုတို့ကလည်း အိမ်ကွင်းမှာ စွမ်းဆောင်ရည် မြင့်မားတတ်တာမို့ နှစ်သင်းစလုံး၊ အပြန်အလှန်ဖိအားပေးယှဉ်ပြိုင်ရမယ့် ပွဲဖြစ်နေပါတယ်။ ဒါပေမယ့် နိုင်ပွဲရမှုဖြစ်မယ့် အက်စ်ပန်ညိုရဲ့ စိတ်ဓာတ်ပြင်းထန်မှုကို အိမ်ရှင်တို့ တားဆီးဟန့်ထားဖို့ခက်ပါလိမ့်မယ်။

**မိုးမြင့်လင်းလက်**

# လက်ရှိချန်ပီယံနိုင်ဂျီးရီးယား ခြေစစ်ပွဲမှ ထွက်ရပြီ

**ကောင်းမြတ်သူ-စုစည်းသည်**



အာဖရိကနိုင်ငံများဖလား လက်ရှိချန်ပီယံနိုင်ဂျီးရီးယားအနေဖြင့် ခြေစစ်ပွဲမအောင်သည့်အတွက် အီကွေတိုရီရယ်ဂီနီ၌ ကျင်းပမည့် အာဖရိကနိုင်ငံများဖလားကို ကာကွယ်နိုင်ခွင့်ရှိတော့မည်မဟုတ်ပေ။

ဗုဒ္ဓဟူးနေ့က အုပ်စု(A)နောက်ဆုံးပွဲအဖြစ် နိုင်ဂျီးရီးယားနှင့် တောင်အာဖရိကအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေကျသွားသည်။

ယင်းအုပ်စုမှ တောင်အာဖရိကအသင်းက ခြေစစ်ပွဲအောင်သွားခဲ့သည်။ လာမည့်ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ အီကွေတိုရီရယ် ဂီနီ၌ အာဖရိကနိုင်ငံများဖလား ကစားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အယ်လ်ဂျီးရီးယား၊ ဘာကီနာဖာဆို၊ ကင်မရွန်း၊ကိတ်ဗာဒီ၊ ကွန်ဂိုဘရာဇာဗီလီ၊ ဒီအာကွန်ဂို၊ အီကွေတိုရီရယ်ဂီနီ၊ ဂါဘွန်၊ ဂါနာ၊ ဂီနီ၊ အိုင်ဗရီကို့စ်၊ မာလီ၊ ဆီနီဂေါ၊ တောင်အာဖရိက၊ တူနီးရှားနှင့် ဇမ်ဘီယာ နိုင်ငံတို့ ခြေစစ်ပွဲအောင်ခဲ့သည်။

## ဝီဖရက်ဘိုနီအား တစ်နှစ်ထပ်မံစာချုပ်

ဆွမ်ဆီးတိုက်စစ်မှူး ဝီဖရက်ဘိုနီအား ၎င်းကလပ်က တစ်နှစ်ထပ်မံစာချုပ် ချုပ်ဆိုလိုက်သည်။ အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး ဘိုနီသည် ယင်းစာချုပ်ကြောင့် ၂၀၁၈ ခုနှစ်အထိ ဆွမ်ဆီးအသင်းတွင် ဆက်လက်ကစားရမည်ဖြစ်သည်။ ဘိုနီသည် ပေါင် ၁၂ သန်းဖြင့် ဒတ်ချ်ကလပ်ဗီတက်ဆေးအာဟမ်းမှ ပြောင်းရွှေ့လာပြီး ပထမရာသီတွင် ၂၅ ဂိုးသွင်းယူခဲ့သည်။ ယခုနှစ်ရာသီတွင် လေးဂိုးသွင်းထားသည်။ ဘိုနီသည် အာဖရိကနိုင်ငံများ ဖလားတွင် အိုင်ဗရီကို့စ်အသင်းမှ ကစားမည်ဖြစ်သည်။

## ကြေညာချက်

(၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအား ဝယ်ယူခွင့်လျှောက်ထားလာသည့် လုပ်သက်(၂၀)အထက် ဌာနဆိုင်ရာဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသင်းအဖွဲ့ဝင်များ၏ လျှောက်လွှာများကို အလုံမြို့နယ်၊ နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမတွင် ၂၃-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၉နာရီမှစတင်၍ မဲနှိုက်ပေးမည်ဖြစ်သဖြင့် လျှောက်ထားသူကာယကံရှင်များမှ ကိုယ်တိုင်ကိုယ်ကျလာရောက်မဲနှိုက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၂) ဆက်လက်၍ ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာ လျှောက်ထားလာသည့် အများပြည်သူများကို အလုံမြို့နယ်ခန်းမတွင် ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စတင်မဲနှိုက်ပေးသွားမည်ဖြစ်ပါသည်။

(၃) မဲပေါက်သူများစာရင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရန်ကုန်)တွင် ကြည့်ရှုနိုင်ပါသည်။ မဲပေါက်သူများအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရန်ကုန်)မှ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပါ၍ ဆက်သွယ်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (RA-5) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၄၆-ည)၊ မြေဧရိယာ ၀ ဒသမ ၁၃ ဧကပေါ်တွင်သော ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအားလုံးတို့သည် မြို့မြေဂရန်မူနံပါတ်(၀၁၃၀/၉၈-၉၉)အရ ဒေါ်အုန်းကြည် အမည်ပေါက်လျက်ရှိပြီး ဒေါ်အုန်းကြည် ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိသော ခင်ပွန်းဖြစ်သူ ဦးစိုးမြင့် ၁၂/ဗဟန(နိုင်)၀၂၁၈၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်များရောင်းဝယ်မှုတွင် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆုံးခန်းတိုင်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ကြည် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၄၀)**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**










## နေလမင်း
## အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးအိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးနေပြီ…

- တိကျမှန်ကန်သောမြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
- အရောင်းအဝယ်ပြုလုပ်သောမြေကွက်များကို လူကြီးမင်းတို့စိတ်တိုင်းကျ ဌာနဆိုင်ရာရုံးများတွင် စစ်ဆေးပေးခြင်း
- ဥပဒေအကျိုးဆောင်ရှေ့နေများဖြင့် ခိုင်ခိုင်မာမာစာချုပ်ချုပ်ဆိုပေးခြင်း GP, SP လွှဲပေးခြင်း
- လူကြီးမင်းများ ပြင်ဦးလွင်သို့ လာရောက်လျှင် ကားဝင်း၌ လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့စိတ်တိုင်းကျမြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝ ဝန်ဆောင်မှုပေးခြင်း
- စိတ်တိုင်းကျဝယ်ယူပြီးသောမြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

** ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်နှင့် ရပ်ကွက်ကြီး ၁၂၊ ရေချမ်းအိုးတွင်ရှိသော မြေကွက်များ မြို့ရှောင်လမ်းအနီးရှိ ကျိုးကိုင်မြေကွက်များ ရပ်ကွက်ကြီး ၂၀၊ နောင်ခမ်းကြီးရှိမြေကွက်များ၊ ရ·က·က (၁၃)၊ ဆင်ခေါင်းလေး၊ နောင်လုံး၊ ရေသရောက်ကုန်း၊ အနီးစခန်း၊ အောင်ချမ်းသာကွန်ပျူတာတက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံး မြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကို ပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**(စုံစမ်းချိန် - နံနက် ၈နာရီမှ ညနေ ၅နာရီအထိ)**

**စုံစမ်းရန် - နေလမင်း အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ် ၂၈၊ မန္တလေး-လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊**
**ရွှေလီဦးအထည်ဆိုင်ရှေ့၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၇၁၃၆၁၀၄၊ ၀၉-၄၀၂၅၅၁၂၀၃၊ ၀၉-၄၉၂၇၆၉၉၉**

**အမည်ပြောင်း**

ဦးတင်ညွန့် JE-000494 ၏သား တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အလက (၂) တာမွေ၊ အဌမတန်း(A)မှ မောင်သုတအောင်အား မောင်သီဟဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သီဟ**

**အမည်ပြောင်း**

ဦးသန်းထွန်း၏သား သံတွဲမြို့၊ အထက (ခွဲ) မြို့မကျောင်း၊ ဆဌမတန်း (A)မှ မောင်ထက်ဝေယံအောင်အား မောင်ဆန်းဝေယံမင်းဟု ပြောင်းလဲခေါ်ပါရန်။

ကြော်ငြာ


GOLDEN CITY
LIVE THE
GOLDEN CITY LIFE
739 Square Feet To 1,516 Square Feet
GOLDEN CITY Phase II Launching Soon
Enhancing The Magnificence Of GOLDEN CITY
·Unrivaled Views ·Impressive Layouts
·Enhanced Facilities ·Value Added Services
Hotline:+95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Developer: Golden Land Real Estate Development Co., Ltd. Website: www.glredcl.com

# ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်စေရေး နယ်သာလန်နိုင်ငံနှင့် ပူးတွဲဆောင်ရွက်နေ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာ-နယ်သာလန် နှစ်နိုင်ငံအကြား အမျိုးသားအဆင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲညှိနှိုင်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ကျင်းပသည်။

မြန်မာ-နယ်သာလန် ပူးတွဲညှိနှိုင်းရေးကော်မတီ အဖွဲ့ခေါင်းဆောင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့် နယ်သာလန်နိုင်ငံမှ အဖွဲ့ခေါင်းဆောင် မစ္စတာ ပက်တာဟော့ချ်တို့က အမှာစကားများပြောကြားခဲ့ပြီး နှစ်နိုင်ငံ ပူးတွဲလုပ်ဆောင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ရေအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေးနှင့် မြစ်ချောင်းများ ကောင်းမွန်စေရေးအတွက် စွမ်းရည်ပိုင်းဆိုင်ရာ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်အတွက် သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု မဟာဗျူဟာလေ့လာမှု လုပ်ငန်းများကိုလည်း စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါ အစည်းအဝေးမှ သိရသည်။



ပဲခူး-စစ်တောင်းတူးမြောင်းအား မြင်တွေ့ရစဉ်။

လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နယ်သာလန်နိုင်ငံနှင့် ပူးတွဲထုတ်ပြန်ထားသည့် မြန်မာ့ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုမဟာဗျူဟာလေ့လာခြင်းအနှစ်ချုပ် အစီရင်ခံစာကို မစ္စတာ ပက်တာက ဦးထွန်းလွင်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ထို့အပြင် လာမည့်နှစ်အတွင်း မြန်မာ-နယ်သာလန် နှစ်နိုင်ငံအကြား ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ရေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

လာမည့်နှစ်အတွင်း လုပ်ဆောင်သွားမည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု မဟာဗျူဟာကို အပြီးသတ် ထုတ်ပြန်သွားနိုင်ရေး၊ မိတ္ထီလာကန်နှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံပတ်ဝန်းကျင် မြစ်ကမ်းနားဘေးများ သာယာလှပရေး၊ ပန်းလှိုင်ရေလွှဲတံခါး တည်ဆောက်ရေး၊ မန္တလေး-ပုဂံ မြစ်ကြောင်းသွားလာရေး စီမံချက်များအကောင်အထည်ဖော်ရေးနှင့် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ခြင်းအတွက် လေ့လာဆန်းစစ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်းများ ပေးအပ်ခြင်းများအတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**သတင်း - ခင်ရတနာ**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# အထပ်မြင့်အဆောက်အအုံများတွင် ကားပါကင်ထည့်ဆောက်ရန် လိုအပ်

ရန်ကုန် နိုဝင်ဘာ ၂၀

ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် ကားပါကင်များထည့်သွင်းတည်ဆောက်ရန်လည်း အရေးကြီးကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့လယ်နှင့် မြို့နယ်များအပါအဝင် မြို့နယ်အများစုရှိ အထပ်မြင့်တိုက်များတွင် ကားပါကင်မပါရှိသည့်အတွက် ကားများကိုလမ်းပေါ်တွင်သာ အချိန်ကြာမြင့်စွာရပ်နားနေကြသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလျက်ရှိနေခြင်းဖြစ်သည်။ "ရန်ကုန်မြို့မှာ ကားစီးရေများလာပြီး ကားရပ်ဖို့နေရာကတော့ အခက်အခဲဖြစ်လာနေပါတယ်။ အထပ်မြင့်အဆောက်အအုံတွေမှာ ကားပါကင်တွေထည့်ဆောက်ရင် ယာဉ်ရပ်နားမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ အထပ်မြင့်အဆောက်အအုံတွေမှာ အခန်းတစ်ခန်းကို ကားတစ်စင်းနှုန်းနဲ့ ကားပါကင်တွေထည့်ဆောက်ဖို့လိုပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

ရန်ကုန်မြို့တွင် လူဦးရေတိုးတက်များပြားလာသည့်အတွက် လူဦးရေနှင့်နေအိမ်အရေအတွက် မမျှတမှုကို လျှော့ချရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခင်က အထပ်မြင့်တည်ဆောက်ခွင့်မပြုခဲ့သောမြို့နယ်များတွင် အထပ်မြင့်များတည်ဆောက်ရန် ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် အထူးသဖြင့် ရန်ကုန်မြို့နှင့်အနီးဆုံးဖြစ်သော သာကေတနှင့် ဒေါပုံမြို့နယ်များတွင် ခြောက်ထပ်တိုက်များအထိ တည်ဆောက်ရန်ခွင့်ပြုခဲ့ရာ နေရာအများအပြားတွင် အထပ်မြင့်တိုက်များတည်ဆောက်လျက်ရှိကြောင်း သိရသည်။ ရှစ်ထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံများကို အများအားဖြင့် အချက်အချာကျသောမြို့နယ်များတွင် တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။

**သတင်း-ကြဲတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဍ**



# ဇီးကုန်းဓာတ်အားခွဲရုံမှ ကျေးရွာ ၃၃ ရွာသို့ ဓာတ်အားများ တိုးမြှင့်ဖြန့်ဖြူး

ဇီးကုန်း နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၅ မဂ္ဂါဝပ် ဓာတ်အားခွဲရုံကို တည်ဆောက်ပြီးဖြစ်၍ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၃ ရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်အားသုံးစွဲသူပေါင်း ၄၇၇၇ ကို ဓာတ်အားပေးဝေနိုင်ပြီဖြစ်သည်။

မြို့နယ်လျှပ်စစ်မှူး ဦးဟန်ဆွေနှင့် ဝန်ထမ်းများက ယခုလအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံး ယုနစ်လျှော့ချရေးတို့အတွက် မြို့ပေါ်ရှိ ဗို့အား ၄၀၀ ဓာတ်အားလိုင်းနေရာများတွင် သစ်ပင်များခုတ်ခြင်း၊ ဓာတ်တိုင်များကို တည့်မတ်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဇီးကုန်းမြို့နယ်အတွင်း 11KV ဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းရှိသော ကျေးရွာပေါင်း ၅၁ ရွာတို့ကလည်း ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း အိမ်ထောင်စုပေါင်း ၄၄၁၅ စုနှင့် လူဦးရေပေါင်း ၁၇၀၅၅ ဦးတို့အတွက် ဓာတ်အားတိုးမြှင့်သုံးစွဲလာနိုင်တော့မည်ဖြစ်သည်။

**ကိုသက်(ဇီးကုန်း)**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)၊ မတောင့်တ၊ န၀မတန်းမှ မခိုင်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးလှငွေ ၇/ကပက(နိုင်)၀၁၇၉၂၉ ဖြစ်ပါကြောင်း။

**ဦးလှငွေ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်မင်းဦး ၁၀/မလမ(နိုင်)၂၃၇၆၆၃၏ Psno(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၄၄၁၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7507, MAZDA BONGO SKF.2T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်စိုး ၁၂/ဥကမ(နိုင်)၁၅၇၄၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရှာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၈၇၂၊ ဧရိယာ ၀.၁၁၅ ဧကရှိ ဒေါ်တင်လှအမည်ဖြင့်ပိုင်ဆိုင်သော မြေငှားဂရန်မြေကွက်အား ဒေါ်တင်လှ ၉/ပမန(နိုင်)၀၀၆၄၅၃ (ဘ) ဦးကျော်သိန်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၄၃၁၁ STEP 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက်ဝင်း ၉/အမရ(နိုင်)၁၀၂၁၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၇^က၊ ဧရိယာ ၀.၁၁၅ ၀၄၇ဧကရှိ ဦးလှငွေအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးချစ်ကိုကိုထွေး ၉/လဝန(နိုင်)၀၀၀၈၁၆ (ဘ) ဦးလှရွှေကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရှာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၈၅၅၊ ဧရိယာ ၀.၁၁၅ ၀၅၅ဧကရှိ ဦးတင်အောင် အမည်ဖြင့်ပိုင်ဆိုင်သော မြေငှားဂရန်မြေကွက်အား ဦးတင်အောင် ၉/ပမန(နိုင်)၀၀၈၇၆၃ (ဘ) ဦးတောက်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9977, Mitsubishi Pajero V46, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင်စိုး ၉/မသန(နိုင်)၀၇၄၄၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေးအတွင်းရှိ ဆိုင်ခန်းအမှတ် (စီ- ၆၉)အား နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်စည်ပင်အိမ်ရာ၊ တိုက် (A-6)၊ အခန်း(၂၄)နေ ဦးကိုမြင့် ၅/မရန(နိုင်)၀၅၂၅၃၅ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်(၅၂၁၀)၊ အခန်း(၀၆)နေ ဒေါ်ကြူကြူလှိုင် ၇/ဒဥန(နိုင်)၀၂၅၁၁၁သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၂၉၅၆)၊ ဧရိယာ ၀.၁၁၅ ၀၅၅ဧက၊ နှစ် ၃၀ အငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဒေါ်ဇာဇာမိုး ၉/ပမန(နိုင်)၁၂၂၇၉၈ (ဘ) ဦးတင်စိုးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၁)၊ အကွက်အမှတ်(၂၄၊ လုံလော့ရပ်)၊ ဦးပိုင်(၁၂/ဃ)၊ ဧရိယာ ၀.၁၁၅ ၁၄၅ဧကရှိ ဒေါ်ဟောင်ကော့ အမည်ပေါက်ပိုင်ဆိုင်သော မြေဂရန်အမှတ်အမှတ် ၃၆၉-၅/၂၀၀၁-၂၀၀၂(A)သည် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူမည်ဖြစ်ပါ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်

**ဒေါ်ဟောင်ကော့**

**၁၃/လရှ(နိုင်)၀၆၉၅၈၂**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ချည်ထည်ကုန်ကြမ်းရှား၍ စစ်ကိုင်းရက်ကန်းလုပ်ငန်းများ အခက်တွေ့

**စစ်ကိုင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းမြို့ရှိ ရက်ကန်းလုပ်ငန်းများတွင် ချည်ထည်ကုန်ကြမ်းရှားပါးမှုကြောင့် လုပ်ငန်းလုပ်ရာတွင် တွင်ကျယ်မှုမရှိဘဲ နှောင့်နှေးမှုများဖြစ်ပေါ်နေသည့်အတွက် အခက်အခဲများရင်ဆိုင်တွေ့ကြုံနေရကြောင်း သိရသည်။

"အိန္ဒိယကလာတဲ့ ချည်ထည်တွေကိုရရင်တော့ အဆင်ပြေနိုင်ပါတယ်။ သူတို့ဆီကချည်ထည်တွေက အရန်သင့်ရက်လုပ်နိုင်တယ်။ တရုတ်ပိုးထည်ကျတော့ အဆင်သင့်မဖြစ်ဘူး။ လုပ်ငန်းကြန့်ကြာတယ်။ အရည်အသွေးပိုင်းလည်း တရုတ်ထည်တွေက ကျဆင်းနေပြီ။ ပြည်တွင်းဈေးကွက်နဲ့ အဆင်မပြေနိုင်ပါဘူး။ အိန္ဒိယဘက်ကချည်ထည်တွေကိုရရှိဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကူအညီတွေလည်း လိုအပ်နေပါတယ်။ ကျွန်တော်တို့က ရက်ကန်းလုပ်ငန်းအတွက် လိုအပ်တဲ့ချည်ထည်ကုန်ကြမ်းရရှိဖို့ကို ခက်ခဲနေတာပါ။ ချုပ်ပြီးသားပစ္စည်းတွေကို တရားဝင်တင်သွင်းချင်တယ်။ အခုတိုင်းဆိုရင်တော့ ရပ်တည်ဖို့ ခက်ခဲလာတာပေါ့"ဟု စစ်ကိုင်းမြို့နယ် ရက်ကန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ခိုင်က ပြောသည်။

စစ်ကိုင်းမြို့ရှိ ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လက်ရက်ကန်းနှင့် စက်ရက်ကန်းများကို ပူးတွဲလုပ်ကိုင်လေ့ရှိပြီး ချည်ထည်ကုန်ကြမ်း ရှားပါးမှုကြောင့် ဆက်လက်ရပ်တည်ရန်အတွက် အခက်အခဲများတွေ့ကြုံနေရသဖြင့် ယခုလက်ရှိတွင် တရုတ်ပြည်မှ ပိုးချည်ထည်များကိုသာ အားထားနေရကြောင်း သိရသည်။ ပိုးချည်ထည်များမှာ ဈေးနှုန်းနှင့် အရည်အသွေးကွာခြားမှုရှိသဖြင့် အဆင်မပြေကြောင်း သိရသည်။ စစ်ကိုင်းမြို့ရှိ ရက်ကန်းရုံများသည် လွန်းရာကျော်ပိုးချိတ်ထည်နှင့် မာစရိုက်ပုဆိုးများကို အဓိကထား ရက်လုပ်ကြပြီး ယင်းအထည်များကို အမရပူရမြို့သို့ ၁၅ ရက်လျှင်တစ်ကြိမ်ခန့် ပြန်သွင်းကြောင်း ရက်ကန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌထံမှ သိရသည်။

စစ်ကိုင်းမြို့တွင် စက်ရက်ကန်းနှင့် လက်ရက်ကန်းနှစ်မျိုးစလုံးရက်လုပ်ကြသော်လည်း လက်ရက်ကန်းကိုသာ အဓိကထားရက်လုပ်ကြကာ လက်ရက်ကန်းလုပ်ငန်းရှင်စုစုပေါင်း ၂၀၀၀ ကျော်စာရင်းရှိနေသော်လည်း ယခုလက်ရှိတွင် အမှန်တကယ်လုပ်ငန်းဆောင်ရွက်သူ ၁၁၄၆ ဦးသာ ကျန်ရှိတော့ကြောင်းနှင့် စက်ရက်ကန်းလုပ်ငန်းရှင် ၁၈ ဦးရှိကြောင်း၊ ယခုအခါ ကုန်ကြမ်းချည်ထည်ရရှိရန်အတွက် ခက်ခဲမှုများကြောင့် ရက်ကန်းခတ်သူမှာ တဖြည်းဖြည်း လျော့ကျလာကြောင်း သိရသည်။ **နီတိုး**

# ကံကြီးကျေးရွာငါးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးရရှိ

**မလှိုင် နိုဝင်ဘာ ၂၀**

မလှိုင်မြို့နယ် ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာငါးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးရရှိပြီဖြစ်ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေး ထရန်စဖော်မာ ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ထရန်စဖော်မာသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အလှူရှင်များနှင့် ဒေသခံများ၏ထည့်ဝင်ငွေကျပ် သိန်း ၄၅၀ကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထရန်စဖော်မာဖွင့်လှစ်နိုင်သည့်အတွက် ကံကြီးကျေးရွာအုပ်စုမှ ကံကြီးတောင်ရွာ၊ ကံကြီးမြောက်ရွာ၊ ကျော်ခေါင်ရွာ၊ အလည်ချောင်တောင်ရွာ၊ မြောက်ရွာကျေးရွာငါးရွာရှိ အိမ်ခြေ ၃၁၀ နှင့် ဘုန်းကြီးကျောင်းခြောက်ကျောင်း၊ စာသင်ကျောင်းနှင့် ဓမ္မာရုံများ၌ပါ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# တာချီလိတ်၌ အကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်မှုသင်တန်းဖွင့်

**တာချီလိတ် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ အကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်မှုအသင်းနှင့် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း(တာချီလိတ်)တို့၏ စီစဉ်မှုဖြင့် ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလမ်းကြောင်းမှန်ပေါ်ရောက်ရှိရေး၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဖက်ဌာနဆိုင်ရာများကြား လုပ်ငန်းများ၏ သဘောသဘာဝများ၊ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ပိုမိုသိရှိနားလည်စေရန် အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုသင်တန်း အမှတ်စဉ်(၃၆)ကို ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲကို တာချီလိတ်မြို့ ဘုရင့်နောင်ဈေး (F)ရုံ အပေါ်ထပ် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း(ကိုယ်စား) ဦးညီညီအောင်က သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တာချီလိတ်မြို့ရှိ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (FDA)နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူ ၂၇ ဦးက Valuation၊ Duty Free Shop၊ Bonded Ware House၊ CMP လက်ခစားစနစ်၊ Non-Licence ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ၊ Import and Export သွင်းကုန်ပို့ကုန်လုပ်ငန်းစဉ် စစ်ဆေးခြင်း၊ ထောက်ခံချက်ရယူတင်ပြရန်ကိစ္စများ၊ H.S Structure G.I.R၊ သွင်းကုန်ကွဲလွဲခြင်းအတွက် ဒဏ်တပ်ရိုက်ခြင်း၊ FDA အကြောင်း သိကောင်းစရာ၊ သား၊ ငါး တင်သွင်းတင်ပို့မှုအကြောင်း သိကောင်းစရာများ၊ အထူးအမိန့် လုပ်ထုံးလုပ်နည်း၊ မော်တော်ယာဉ် စီမံချက်၊ ပြည်တွင်းအခွန်၊ ဖမ်းဆီးတားဆီး လုပ်ထုံးလုပ်နည်းများ၊ လေလံတင်ထုခွဲရောင်းချခြင်း၊ အကောက်အခွန်အကြောင်း သိကောင်းစရာ၊ Draw Back ပြန်လျော့ အကောက်ခွန်၊ Temporary Importation ယာယီတင်သွင်းခြင်း၊ AEC၊ ATIGA၊ ID/ED ဖြည့်စွက်ခြင်း၊ စည်းကြပ်တွက်ချက်ခြင်း၊ အာမခံစပေါ်နှင့် အကောက်ခွန်ရှင်းလင်းရေးအကြောင်း သိကောင်းစရာများ စသည့်ခေါင်းစဉ်များဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ပို့ချမည်ဖြစ်ကြောင်းနှင့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများသည် နောက်ဖွင့်လှစ်မည့် WTOVA သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း(ရန်ကုန်)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **မြင့်မိုရ်(တာချီလိတ်)**



# ကလေးမြို့ လမ်းဆုံမီးပွိုင့်မှ ဆေးရုံတံတားအထိ ကတ္တရာလမ်းတိုးချဲ့မှုပြီးစီး

**ကလေး နိုဝင်ဘာ ၂၀**

ကလေးမြို့လမ်းဆုံမီးပွိုင့်မှ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်လမ်းမများသို့ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ မြောက်ဘက်လမ်းမဖြစ်သော ပြည်သူ့ဆေးရုံတံတားအထိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုများလည်း နိုဝင်ဘာ ၁၆ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြောက်ဘက်လမ်းမသည် အကျယ် ပေ ၂၀ သာရှိရာမှ လမ်းဘေးနှစ်ဖက်ကို အကျယ် ခြောက်ပေစီ တိုးချဲ့ကတ္တရာခင်းခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

လမ်းတိုးချဲ့ခြင်းကြောင့် လမ်းမအကျယ် ၃၂ ပေရှိလာပြီဖြစ်သော်လည်း ပြည်သူ့ဆေးရုံ သံကူကွန်ကရစ် တံတားကြီးမှာ အကျယ် ၂၄ ပေသာရှိပြီး ကျဉ်းမြောင်းနေသည့်အတွက် တံတားဘေးနှစ်ဖက်ကို အကျယ် ၁၀ ပေစီ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က ပြောသည်။

ကလေးမြို့ လမ်းဆုံမီးပွိုင့်မှ အရှေ့၊ အနောက်၊တောင်၊ မြောက်လမ်းမများ တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးခြင်းကြောင့် ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ပြည်သူများ သွားလာရေးတွင် အဆင်ပြေချောမွေ့လာကြောင်း သိရသည်။ **ဂျူနိုင်း**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၃၄၅၈၆ Tarbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိအောင် ၉/လဝန(နိုင်)၁၅၂၂၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(နေပြည်တော်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၃၆၈၇၇ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမင်း ၉/ပမန(နိုင်)၀၉၂၃၅၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(နေပြည်တော်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/2460 Toyota, Hilux Surf. KZN 185၊ S/W (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၂/မရက(နိုင်)၀၀၉၉၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၂၂၆၆၊ Nissan Sunny, S/C (4× 2)® ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒာမြင့် ၁၂/ကတတ(နိုင်)၀၀၁၁၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၉ယ/၂၅၈၇၆ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၇/ပခန(နိုင်)၃၅၂၇၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြဝတီမြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၀ယ/၉၀၉၂၉ ANBO-110ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည်စန်း ၁၂/မဂဒ(နိုင်)၁၂၉၂၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၄၆၇၅၁ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရထွန်း ၆/မမန(နိုင်)၁၄၇၈၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၈၅၆၂ Kenbo 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၈/ရစက(နိုင်)၀၂၉၈၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၈ဃ/၅၁၁၁ ရှမ်းစတား ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၁၃/တကန(နိုင်)၀၄၉၂၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၆ယ/၄၅၉၉၇ ဒရင်း ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းထက်အောင် ၁၃/တကန(နိုင်)၂၆၀၂၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ယ/၄၀၈၂၉ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း MKA-၀၄၃၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၄ယ/၅၅၇၅၀၊ Yamaha Fino ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဝိုးလ ၁၃/တခလ(နိုင်)၀၃၉၂၃၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ယ/၄၂၇၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းကျော် ၁/မမန(နိုင်)၀၄၁၈၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၆၀၁၂ Bo Kyaw L/T(PHR-01) ပစ်ကပ်(၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးအီတီ ၁၃/ကလတ(နိုင်)၀၁၆၂၆ကေ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လဲချားမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးကျော်ဝင်း ၁၃/တကန(နိုင်)၀၈၀၅၃၅ နှင့် ဦးကျော်ကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း(ခ)ဦးကျော်ကျော်**

**ပျောက်ဆုံးကြောင်း**

ကျွန်မဒေါ်သိန်းငွေ ၂/လကန(နိုင်)၀၁၉၇၀၃၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၃၃၄၁၄၅၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၄၇၀၉၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြရွှေ(ခ)ဒေါ်စိန်ရွှေ ၁/မကန(နိုင်)၀၃၆၃၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/4053, Mitsubishi Lancer, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးနိုင် ၁၂/လမတ(နိုင်)၀၂၆၁၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ကုန်စည်စီးဆင်းမှုအတွက်အရေးပါသည့် ကဘော်ချိုင့်ဝှမ်းလွင်ပြင်ဒေသ မြစ်သာမြစ်ကူးစိုင်ဒူးတံတား

**သျှင်နေမင်း**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေး၊ တမူးမြို့များနှင့် ချင်းပြည်နယ် ဟားခါး၊ ထန်တလန်မြို့များအတွက် ကုန်စည်စီးဆင်းမှုတွင် အရေးပါလှသည့် အရှည်ပေ ၆၀၀ ကျော်၊ အကျယ် ၁၂ ပေ ၄ လက်မရှိ စိုင်ဒူးတံတားကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ပန္နက်ချတည်ဆောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့ကာ အာရှပတ်လမ်းမကြီးအတွက်လည်း အရေးပါသော တံတားတစ်ခုကို တည်ဆောက်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

"ကလေး၊ ဂန့်ဂေါ၊ ဟားခါးလမ်းတွေကလည်း ကောင်းသင့်သလောက်တော့ကောင်းလာပြီ။ လမ်းမကြီးပေါ်မှာရှိတဲ့တံတားတွေဆိုလည်း အားလုံး ကွန်ကရစ်တံတားတွေဖြစ်နေပြီ။ ဒါပေမယ့် ကုန်ပစ္စည်းတွေကို လမ်းခံနိုင်တဲ့ ဝန်အားနဲ့မမျှ တင်ဆောင်ပြီးသွားနေကြတဲ့ ၁၀ ဘီးကားကြီးတွေ ၁၂ ဘီးကားကြီးတွေကို သေချာစစ်ဆေးဖို့တော့လိုမယ်။ မစစ်ဆေးဘူးဆိုရင် လမ်းတွေ တံတားတွေကတော့ မကြာခင်ပျက်စီးသွားမှာပါ"ဟု တံတားများ ရေရှည်ခိုင်မာတည်တံ့ရေးနှင့်ပတ်သက်၍ ကလေးဒေသခံတစ်ဦးက ၎င်း၏ အမြင်ကို ပြောပြသည်။

ဂန့်ဂေါမြို့မှ ကလေးမြို့သို့ ၉၁ မိုင်ကျော်ရှည်လျားပြီး ဂန့်ဂေါမြို့မှ ချင်းပြည်နယ် ဟားခါးမြို့သို့ ၈၅ မိုင်ကျော်ရှိကာ ကလေး၊ တမူးနှင့် ဟားခါးမြို့များမှ မုံရွာ၊ မန္တလေးမြို့ကြီးများသို့သွားမည်ဆိုပါက စိုင်ဒူးတံတားကို ဖြတ်၍သွားရသောကြောင့် စိုင်ဒူးတံတားသည် ကုန်စည်စီးဆင်းမှုအတွက် အရေးပါပြီး ဒေသကိုအကျိုးပြုလျက်ရှိနေသည်။ ။

## ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးခြင်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုအတွင်း မွေးမြူထားသော ခွေးများအား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးခြင်းနှင့် ခွေးရူးပြန်ရောဂါဆိုင်ရာ ပညာပေးဟောပြောခြင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မယ်ဖားလုံဖောင်ဒေးရှင်းမှ တာချီလိတ်တာဝန်ခံ တိရစ္ဆာန်ဆေးဘက်ဆိုင်ရာဆရာဝန်၊ မွေးမြူရေးကျေးလက်လူငယ်များ ပူးပေါင်းပါဝင်သည့်အဖွဲ့များက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မိုင်းကိုးကျေးရွာအုပ်စုရှိ မနော်ကျေးရွာ၊ ကော်မယ်လိတ်ကျေးရွာ၊ မယ်လိတ်ပါကော်ကျေးရွာနှင့် နာတာကျိုကျေးရွာများတွင် မွေးမြူထားသော ခွေးအကောင် ၃၃၀ကျော်ကို အခမဲ့ ကာကွယ်ဆေးထိုးခြင်းကို နိုဝင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ခွေးရူးပြန်ရောဂါ လူတွင်ဖြစ်ပါက ရာနှုန်းပြည့် အသက်ဆုံးရှုံးနိုင်ကြောင်း၊ ခွေးရူးအကိုက်ခံရပါက ချက်ချင်းအချိန်မီ ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်းစသည့် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း**



## ဖွံ့ဖြိုးအောင်မြင်လျက်ရှိသော ဝက်ကော်ကျေးရွာမှ မြန်မာ့ရိုးရာ ဝါးခမောက်လုပ်ငန်း

**ဇီးကုန်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သရက်တပင်အုပ်စု ဝက်ကော်ကျေးရွာသည် ရှမ်းနှင့် မြန်မာလူမျိုးများနေထိုင်သော စိုက်ပျိုးရေးကို အခြေခံသည့် ကျေးရွာတစ်ရွာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအပြင် ရှေးအစဉ်အဆက် မိရိုးဖလာလုပ်ကိုင်လာခဲ့သော ရိုးရာလက်မှုလုပ်ငန်းအချို့မှာ ဝါးခမောက်လုပ်ငန်းဖြစ်သည်။

တောင်သူများအတွက် မရှိမဖြစ်အသုံးအဆောင်တစ်ခုဖြစ်သကဲ့သို့ မြို့ပြနေ လူတန်းစားများအတွက်လည်း ယနေ့တိုင်အရေးပါနေဆဲ လုပ်ငန်းတစ်ခုဖြစ်သည်။ ဝက်ကော်ရွာသူ ရွာသားတို့သည် ဝါးခမောက်လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်လည်းကောင်း၊ ဥယျာဉ်ခြံမြေလုပ်ငန်းနှင့်တွဲဖက်သော လုပ်ငန်းအဖြစ်လည်းကောင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်ပြီးစီးသည့်အချိန်တွင် အပိုဝင်ငွေရသော လုပ်ငန်းအဖြစ်လည်းကောင်း လုပ်ကိုင်လာခဲ့ကြသည်။

ဝါးခမောက် လုပ်ငန်းအတွက် အဓိကကုန်ကြမ်းမှာ ဝါးပိုးဝါးပင်ဖြစ်သည်။ ၎င်းဝါးပင်မှရသော ဝါးပလပ်(ခ) ဝါးဖတ်များသည် ဝါးခမောက်လုပ်ငန်းအတွက် အဓိကဖြစ်သည်။ ၎င်းအပြင် အခြားကုန်ကြမ်းပစ္စည်းများမှာ ဝါးခွေ၊ ချည်၊ ဖယောင်း၊ ပလတ်စတစ်၊ ဇာ၊ ထိပ်ဖူးတို့ဖြစ်ပြီး ၎င်းတို့ကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် သစ်လွင်လှပသော ဝါးခမောက်အမျိုးမျိုးကို ရရှိနိုင်သည်။

ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ဝါးခမောက်တစ်လုံးလျှင် ပျမ်းမျှငွေကျပ် ၃၀၀ ဖြစ်ပြီး လက်ကားရောင်းဈေးမှာ ကုန်ကြမ်းအပေါ်မူတည်၍ အတက်အကျရှိသော်လည်း ပျမ်းမျှငွေကျပ် ၃၈၀ ဝန်းကျင်ရှိသည်။ ယခုအခါ ဝါးခမောက်ဈေးမှာ ကျဆင်းသွားခြင်းမရှိဘဲ ဝယ်လိုအားရှိနေခြင်းကြောင့် နေပြည်တော်၊ ပျဉ်းမနား၊ အောင်လံ၊ တောင်တွင်းကြီး၊ မကွေး၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်စသည့်မြို့များအထိ ကား၊ရထားများဖြင့် တင်ပို့လျက်ရှိသည်။ ဝက်ကော်ကျေးရွာတွင် ဝါးခမောက်ရောင်းဝယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝါးခမောက်ကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက် နှစ်ခု ဖွင့်လှစ်ထားရှိပြီး လစဉ် ဝါးခမောက်များကို ပျမ်းမျှ တစ်လလျှင် ၂၅၀၀၀ ခန့် တင်ပို့လျက်ရှိသည်။

ဝက်ကော်ကျေးရွာ ဝါးခမောက်လုပ်ငန်းသည် ရိုးရာအစဉ်အလာမပျက် နှစ် ၁၀၀ ကျော် လုပ်ကိုင်လာခဲ့သော ဒေသတွင်း အောင်မြင်သည့် ရိုးရာကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသခံများ၏ အဓိကစီးပွားရေး လုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။ **ကိုသက်(ဇီးကုန်း)**

## ဇီးကုန်းမြို့၌ မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်မည်

**ဇီးကုန်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ မြန်မာ့စီးပွားရေးဘဏ်မြို့နယ်ဘဏ်ခွဲကို နိုဝင်ဘာ ၁၉ ရက်က ပန္နက်တင်စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့ အမှတ်(၂)ရပ်ကွက် ကံကြီးလမ်းပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်နေရာတွင် အဆောက်အအုံသစ်ကို တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ငွေကျပ်သန်း ၇၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

## ကြက်မွေးမြူရေးဇုန်၌ မီးဘေးအန္တရာယ်နှင့် ကူးစက်ရောဂါကာကွယ်ရေး စစ်ဆေး

**ခင်ဦး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြက်မွေးမြူရေးဇုန်၌ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းရှင်များ၏ ကြက်ခြံ ၂၁ ခြံကို နိုဝင်ဘာ ၁၇ ရက်က စစ်ဆေးခဲ့သည်။

ကြက်မွေးမြူရေးဇုန်သည် မီးလောင်မှုနှစ်မှုဖြစ်ပွားခဲ့သဖြင့် ယခုနှစ် ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုအခြေအနေများ၊ ကြက်ခြံတိုင်း မီးသတ်ဆေးဘူးများ ရှိ မရှိကို လည်းကောင်း၊ ဥစားကြက်များ ဇီဝလုံခြုံရေးနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုး၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးကျော်စိုးပိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာလှလှပြုံးတို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**


### သာသနာရေးဝန်ကြီးဌာန
### ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊
### စွယ်တော်မြတ်စေတီတော်အနီး
### အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
### ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
### ဒီပလိုမာ(၁)နှစ် သင်တန်းတက်ရောက်ခွင့်
## လျှောက်လွှာများခေါ်ယူခြင်း

၁။ **အရည်အချင်းသတ်မှတ်ချက်**
(က) **ပြည်တွင်းလျှောက်လွှာရှင်များ**
(၁) ရဟန်းတော်များ ဓမ္မာစရိယတန်းအောင်မြင်ပြီးဖြစ်ရမည်။
(၂) သာသနာ့နွယ်ဝင် သီလရှင်များ၊ လူပုဂ္ဂိုလ်များ (ကျား/မ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။
(၃) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(ခ) **ပြည်ပလျှောက်လွှာရှင်များ**
(၁) နိုင်ငံခြားသား ရဟန်းတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးများသည် သတ်မှတ်ထားသည့် အထက်တန်းအဆင့် (Matriculation) မြန်မာနိုင်ငံတွင် ကျင်းပသော အခြေခံပညာအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းနှင့် အဆင့်တူ စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(၂) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(ပြည်တွင်း၊ ပြည်ပ လျှောက်လွှာရှင်များသည် ပညာအရည်အချင်း အောင်လက်မှတ်မူရင်းများကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရန်)။
၂။ **အသက်ကန့်သတ်ချက်**
လျှောက်ထားသူသည် အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ **ဝင်ခွင့်စာမေးပွဲ (ရေးဖြေ၊ နှုတ်ဖြေ)**
(က) **အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည့်မေးခွန်းလွှာများ**
(၁) တက္ကသိုလ်ဝင်ခွင့်အဆင့်ရှိ အင်္ဂလိပ်ဘာသာမေးခွန်းလွှာ၊
(၂) အခြေခံဗုဒ္ဓဘာသာ ဗဟုသုတမေးခွန်းလွှာ၊
(ခ) **အင်္ဂလိပ်ဘာသာဖြင့် လူတွေ့ဖြေဆိုခြင်း။**
၄။ **ဝင်ခွင့်လျှောက်လွှာပိတ်ရက်** - ၁၅-၁၂-၂၀၁၄ ရက်
၅။ **ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်** - ၉-၁-၂၀၁၅ ရက်
၆။ **တက္ကသိုလ်စတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၅ ခုနှစ် ဇွန်လ ပထမပတ်
၇။ ဒီပလိုမာ(၁)နှစ်သင်တန်း အောင်မြင်ပြီးသူသည် B.A(B.Dh.) ဘွဲ့(၂)နှစ် သင်တန်းဆက်လက်တက်ရောက်ရန် လျှောက်ထားနိုင်သည်။
၈။ ပြည်ပသင်တန်းသားများ ပညာဆည်းပူးနေစဉ်ကာလတစ်လျှောက် ပညာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို တက္ကသိုလ်က တာဝန်ယူပေးမည်။
၉။ **ဆက်သွယ်စုံစမ်းရန် တယ်လီဖုန်းအမှတ်များ**
၆၅၀၇၁၂၊ ၆၅၀၇၁၃၊ ၆၅၂၆၂၉
Fax-၀၉၅-၁-၆၅၀၇၀၀



## ဝန်ထမ်းအလိုရှိသည်

- ဟွာချမ်း လျှပ်စစ်ပစ္စည်း ဖြန့်ချိရေးကုမ္ပဏီ
- ရန်ကုန်ရုံးတွင် အလုပ်ခန့်ရန်
- အောက်ပါဝန်ထမ်းများ အလိုရှိသည်။
- တာဝန်ခံ(၂)ဦး၊ ကျား(၁)ဦး၊ မ(၁)ဦး
  တရုတ်/မြန်မာဘာသာ ကျွမ်းကျင်စွာပြောဆိုတတ်ရမည်။
- အရောင်းမြှင့်တင်ရေး (၅) ဦး
  ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ကျား/မ မရွေး
- ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၀၆၉၅၄
  ကိုခိုင်ထက်၊ အမှတ် ၃၇၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာ၊ နွယ်သာကီမှတ်တိုင်အနီး
  (၂၈)ရက်နောက်ဆုံးထား၍ C.V ဖောင် လာရောက်လျှောက်ထားရန်

**ညီညီအောင်**
**မော်ကွန်းထိန်း**



## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းစက်ရုံများမှ ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-
၂။ **ရောင်းချမည့်ပစ္စည်းမှာ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျားဝတ်ချုပ်ထည်များ၊ မဝတ်ချုပ်ထည်များ၊ သက်န်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအမျိုးမျိုးနှင့် အခြားချုပ်ထည်များ၊ အလေအလွင့်ပစ္စည်းများ
၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၆-၁၂-၂၀၁၄၊ ၇-၁၂-၂၀၁၄ ရက် (စနေနေ့နှင့်တနင်္ဂနွေနေ့)
၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၉:၀၀ နာရီ
၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၁) သုခဝတီလမ်း၊ ဖရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၆၆၊ ၀၁-၆၆၀၄၁၀ တို့သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**အထည်အလိပ်လုပ်ငန်း**



### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၉၆၉၇ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝေ MHAMY-၀၀၀၈၆၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**



### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၆၆၈ GANIAWIN (GTW.J.01)ဂျစ်(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးခင် ၉/မနတ(နိုင်)၀၆၅၁၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ



## နတ်မောက်၌ မိုးစပါးအထွက်ကောင်းမျိုးများ စိုက်ပျိုးအောင်မြင်

**နတ်မောက် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စု ပေါက်ကုံကျေးရွာ ကျောက်တံခါးဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားရှိသည့် မိုးစပါးဗီယက်နမ်ပုလဲသွယ် အထွက်ကောင်းမျိုး ဧက ၃၀ ကျော် မျိုးသန့်စိုက်ခင်းများကို (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ စုပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မိုးစပါးစိုက်တောင်သူများကိုယ်စား ကျောင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက မိမိတို့ဒေသတွင် အထွက်ကောင်းပြီး စားသုံးမှုအရည်အသွေးလည်းကောင်းမွန်သည့် ဗီယက်နမ်ပုလဲသွယ် စပါးမျိုးများ စတင်စမ်းသပ် စိုက်ပျိုးအောင်မြင်ခြင်းဖြင့် ဒေသနေတောင်သူများ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အကူတစ်ရပ်ပင် ဖြစ်ပါကြောင်း ရှင်းလင်းခဲ့ပြီး (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူးက အညာဒေသ တောင်သူများအနေဖြင့် ဝီရိယအားကိုးပြီး ရာသီဥတုကိုမှီခိုနေရသဖြင့် ရေတော်မိုးတော် ဆည်ရေသောက်ဧရိယာများတွင် ယခုကဲ့သို့ အထွက်ကောင်း အရည်အသွေးကောင်း စပါးမျိုးများ အပြည့်အဝစိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသတစ်ခုလုံး၏ ဝမ်းစာဖူလုံမှုအတွက် အထူးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ဗီယက်နမ်ပုလဲသွယ်စိုက်ခင်းကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၅၄ ဒသမ ၃၁ တင်းနှုန်းထွက်ရှိခဲ့ ကြောင်းသိရသည်။

မြို့နယ် ပြန်/ဆက်)

## တရားမဝင် တစ်ဖက်နိုင်ငံလုပ်စားသောက်ကုန်များ သိမ်းဆည်းရမိ

**နောင်ချို နိုဝင်ဘာ ၂၀**

နောင်ချိုမြို့နယ် ဌာနစုံပူးပေါင်းပါဝင်သည့် (Mobile Team) လှုပ်ရှား (၁)အဖွဲ့တို့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မူဆယ်-မန္တလေးကားလမ်းတစ်လျှောက် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် မူဆယ်ဘက်မှ နောင်ချိုမြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်ပေါ်မှ တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော ဒါးလီဘီယာ ဖာ ၂၀၀၊ အချိုမှုန့် ၁၀ အိတ်၊ အချိုရည်သံဘူး ၃၆ ဖာ၊ ကြက်အူချောင်း ၆၃ ဖာ၊ ခေါက်ဆွဲခြောက် ခေါက်ဆွဲစိမ်း ၁၅ ဖာတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသည်။

တရားမဝင် အကောက်ခွန် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကြက်အူချောင်း ၆၃ ဖာကို အများပြည်သူစားသုံးရန်မသင့်၊ ကျန်းမာရေးနှင့် မညီညွတ်သည့်အတွက် မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ (ဝဖ၁)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့ရှိ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပမည်

**သိန်းနီ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့ရှိ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့်ပွဲတော်ကို နိုဝင်ဘာ ၂၄ ရက် မှ ၂၈ ရက်အထိ ငါးရက်တိုင် ဘုရားကြီးဝင်းအတွင်းနှင့် ဟော်နန်းတော်ဟောင်း နေရာတွင် ကျင်းပမည်ဟု သိရသည်။

မဟာမြတ်မုနိဘုရား နှစ်(၁၀၀) ပြည့်ပွဲနှင့်အတူ ရှမ်းနှစ်သစ်ကူးပွဲ၊ စော်ဘွားဟော်နန်းတက်နှစ် (၁၀၀) ပြည့်ပွဲတို့ကို တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းနှစ်သစ်ကူးနေ့သည် နတ်တော်လဆန်း ၁ ရက်နေ့ဖြစ်ပြီး မဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း နှစ်စဉ် ရှမ်းနှစ်သစ်ကူးတွင် ကျင်းပခဲ့ကြောင်း၊ ယခုနှစ်သည် မဟာမြတ်မုနိဘုရားကြီး နှစ် (၁၀၀) ပြည့်ပွဲတော်၊ စော်ဘွားဟော်နန်းတက် နှစ်(၁၀၀)ပြည့်ပွဲတော်ဖြစ်၍ ရှမ်းနှစ်သစ်ကူးနေ့ကိုပါပေါင်းပြီး စည်စည်ကားကားဖြစ်အောင် ကျင်းပရခြင်း ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းသန်းလှိုင်က ပြောသည်။

မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အလှူပွဲကို ဘုရားဝင်းအတွင်း ကျင်းပမည်ဖြစ်ပြီး ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃနာယကဆရာတော်အပါး ၁၈၀ ကို ပင့်ဖိတ်ဆွမ်းကပ်လှူဒါန်းခြင်း ပြုလုပ်ပြီး သံဃာတော်များစည်းဝေးပွဲတစ်ရပ် ပြုလုပ်မည်ဟု သိရသည်။ နိုဝင်ဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ ဓမ္မစကူးလ် ကိစ္စရပ်များကို သံဃာတော်များက ဆက်လက်ဆွေးနွေးမည်ဟုသိရသည်။

"သိန်းနီမြို့ မဟာမြတ်မုနိဘုရားပွဲနှစ်(၁၀၀)ပြည့်၊ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ဟော်နန်းတက်နှစ် (၁၀၀) ပြည့်ပွဲတော်မှာ ရှမ်းတိုင်းရင်းသားတွေသာမကဘဲ တိုင်းရင်းသားပေါင်းစုံတက်မှာပါ။ ရှမ်းမျိုးနွယ်စုတွေဖြစ်တဲ့ တိုင်းနီ၊ တိုင်းလျှံတွေနေတဲ့ ဗန်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမိတ်၊ ရန်ကုန်၊ မန္တလေး၊ ဟုမ္မလင်း၊ ခန္တီး၊ စစ်ကိုင်းစတဲ့ ပြည်တွင်းက ရှမ်းတိုင်းရင်းသားတွေသာမက နိုင်ငံခြားမှာ နေထိုင်တဲ့ စော်ဘွားကြီးရဲ့ ဆွေတော်မျိုးတော်တွေ၊ အရပ်ဒေသအသီးသီးက ရှမ်းတိုင်းရင်းသားတွေ လာမှာပါ။ ဖွင့်ပွဲအခမ်းအနားကို ရှမ်းရိုးရာဝတ်စားဆင်ယင်မှုတွေနဲ့ မင်းခမ်းမင်းနားနဲ့ ဖွင့်မှာပါ"ဟု သိန်းနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်က ပြောသည်။

နှစ် (၁၀၀)ပြည့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းသန်းလှိုင်က "နိုဝင်ဘာ ၂၄ ရက်တွင် နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နှစ်သစ်ကူးမင်္ဂလာ အမှာစကားပြောပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးကာ လှူဒါန်းမှုတွေအပြီးမှာ အနယ်နယ်က ရောက်လာတဲ့ ဧည့်သည်တွေနဲ့အတူ ကောက်သစ်စားပွဲ ကျင်းပမှာပါ"ဟု ပြောသည်။

သိန်းနီကို ရှမ်းဘာသာအရ ရှဲန်ဝီ HSENWI ဟု ခေါ်ဆိုကြပြီး အေဒီ ၉၅၇ ခုနှစ်တွင် စတင်တည် ထောင်ခဲ့ပြီး ရှမ်းစော်ဘွားများ အုပ်ချုပ်ခဲ့ကြောင်း၊ နောက်ဆုံးအုပ်ချုပ်ခဲ့သော စော်ဘွားကြီး စဝ်ဟုံဖလက်ထက်အထိ စော်ဘွားကြီး ၃၄ ဦးရှိခဲ့ပြီး အစဉ်အဆက်က ရှမ်းစော်ဘွားကြီးများမှာ ဗမာမင်းအဆက်ဆက်နှင့် ကူးလူးဆက်ဆံ ဆွေမျိုးတွေဖြစ်ခဲ့ကြောင်း၊ သိန်းနီမြို့သည် ရှမ်းစော်ဘွားကြီးများ အုပ်ချုပ်ရာ ဒေသအဖြစ် စည်ကားခဲ့ကြောင်း သိရသည်။

သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းလက်ထက် AD ၁၉၁၄



သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် မဟာမြတ်မုနိ ဗုဒ္ဓဆင်းတုတော်ကြီးကို သွန်းလောင်းပြီးစီးခဲ့ရာ ယခုအခါ နှစ် ၁၀၀ ပြည့်မြောက်ပြီဖြစ်ကြောင်း စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းမှာ သိန်းနီနယ်တွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်များ မဟာမြတ်မုနိဘုရားကြီးကို အလွယ်တကူ ဖူးနိုင်စေရန်အတွက် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး အတိုင်း အထွာအတိုင်း ပြုလုပ်စေပြီး တောင်တန်းဒေသများတွင် ဗုဒ္ဓဘာသာ သာသနာထွန်းကားပြန့်ပွားစေရန် ရည်ရွယ်လျက် စော်ဘွားကြီး ပိုင်ဆိုင်သော ရွှေ၊ ငွေ၊ ကြေး၊ ကျောက်သံပတ္တမြား ရတနာပစ္စည်းမျိုးစုံကို ရဟန်းရှင်လူတို့ လှူဒါန်းမှုနှင့်ပေါင်းစပ် သွန်းလောင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ပိဿာချိန် ၂၈၉၀ ရှိပြီး လွန်စွာသပ္ပာယ်လှကြောင်း ဒုတိယ ကမ္ဘာစစ်အတွင်း သိန်းနီတစ်မြို့လုံး ဗုံးဒဏ်ကြောင့် ပျက်စီးရာတွင် မဟာမုနိရုပ်ပွားတော်ကြီးရှိရာ ကျောင်းဆောင်ကြီး အပိုင်းပိုင်းပြိုပျက်သော်လည်း ဆင်းတုတော်ကြီးမှာမူ တစ်စုံတစ်ရာ ပျက်စီးခြင်းမရှိခဲ့ကြောင်း သိရသည်။

ဗုံးဒဏ်ကြောင့် ကျောင်းဆောင်တော်ကြီး ပျက်စီးသွားသော မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အေဒီ ၁၉၂၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်တွင် စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ သားတော် သတိုးမဟာသရေစည်သူဘွဲ့ရ စော်ဘွားကြီး စဝ်ဟုံဖနှင့် ဆွေတော်မျိုးတော်များ တိုင်းရင်းသားများ ယခု ဖူးမြင်ရသော စေတီပေါက် ကျောင်းဆောင်တော်ကြီး ဆောက်လုပ်ပူဇော်ထားခဲ့ကြောင်း သိရသည်။ **မမ(လားရှိုး)**


## အလိုတော်ပြည့်ဘုရားပွဲ ဖိတ်ကြားလွှာ

ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦးမြို့နယ် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလိုတော်ပြည့်ဘုရားပွဲတော်ကို ၁၃၇၆ ခုနှစ် နတ်တော်လဆန်း (၁၄-၁၅)၊ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ(၅-၆)ရက်များတွင် အလိုတော်ပြည့်ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များမှဦးစီး၍ အမြို့မြို့အနယ်နယ်မှ ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး (၅၀၀၀)တို့ဖြင့် ဗုဒ္ဓပူဇနိယထီးဖြူတော်ဖွင့်ပွဲအခမ်းအနားဖြင့် လှူဒါန်းပူဇော်ပြီး ပင့်သံဃာ (၅၂၈)ပါးတို့အား လှူဒါန်းဖွယ်ရာဝတ္ထုများကို လှူဒါန်းပူဇော်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ပင့်သံဃာတစ်ပါးလျှင် (၁၀၀၀၀)ကျပ်ဖြင့် ငွေပဒေသာပင်များ လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။ မိမိတို့လောင်းလှူလိုသော ပစ္စည်းများကို ပင့်သံဃာ (၅၂၈)ပါးအတွက် သံဃာ့ဒါနသံဃာစေ့လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ပါသည်။

ဘုရားပွဲတော်ကို ၅-၁၂-၂၀၁၄ ရက်မှစ၍ ၁၄-၁၂-၂၀၁၄ ရက်ထိ ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့် ကပြဖျော်ဖြေမည်ဖြစ်ပါသည်။

**အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့၊ ပုဂံ-ညောင်ဦးမြို့**



**ဒေါ်မေသူကျော် ၉/စကတ(နိုင်)၀၇၉၄၄၂ နှင့်အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေ ကိုအောင်ပြည့်ဖြိုး ၉/မသန(နိုင်)၁၂၁၆၈၅၊ အမှတ် (၈/၂၆)၊ ရွှေချီ ၄လမ်း၊ ရွှေချီရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်ကောင်စီနယ်မြေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကိုအောင်ပြည့်ဖြိုးနှင့် မမေသူကျော်တို့သည် ၂၀၀၈ခုနှစ် ၁၀လပိုင်းမှာ စတင်ပေါင်းသင်းခဲ့သည့် ဇနီးမောင်နှံများဖြစ်ပြီး ၂၀၁၁ခုနှစ် ၁၀လပိုင်းတွင် မမေသူကျော်သည် အိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ ထိုသို့ဆင်းသွားပြီးနောက်ပိုင်းမှစ၍ ခင်ပွန်းဖြစ်သူ ကိုအောင်ပြည့်ဖြိုးအား အဆက်အသွယ်တစ်စုံတစ်ရာမပြုခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ (The Myanmar Divorce Act)အရ (၃)နှစ်ခန့်စွန့်ပစ်ခြင်းဖြစ်၍ ကိုအောင်ပြည့်ဖြိုးမှ အလိုအလျောက်ကွာရှင်းခွင့်ရထိုက်သည့်အတွက် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်မှုပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ သို့ပါ၍ မမေသူကျော်အနေဖြင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်မှုမပြုလုပ်ပါက နှစ်ဦးသဘောတူကွာရှင်းခြင်းအား သဘောတူညီမှုရရှိပြီးသကဲ့သို့ဖြစ်ပြီး နောက်နောင်တွင် တစ်ဦးကတစ်ဦးအပေါ်တွင် လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းနှင့် စပ်လျဉ်း၍ ရယူပိုင်ခွင့်၊ တောင်းခံပိုင်ခွင့်များမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေတူး LL.B (စဉ်-၃၃၉၇၅) ဒေါ်အေးမော်မော်ထွန်း LL.B (စဉ်-၃၆၇၇၃)**

**(အထက်တန်းရှေ့နေများ)**

**EUREKA LEGAL SERVICES အမှတ် (၁၀/၄၄)၊ မောင်ခင်လမ်း၊ ရွှေချီရပ်၊ ပျဉ်းမနားမြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/A၊ မြေကွက်အမှတ် ၆၆/A ၊ မြေကွက်တည်နေရာအမှတ် ၁၅၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ (မောင်ဘ၊ မရွှေ) အမည်ပေါက် မြေပိုင်မြေ၊ ၃(က)ရပြီးမြေအား အမည်ပေါက် မောင်ဘ၊ မရွှေတို့၏ တစ်ဦးတည်းသောသမီး ဒေါ်အုန်းမေ ကွယ်လွန်၊ သမက်ဖြစ်သူ ဦးလုကြီးကွယ်လွန် တစ်ဦးတည်းသောမြေးဖြစ်သူ ဒေါ်ရီစီမြမြကွယ်လွန်သဖြင့် ဦးကျော်လှိုင် ၁၂/အစန(နိုင်)၀၂၇၃၄၄မှ မြေးသမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၆၅/က၊ မြေကွက်တည်နေရာအမှတ် ၄၆၅/က၊ ၁၂ လမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥ(ဦးထွန်းကျော်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား (ဦးထွန်းကျော်)ကွယ်လွန်သဖြင့် ဒေါ်တင်တင်မြင့် ၁၂/ဥကတ(နိုင်)၀၁၄၆၆၇ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅) ရပ်ကွက်၊ မြေကွက်အမှတ် (၁၁၃၆)ဟုခေါ်တွင်သော ဦးထွန်းလင်းအမည်ပေါက် မြေချပါမစ်နှင့်ပတ်သက်၍**

**အများသိစေရန်ကြေညာခြင်း**

အထက်ပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းလင်း ၁၂/လမန(နိုင်)၁၀၅၃၁၅ မှ လေတပ်စစ်မှုထမ်းအဖြစ်လုပ်ကိုင်စဉ် နိုင်ငံတော်မှမြေကွက်များ ချထားပေးသောကြောင့် ကျွန်ုပ်မိတ်ဆွေ၏အမည်ဖြင့် အထက်ဖော်ပြပါမြေချပါမစ်မူရင်းနှင့်တကွ ရရှိပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေကွက်အား လက်ဝယ်ရရှိပြီးနောက် မြေကွက်အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေပါသော်လည်း အဆိုပါမြေကွက်၏ပိုင်ဆိုင်မှုအထောက်အထားဖြစ်သည့် မြေချပါမစ်မူရင်းမှာ သိမ်းဆည်းထားသည့်နေရာတွင် ရှာဖွေတွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါမြေချပါမစ်အား လက်ဝယ်ရှိသူမည်သူမဆို ယနေ့မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်တွေ့ဆုံ၍ ပြန်လည်အပ်နှံပါရန်နှင့် လာရောက်အပ်နှံခြင်းမရှိဘဲ လက်ဝယ်ယူဆောင်ထားသူအား စုံစမ်းသိရှိရချိန်၌ ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထိုမြေချပါမစ်အား အမည်ပေါက်ပိုင်ရှင် ဦးထွန်းလင်းက မည်သူ့ကိုမှ လွှဲပြောင်းရောင်းချပေးအပ်ထားခြင်းမရှိပါသဖြင့် လက်ဝယ်ထားသူမှ လွှဲပြောင်းခွင့်တစ်စုံတစ်ရာပြုလုပ်ပါလျှင်လည်း တရားဝင်လွှဲပြောင်းမှု မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ**

**(ရုံး)ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**

**ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၂၅၆၀၂၂၆၀၈**

## ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**
**ပခုက္ကူတက္ကသိုလ်**

## (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပခုက္ကူတက္ကသိုလ်က ကျင်းပခဲ့သော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာသုတေသနဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ပခုက္ကူတက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကြေး
တက်ရောက်ဘွဲ့ကြေး ၁၅၀၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက် ၁၉-၁၂-၂၀၁၄ ရက်အထိ

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲမှရယူ၍ လွန်ခဲ့သော ၃ လအတွင်း ရိုက်ကူးထားသော (၂×၁½)လက်မ ဓာတ်ပုံသုံးပုံနှင့်အတူ ပူးတွဲ၍ ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားကြရမည်။
၂။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။
၃။ ရပ်ဝေးမှ ဘွဲ့လျှောက်လွှာပေးပို့သူများသည် စာတိုက်ငွေပို့လွှာ( Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း** ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ပခုက္ကူတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ)
၄။ ဘူမိဗေဒအထူးပြုဘာသာရပ်ဖြင့် ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူနှစ်မျိုးလုံး ပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
၅။ ပခုက္ကူတက္ကသိုလ်(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၂၄-၁-၂၀၁၅ ရက် (စနေနေ့)
နံနက်ပိုင်းအစီအစဉ် နံနက်၉း၀၀နာရီ
* အစမ်းလေ့ကျင့်ရက် - ၂၂-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီ
- မဟာသုတေသနဘွဲ့
- မဟာ(ဝိဇ္ဇာ/သိပ္ပံ)ဘွဲ့ (၂၀၀၇-တက္ကသိုလ်ဝင်တန်းအောင်) (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဘူမိဗေဒ အထူးပြုများ)
- သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၉-တက္ကသိုလ်ဝင်တန်းအောင်) (ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀-တက္ကသိုလ်ဝင်တန်းအောင်) (အင်္ဂလိပ်စာ၊ ဓာတုဗေဒ အထူးပြုများ)

(ခ) (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၄-၁-၂၀၁၅ ရက် (စနေနေ့)
မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀နာရီ
*အစမ်းလေ့ကျင့်ရက် - ၂၂-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀နာရီ
- မဟာ(ဝိဇ္ဇာ/သိပ္ပံ)ဘွဲ့ (၂၀၀၇ တက္ကသိုလ်ဝင်တန်းအောင်) (အင်္ဂလိပ်စာ၊ သင်္ချာအထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၉-တက္ကသိုလ်ဝင်တန်းအောင်) (သမိုင်း၊ အရှေ့တိုင်းပညာ၊ သင်္ချာအထူးပြုများ)
- သိပ္ပံဘွဲ့ (၂၀၁၀-တက္ကသိုလ်ဝင်တန်းအောင်) (ရူပဗေဒ၊ ဘူမိဗေဒ အထူးပြုများ)

(ဂ) (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
နံနက်ပိုင်းအစီအစဉ် နံနက် ၉း၀၀နာရီ
*အစမ်းလေ့ကျင့်ရက် - ၂၃-၁-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ
- မဟာသိပ္ပံဘွဲ့ (၂၀၀၇-တက္ကသိုလ်ဝင်တန်းအောင်) (ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၉-တက္ကသိုလ်ဝင်တန်းအောင်) (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀-တက္ကသိုလ်ဝင်တန်းအောင်) (မြန်မာစာ၊ သမိုင်း၊ သင်္ချာ အထူးပြုများ)

(ဃ) (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၂း၀၀နာရီ
*အစမ်းလေ့ကျင့်ရက် - ၂၃-၁-၂၀၁၅ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀နာရီ
- မဟာသိပ္ပံဘွဲ့ (၂၀၀၇-တက္ကသိုလ်ဝင်တန်းအောင်) (သတ္တဗေဒ၊ ရက္ခဗေဒ အထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၉-တက္ကသိုလ်ဝင်တန်းအောင်) (ပထဝီဝင်၊ ဘူမိဗေဒ အထူးပြုများ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၀-တက္ကသိုလ်ဝင်တန်းအောင်) (ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒ၊ ရက္ခဗေဒ အထူးပြုများ)

၆။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့်ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။
၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၈။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသောသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထား နိုင်ပါသည်။
၉။ အသေးစိတ်အချက်အလက်များကို ပခုက္ကူတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း- ၀၆၂-၂၁၁၇၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၁၀၆၅-ခ၊ မြေကွက်တည်နေရာအမှတ်-၁၀၆၅/ခ၊ နဝရတ် ၇လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးငွေအောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးငွေအောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်လှမြင့် ၁၂/သကတ (နိုင်)၁၂၁၂၅၉ မှသေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၁၄၆၆/က၊ မြေကွက်တည်နေရာအမှတ်-၁၄၆၆/က၊ ၇ ဈေးလမ်း၊ ၁၀တောင်၊ ၁၄ ရပ်ကွက်၊ သာကေတ (ဦးထွန်းရွှေ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းရွှေ(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်လှသိန်း ၁၂/သကတ (နိုင်)၀၈၀၉၅၃ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၉၈၆/၂၀၁၄)ရရှိသူ ဒေါ်ယုဟေမာ ၁၂/ဒပန(နိုင်)၀၅၉၂၉၂ မှသေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## Royal Golden Power Construction Co.,Ltd.

**165 လမ်း၊ အမှတ်(47)၊ တာမွေကြီး(ခ)ရပ်ကွက်၊ ရန်ကုန်မြို့**
**01-543118, 09-420075189, 09-5360644, 09-73241680**

**Senior Accountant** (M/F)-(3) Posts
B.Com, CPA, LCCI Level (III)

**Accountant** (M/F)-(4) Posts
B-Com, LCCI Level (III) (or) Any Graduate

**Site Engineer** (M/F)-(3) Posts
M.E(Civil), B.E(Civil)အောင်မြင်ပြီး Computer, Auto Cad, 3D နှင့် အင်္ဂလိပ်စာ ပြောဆိုနိုင်ရမည်။

**Assistant Engineer** (M/F)-(3) Posts
B.E (Civil), B.Tech(Civil)

**Estimater** (M/F)-(2) Posts
B.E(Civil), B.Tech (Civil) အောင်မြင်ပြီး Computer, Auto Cad, 2D, 3D ကျွမ်းကျင်စွာရေးဆွဲနိုင်သူ၊ Animation ဆွဲနိုင်သူ ဦးစားပေးမည်။

**Machine Operator For Railways Machinery** (M)-(6) Posts
AGTI, B.Tech (Mechanical of Mechatonic) Company မှ အနည်းဆုံး(၈)လ သင်တန်းပေးမည်။
(ရထားလမ်းပြုပြင်ထိန်းသိမ်းမည့် စက်ယန္တရားများ မောင်းနှင်ရန်)

**Mechanicial Engineer For railways machinery** (M/F)-(2) Posts
B-Tech, B.E, M.E (Mechatronic, Mechancial) လုပ်ငန်းခန့်အပ်ခြင်းခံရသူသည် နည်းပညာ လွှဲပြောင်းမှုဆိုင်ရာ သင်တန်းအနည်းဆုံး(၈)လ ကုမ္ပဏီတွင် သင်တန်းပို့ချမည်။ လုပ်ငန်းအတွေ့အကြုံရှိလျှင် ပူးတွဲတင်ပြရန်

**Driver** (M)-(3) Posts
အနည်းဆုံး(၁၀)တန်းအောင်မြင်ပြီး/အင်္ဂလိပ်စကားအသင့်အတင့် ပြောနိုင်သူဖြစ်ပြီး အသောက်အစားကင်းရှင်းသူ ရန်ကုန်မြို့တွင်းနှင့် နယ်ဝေးအား ကျွမ်းကျင်စွာ မောင်းနိုင်သူ

**မှတ်ချက်။** စဉ်(၁၊ ၃)အတွက် အသက်(၃၅)နှစ်အထက်နှင့် သက်ဆိုင်ရာ လုပ်ငန်း အတွေ့အကြုံ(၅)နှစ်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
စဉ်(၂၊ ၄၊ ၅)အတွက် အသက်(၂၇)နှစ်အထက်နှင့် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်

အမှတ်စဉ်အားလုံးအတွက် လိုအပ်သောအထောက်အထားပြည့်စုံစွာဖြင့် ၃၀-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ လုပ်ငန်းအားလုံးအတွက် လိုအပ်ပါက နယ်သို့သွားလာနိုင်ရမည်။ (မျှော်မှန်းလစာဖော်ပြရန်)

---

## အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၁)နေ ဒေါ်ကြည်ကြည်သန်း ၁၂/ကမတ(နိုင်)၀၁၅၈၈၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်သန်း၏အဘိုး ဦးဘတင်သည် ၂၀-၂-၁၉၄၇ ရက်စွဲပါ ကတိစာချုပ် ပြုလုပ်ချုပ်ဆိုပြီး ယခင်အိမ်အမှတ် (၅)၊ ယခုအမှတ် (၁)၊ ဗိုလ်ဥတ္တမလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အကျယ်အဝန်း (၄၅'×၄၀')ရှိ အိမ်မြေကို ဒေါ်သိန်းခင်၊ ဒေါ်ခင်လှမြင့်(ခ)အမာတို့ထံမှ လွှဲပြောင်းလဲလှယ်၍ လက်ဝယ်လက်ရောက်ရယူပြီး ဥပဒေနှင့်အညီ ပိုင်ဆိုင်ခဲ့ပါသည်။
၂။ ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေ၏အဘိုး ဦးဘတင်သည်လည်းကောင်း၊ အဘွားဒေါ်ယုသည်လည်းကောင်း ယင်းအိမ်၌ပင် အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ ထို့နောက် ၎င်းတို့၏ တစ်ဦးတည်းသောသား ဦးဖေသန်း တစ်ဦးသာထွန်းကားခဲ့ပြီး၊ ဦးဖေသန်းသည်လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်တင်ညွန့်သည်လည်းကောင်း ယင်းအိမ်၌ပင် အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ ထို့နောက် ဦးဖေသန်း၊ ဒေါ်တင်ညွန့်တို့မှ မွေးဖွားသူတစ်ဦးတည်းသောသမီး ဒေါ်ကြည်ကြည်သန်း ထွန်းကားခဲ့ပြီး အထက်ပါအိမ်မြေကို ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အလျောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်ကြည်ကြည်သန်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။
၃။ အထက်ပစ္စည်းစာရင်းပါ အိမ်မြေနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ပါသည်။ အဆိုပါအိမ်မြေသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်သန်း၏အဘိုး ဦးဘတင်လက်ထက်မှစ၍ နှစ်ပေါင်း (၆၀) ကျော်တိုင် သားစဉ်မြေးဆက်ဥပဒေနှင့်အညီ အစဉ်တစိုက်နေထိုင် ပိုင်ဆိုင်လာပြီးဖြစ်၍ ဒေါ်ကြည်ကြည်သန်း မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင် LL.B,D.B.L,D.M.L** **ဒေါ်ဖြူဖြူခိုင် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် LL.B,D.B.L**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇/ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက်တွင် ၂၀၀၀ ပြည့်နှစ်က မြို့သန့်ရှင်းသာယာလှပရေးအတွက် မူလနေထိုင်သူများ၏မြေနေရာများကို စနစ်တကျအကွက်ရိုက်ပြီး ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အဆိုပါခြောက်မိုင်ကွဲခြံကုန်းရပ်ကွက်တွင် နေထိုင်သူများမှ မြေပေးမိန့်/ယာယီအသိအမှတ်ပြုလွှာ မိတ္တူမှန်ပြန်လည်ထုတ်ယူခွင့်ပြုပါရန် အောက်အမည်ပါသူများမှ ဤရုံးသို့ တင်ပြလျှောက်ထားလာပါ၍ မြေပေးမိန့်/ယာယီအသိအမှတ်ပြုလွှာမိတ္တူကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြေညာအသိပေးသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤရုံးသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ပေအမျိုးအစား | မြေကွက်အမှတ် | နေရပ်လိပ်စာ | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|
| ၁ | ဒေါ်သီတာဦး(ခ) ဒေါ်ဟန္နာနာ | ၁၀/မလမ(နိုင်)၁၆၉၃၀၈ | ၃၀×၁၃၀ | ၃၅၀ | ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက် | မြေချမိန့်/ယာယီအသိအမှတ်ပြုလွှာမိတ္တူမှန်ပြန်လည်ထုတ်ပေးရန် |
| ၂ | ဒေါ်ရိုကာနာ | ၁၀/မလမ(နိုင်)၁၆၉၃၀၇ | ၃၀×၁၃၀ | ၃၄၈ | ॥ | ॥ |
| ၃ | ဒေါ်ဒါဝတ်ဟူစိန် | ISN-၅၇၀၂၄၀ | ၄၀×၆၀ | ၃၄၆ | ॥ | ॥ |
| ၄ | ဦးမောင်လှ | ၁၀/မလမ(နိုင်)၁၆၁၁၆၀ | ၄၀×၆၀ | ၉၈ | ॥ | ॥ |
| ၅ | ဒေါ်ရဟီမာဘီ | MME-၆၀၉၄၂၂ | ၄၀×၆၀ | ၁၀၉ | ॥ | ॥ |
| ၆ | ဒေါ်လှသန်း(ခ)ဟာဘီဘာ | ၁၀/မလမ(နိုင်)၁၈၆၈၅၁ | ၄၀×၆၀ | ၁၁၀ | ॥ | ॥ |
| ၇ | ဦးစိုးလွင်(ခ)အားလူးစိန် | ၁၀/မလမ(နိုင်)၁၈၀၅၁၂ | ၄၀×၆၀ | ၁၃၂ | ॥ | ॥ |
| ၈ | ဦးဟာရှင်ဘာနူး(ခ)အရှပ် | MME-၆၄၀၅၄၂ | ၄၀×၆၀ | ၁၃၉ | ॥ | ॥ |
| ၉ | ဦးကြည်နိုင် | MME-၅၈၄၈၆၁ | ၄၀×၆၀ | ၁၇၁ | ॥ | ॥ |
| ၁၀ | ဦးရီနွတ်(ခ)စိုးလွင် | MME-၆၁၄၉၀၂ | ၄၀×၆၀ | ၃၂ | ॥ | ॥ |
| ၁၁ | ဦးရီနွတ်(ခ)စိုးလွင် | MME-၆၁၄၉၀၂ | ၄၀×၆၀ | ၄၉ | ॥ | ॥ |
| ၁၂ | ဦးအာမွတ် | ၁၀/မလမ(နိုင်)၁၆၀၄၆၀ | ၄၀×၆၀ | ၁၄၄ | ॥ | ॥ |

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ခြံအမှတ်(၈) သံဃတက္ကသိုလ်လမ်းသွယ် (၃)၊ (၈)ရပ်ကွက်နေ ဦးဟန်စိန် ၁၂/မရက(နိုင်)၀၃၉၂၉၀က ကုန်းတလပေါင်ကျေးရွာ ဂုံညှင်းနီတော အရှေ့ကွင်းအမှတ် ၅၂၉ (စီ)ဦးပိုင်အမှတ် (၇၅)၊ မြေ ၂ ဧက အနက်မှ ဦးဟန်စိန်ပိုင်ဆိုင်သော (၄၅ပေ×ပေ၈၀)ခြံမြေကို တာမွေမြို့နယ် အမှတ် ၄၂၈၊ တိုက်(၆)ကျိုက္ကဆံအိမ်ရာနေ ဒေါ်ချိုချိုသန်း ၃/ကကရ (နိုင်)၀၁၅၀၀၀ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်။

**ဒေါ်ချိုချိုသန်း ၃/ကကရ(နိုင်)၀၁၅၀၀၀**
**ဖုန်း-၀၉-၅၀၀၀၀၉၂**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ညောင်ရွှေမြို့နယ် တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

ဦးသန်းထွန်း **နှင့်** ဒေါ်ထွေး
**တရားလို** **တရားပြိုင်**

ဒေါ်ထွေး၊ မြို့လယ်ရပ်(၂)အကွက်၊ သောင်ရွှေမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးသန်းထွန်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ၂၁ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြုံးပြုံးအောင်)**
**မြို့နယ်တရားသူကြီး**
**သောင်ရွှေမြို့နယ်တရားရုံး**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ကွယ်လွန်(ကိုယ်စား) သားသမီးများထံမှ တစ်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမြကြိုင် (ကွယ်လွန်) ၁၂/ကမရ(နိုင်)၀၂၆၁၁၇(ကစ)<br>ဒေါ်ခင်စန်း ၁၂/ကမရ(နိုင်)၀၂၅၇၅၄<br>ဦးမျိုးညွန့် ၁၂/ကမရ(နိုင်)၀၂၅၇၅၂<br>ဒေါ်လှမြင့် ၁၂/ကမရ(နိုင်)၀၀၇၉၆၄<br>ဒေါ်အေးအေးမိုး ၁၂/ကမရ(နိုင်)၀၁၁၄၄၃(မှ) | ဦးအောင်စိုးလင်း ၇/အဖန(နိုင်)၀၀၁၁၇၆<br>ဒေါ်ခင်မာလင်း ၁၃/ရငန(နိုင်)၀၂၉၀၀၇ | တိုက်အမှတ်(၁၅)၊အခန်းအမှတ်(၅၂) ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

---

## အမည်ပြောင်း

စစ်တွေမြို့ အလက(၇) တတိယတန်းမှဦးဟန်သိန်းမောင်၏သား မောင်ရဲရင့်အောင် အားယနေ့မှစ၍ မောင်ရဲမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

---

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ ရွှေကြီးမြင့် (၁)ရပ်ကွက်၊ အမှတ်(၂)မှ ဦးမင်းမင်း၏သား မောင်စိုးကိုကိုမင်း ၁၄/ကပန(နိုင်)၁၈၃၈၀၇အား မောင်ငြိမ်းအေးဟုပြောင်းလဲခေါ်ပါရန်။ **မောင်ငြိမ်းအေး**

---

## အမည်မှန်

ဦးရန်အောင်၏သမီး အင်းစိန်မြို့နယ် အရှေ့/ကြို့ကုန်း အလက(၄) အင်းစိန် အဋ္ဌမတန်း(B)မှ မဇွန်ဇွန်ပွင့်နွယ်၏ အမည်မှန်မှာ မဇွန်ပွင့်နွယ် ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံး

ကျွန်တော် မောင်သော်တာဝင်း ၉/တကန(နိုင်)၁၈၃၈၄၅၏ သင်္ဘောသား (BST) လက်မှတ်မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၂၄၂၉၃၉**

## ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ရင်ရင်မြ (တောင်ငူ)

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ်၊ ရဲမှူးချုပ်သိန်းဦး-ဒေါ်ခင်မာဝင်းတို့၏မိခင် ဒေါ်ရင်ရင်မြ(တောင်ငူ)သည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးချုပ် သန်းတင်အောင်-ဒေါ်ဇင်နွယ်မြင့် မိသားစု**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်ရင်ရင်မြ (တောင်ငူ)

**အသက်(၈၆)နှစ်**

ဒုတိယရဲချုပ်၊ ရဲမှူးချုပ်သိန်းဦး-ဒေါ်ခင်မာဝင်းတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးချုပ် ဝင်းနိုင်ထွန်းနှင့်ဇနီး**
**လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

### ဒေါ်ရင်ရင်မြ (တောင်ငူ)

**အသက်(၈၆)နှစ်**

ဗိုလ်မှူးချုပ်ဘသိန်း(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး-ဒေါ်ခင်မာဝင်း၊ ဗိုလ်မှူးကြီးသိန်းဇော်(တပ်မှူး)တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်ရင်ရင်မြ

**အသက်(၈၆)နှစ်**

ရဲမှူးချုပ်သိန်းဦး (ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်ခင်မာဝင်းတို့၏မိခင် ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မွန်ပြည်နယ်ရဲတပ်ဖွဲ့မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်ရင်ရင်မြ

**အသက်(၈၆)နှစ်**

ရဲမှူးချုပ်သိန်းဦး (ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)- ဒေါ်ခင်မာဝင်းတို့၏မိခင် ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှမြင့်ရွှေ၊ ဦးဆန်းမြင့်ဦး၊ ဦးကျော်ကျော်၊ ဦးတင်မြင့်၊ ဦးစန်းလွင်**

---

### ဦးလှသိန်း

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ် ၆၀၂၊ ရိပ်သာလမ်း၊လေးထောင့်ကန်ရပ်ကွက်နေ (ဦးဘသော်-ဒေါ်ကြိုင်)၊(ဦးဝင်း-ဒေါ်လှရင်)တို့၏သား၊ ဒေါ်မေသန်းနွဲ့၏ခင်ပွန်း၊ (ဦးအောင်သိန်း)-ဒေါ်ခင်ခင်ရီ၊ ဦးမြင့်သိန်း-ဒေါ်ကြူကြူတို့၏ညီ၊ ဒေါက်တာဝင်းသိန်း (အငြိမ်းစား ဒုညွှန်ကြားရေးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန)-ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဝင်းဝင်းတို့၏အစ်ကို၊ ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်အောင်၊ ဒေါက်တာတင်တင်အုန်း (မြို့နယ်ကျန်းမာရေးအရာရှိ၊ အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်း/ကျန်းမာ)တို့၏ဖခင်၊ မောင်မင်းသိမ်းကျော် (အဋ္ဌမတန်း-$N_3$ Private School)၏အဘိုး၊ တူ/တူမ၁၆ယောက်တို့၏ဦးလေးသည် ၂၀-၁၁-၂၀၁၄ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်သန်းမြင့်(ချောက်မြို့)

**အသက်(၇၁)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဗဟိုကွက်သစ်ရပ်၊အမှတ်၇၅နေ(ဦးခင်ငြိမ်း-ဒေါ်စိမ့်စိမ့်)တို့၏သမီး၊ ဒေါ်ခင်သန်းဝင်း၊ (ဦးခင်မောင်ကြီး)-ဒေါ်ခင်စန်းမြင့် (ရေနံဆေးရုံ၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်ခင်သန်းညွန့်(ရေနံ၊ ငြိမ်း)၊ (ဦးကျော်မင်း) - ဒေါ်ခင်ဝင်းကြည်၊ (ဦးခင်မောင်ထွေး) - ဒေါ်ခင်အေးမာ (အထက-၂)တို့၏အစ်မသည် ၁၉-၁၁-၂၀၁၄ရက် ညနေ ၃း၁၅နာရီတွင် OSCဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက်၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်မြို့၊ တိုက် ၃၀၊ အခန်း ၂၊ ဘော်စင်လမ်းသွယ်၊သုဝဏ္ဏနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်ခင်သန်း (ဖြူး)

**အသက်(၇၉)နှစ်**

ဖြူးမြို့၊ပဲခူးလမ်းတောင်ပိုင်း၊အမှတ်(ဈ-၆)နေ (ဦးဘသိန်း-ဒေါ်ခလေးမ)တို့၏သမီး၊ (ဦးမြတ်အောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးချစ်သဏ်း-ဒေါ်ခင်မာဆွေ၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်သက်၊ ဦးသန်းထိုက်အောင်-ဒေါ်ဥမ္မာညွန့်၊(ဦးသန်းထူးအောင်)၊ပျဉ်းမနားမြို့နေ ဦးသန်းကျော်အောင်-ဒေါ်ရီရီထွန်း၊ (ဦးသန်းမျိုးအောင်) - ဒေါ်ကြည်ကြည်ဝင်း၊ ဖြူးမြို့နေ ဦးသန်းမိုးအောင်-ဒေါ်အိအိဖြိုးတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဖြူးမြို့အနောက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးထွန်းဝင်း(ခ) တိုင်ရန်ချွမ်း

**အသက်(၆၀)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၃၇နေ (ဦးတင်ဟုတ်ဝှက် - ဒေါ်လင်ရွှေတင်)တို့၏သား၊ဦးဟုတ်ကျိန်(ခ)ဦးအောင်-ဒေါ်မြမြသက်တို့၏တူ၊ အမှတ် ၂၁ (အေ)၊နတ်မောက်ရိပ်သာလမ်း၊ တာမွေမြို့နယ်နေ ဦးစိန်ကြည်-ဒေါ်ခင်ခင်ကြီး၊ (ဦးလှဝင်း)-ဒေါ်ရှုလီ-ဒေါ်နှင်းဝင့်ကျော်၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးသန်းဝင်း (Sr.GM) (MOB)-ဒေါ်လျှိုကြည်ကြယ်၊ ဦးအောင်မြင့်-ဒေါ်ကင်တီတို့၏ညီ/မောင်၊ ဦးမြင့်သိန်း (Managing Director) (Oriental Leasing Co; Ltd)-ဒေါ်ကြည်ကြည်သန်း (Managing Director) (MOB)၊ ဦးဝင်းမြင့်-ဒေါ်ငေါ်ဆွေခင်တို့၏အစ်ကို၊ တူ/တူမ ၁၅ယောက်တို့၏ဦးလေးသည် ၁၉-၁၁-၂၀၁၄ရက် မွန်းလွဲ ၁း၁၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၁၁-၂၀၁၄ရက် ညနေ ၄း၃၀နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊**
**လမ်း၊ ရိပ်သာ ဒါယကာကြီး**

### ဦးချစ်ညွှန့် (မိုးကုတ်မြို့)

**အသက်(၉၂)နှစ်**

မိုးကုတ်မြို့၊ ကျပ်ပြင်မြို့မရပ်နေ ဒေါ်ခင်ငြိမ်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းဗိုလ်-ဒေါ်ချိုချိုစိုး၊ ဦးစိုးနိုင်-ဒေါ်နီနီအေး၊ ဦးဝင်းချို၊ ဦးအောင်မြင့်နိုင်-ဒေါ်ဆွေဆွေယု၊ဦးကြည်စိုးဝင်း-ဒေါ်မြင့်မြင့်ချို(မင်းသီဟကျောက်မျက်ရတနာ)၊ ဦးနိုင်ဝင်း-ဒေါ်ရီလင်းမြင့်တို့၏ဖခင်၊ မချောစုသဥ္ဇာဝင်း၊ ကိုဝေဖြိုးအောင်၊ မဖြိုးသဥ္ဇာအောင်၊ မခိုင်သဥ္ဇာစိုး၊ မကေဇင်သက်၊ မောင်အောင်ဖုန်းမြတ်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် E-14 A၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ Yangon Academy ကျောင်းရှေ့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**

### ဦးသန့်ဇင်(ခ)မောင်သန်းထွန်း (မော်လမြိုင်)

**PPSC ဓာတ်ဆီဆိုင်မန်နေဂျာ(ငြိမ်း)၊ BBMA(နာယက)**
**Mono Horizon Services Co.,Ltd. (Chairman)**
**Jaunt Travels & Tours Co.,Ltd. (Chairman)**

**အသက်(၈၁)နှစ်**

မော်လမြိုင်မြို့နေ (ဦးဗထူး-ဒေါ်ကျင်သိန်း)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာစခန်း၊ ရွှေဘိုလမ်း၊ တိုက်အမှတ် ၄၈/၁၀၁နေ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဒေါ်ညိမ်းညိမ်း-ဦးမြသန်း၊ ဒေါ်သီသီမေ-ဦးကိုကိုအောင်၊ ဒေါ်သီသီဝေ-ဦးဇော်မြင့်ထွန်း၊ ဦးအောင်နိုင်-ဒေါ်ကြည်ကြည်ဝင်း(ခေတ္တ-မလေးရှား)၊ ဦးချားလ်မျိုးသန့်-ဒေါ်ခင်သိန်း(Mono Horizon Services Co.,Ltd.) (Jaunt Travels & Tours Co.,Ltd.)တို့၏ဖခင်၊ သော်ဇင်မောင်(ခ)Loboငြိမ်းချမ်းအောင်၊ အောင်အောင်သန့်၊ ဝင်းပိုပိုခင်(ခ)Roseca၊ ဟိန်းထက်အောင်(ခ)Heydenတို့၏အဘိုးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်းမြင့် အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းနေ(ဦးစိန်မောင်-ဒေါ်စံပယ်အုန်း)တို့၏သမီး၊ ဖျာပုံမြို့နေ(ဦးဖိုးဝ-ဒေါ်သိန်းလှ)တို့၏ချွေးမ၊ (ဦးညွှန့်စိန်-ဒေါ်ခင်မြင့်)၊(ဦးရင်မြိုင်-ဒေါ်ဝါ)၊ ဦးလှအောင်-(ဒေါ်တင်မြင့်)တို့၏အစ်မ/ညီမ၊ ဦးမြင့်စိန်-ဒေါ်မြင့်မြင့်ရှိန်၊ (ဦးစိန်မြင့်)-ဒေါ်ခင်နွဲ့၊ ဦးညွှန့်လှိုင်-ဒေါ်သန်းသန်းဌေး၊ ဦးစိန်အောင်လှ-ဒေါ်ကြည်မြင့်၊ ဦးနေထွန်း-ဒေါ်သန်းသန်းအေး၊ (ဦးဌေးဝင်း)-ဒေါ်အေးသိန်းညွန့်(ခ)မပေါက်ပေါက်၊ ဦးကျော်ကျော်နိုင်(အုပ်ချုပ်ရေးမှူး)-ဒေါ်သီသီခိုင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွား၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၁၇၇နေ (ဦးကောက်)၏ဇနီးသည် ၁၉-၁၁-၂၀၁၄ရက်တွင်(ဗုဒ္ဓဟူးနေ့)ညနေ ၆း၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးမျိုးဆွေ (ဦးမျိုးဆွေ-သံပန်း၊ သံတံခါး)

**အသက်(၅၇)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ သရဖီ(၁)လမ်းနေ (ဦးအောင်သန်း-ဒေါ်ရွှေ)တို့၏သားကြီး၊ လှိုင်သာယာမြို့နယ်နေ(ဦးစိန်လင်း)-ဒေါ်ခင်သန်းတို့၏သားသမက်၊ (ဦးလှဝင်း)-ဒေါ်လှလှဝင်းတို့၏မောင်၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းကြည်၊ ဒေါ်ရီရီမြင့်၊ (ဦးစည်သူလှိုင်)-ဒေါ်မြင့်မြင့်ဆွေ၊ ဦးခင်မောင်ဆွေ-ဒေါ်တိုးတိုးလွင်၊ ဦးစိုးရွှေ-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ ကိုမျိုးဝင်းထွန်း၊ မလွှင်လွှင်မာ၊ကိုဘဟန်-မလွှင်လွှင်မော်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အမှတ်(၉၈၈/ခ)နေ ဒေါ်ခင်ပွားမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၇း၀၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [(၄၁)ရပ်ကွက်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်သန်းမြင့်(ချောက်မြို့)

**အသက်(၇၁)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဗဟိုကွက်သစ်ရပ်၊အမှတ်၇၅နေ(ဦးခင်ငြိမ်း-ဒေါ်စိမ့်စိမ့်)တို့၏သမီး၊ ဦးကျော်ဇင်ယု - ဒေါ်ခင်ကြွယ်သင်း (ဆီဒွင်)၊ (ဦးတင်ဝင်း) - ဒေါ်စုစုနွယ်(ရေနံ)၊ (မလွင်လွင်မာ)၊ ဒေါ်သီဂီကျော်မင်း၊ (ဦးဝင်းမောင်မောင်ကြီး)-ဒေါ်ချယ်ရီ၊ ဦးဝေလင်းကျော် - ဒေါ်တင်တင်ဝေ (ဂျာမနီ)၊ ဦးအောင်ကျော်မင်း-ဒေါ်ဝါဝါထွန်း(ဆီဒွင်)၊ (ဦးကျော်ကျော်နိုင်ကြီး)-ဒေါ်စုစုဝင်း၊(ဦးသူရမောင်မောင်ကြီး)၊ ဦးတင်ဝင်းနိုင်-မြသီတာကြီး (ရေနံ)၊ ဦးဇာနည်ဖြိုး (Myanmar Voyages Int. Tourisim Co.,Ltd.)၊ ဦးကျော်မိုးနိုင်(ဟိုတယ်ခရီး)-ဒေါ်ခိုင်ဇင်ဝင့် (ဟိုတယ်ခရီး)တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားလေးသည် ၁၉-၁၁-၂၀၁၄ရက် ညနေ ၃း၁၅နာရီတွင် OSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ တိုက် ၃၀၊ အခန်း ၂၊ ဘော်စင်လမ်းသွယ်၊ သုဝဏ္ဏနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ တူ/တူမများ

---

### ဦးကျော်လှ

**ဒု-အရာခံဗိုလ်(ငြိမ်း)**
**တပ်မတော်-ရေ**

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးဝင်း၊ တိုက် ၃၄၊ (ဆ/၁) ဝန်ထမ်းအိမ်ရာ၊ ဇူမိုင်၊ A-1နေ ဒေါ်လှငွေ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီသီမာ (လက်ထောက်ညွှန်မှူး၊ စက်မှုသီးနှံရုံးချုပ်၊ နေပြည်တော်)၊ ဦးကျော်စိုးမိုး(ဒုညွှန်မှူး) - ဒေါ်တင်မာမာကြိုင် (စက်မှုဝန်ကြီးဌာန)၊ ဒေါ်တင်မိုးသူဇာ(သုခကမ္ဘာဆေးရုံ)၊ ဦးအောင်ကျော်မိုး (ဇေယျဝတီ အရက်ချက်စက်ရုံ)-ဒေါ်မေမိုးစန္ဒာ၊ ဦးမြတ်ဟိန်းထက်-ဒေါ်သင်းစပယ်ဖြူ (ရွှေတောင်ကုမ္ပဏီ)၊ ဦးတင်ဦး-ဒေါ်ခင်နှင်းသန္တာ (ခေတ္တ-စင်ကာပူ)တို့၏ဖခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**မိုးကုတ်မြို့နယ်အသင်း**

### ဦးချစ်ညွှန့်

**အသက်(၉၂)နှစ်**

မိုးကုတ်မြို့၊ ကျပ်ပြင်မြို့မရပ်၊ ရန်ကုန် မြို့၊ အမှတ် E-14A ၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဒေါ်ခင်ငြိမ်၏ခင်ပွန်းသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**

### ဒေါ်ဖွားညွှန့် (ထားဝယ်မြို့)

**အသက်(၉၁)နှစ်**

ထားဝယ်မြို့၊အနောက်ရပ်၊ရေးလမ်း၊ အမှတ် ၈၆နေ (ဦးကျော်ခင်-ဒေါ်ပြုံး)တို့၏သမီး၊ (ဦးဘဒုံး-ဒေါ်ကြူးဆင်)တို့၏သမီးချွေးမ၊ (ဦးထော်ရဲ-ဒေါ်စောကြွယ်)၊ (ဦးရဲခိုင်-ဒေါ်အောင်မေ)တို့၏ညီမ၊ (ဦးညွှန့်ခိုင်)-ဒေါ်ခင်မြိုင်တို့၏အစ်မ၊ ဦးဖေဝင်း-ဒေါ်သန်းသန်းလှိုင်၊ ဒေါ်မေမေနွဲ့၊ ဦးတင်ထွန်းသက်-ဒေါ်မေစန်းမြင့်၊ ဒေါ်ခင်ယု၊ ဒေါ်မေမေဆင့်၊ ဒေါ်မေမေဆန်း၊ ဒေါ်အေးအေးသန်း၊ ဒေါ်အုန်းမြင့်၊ ဒေါက်တာသန်းဝင်း-ဒေါက်တာလှလှကြူ၊ ဦးမျိုးဆက်အောင်-ဒေါ်ရွှင်ရွှင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၂-၁၁-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**

### ဒေါ်ဖွားညွှန့် (ထားဝယ်မြို့)

**အသက်(၉၁)နှစ်**

ထားဝယ်မြို့၊အနောက်ရပ်၊ရေးလမ်း၊ အမှတ် ၈၆နေ (ဦးကျော်ခင်-ဒေါ်ပြုံး)တို့၏သမီး၊ (ဦးဘဒုံး-ဒေါ်ကြူးဆင်)တို့၏သမီးချွေးမ၊ ဦးကျော်သူရသက်-ဒေါ်မွန်၊ ဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်း၊ ဦးရဲသူရသက်-ဒေါ်သန္တာစိုးလွင်၊ (ဦးအောင်ကိုကိုဦး)၊ ဦးအောင်ရာဇာထွန်း - ဒေါ်ခိုင်မီမီဆွေ၊ ဦးဝေမင်းအောင် - ဒေါ်ခင်မျိုးနိုင်၊ ဦးကျော်နိုင်ဦး - ဒေါ်မေမင်းအောင်၊ ဦးဖြိုးသက်ခိုင် - ဒေါ်မေတာရာ၊ ဒေါက်တာဖိုးသော်တာ-ဒေါ်မီမီထွန်း၊ မောင်မျိုးဆက်စည်သူ၊ မောင်မျိုးဆက်ညီသူတို့၏အဘွား၊ မသမီးဦးသက်၊ မောင်ကျော်မွန်သက်၊ မပပမေအောင်၊ မောင်မင်းဟိန်းခန့်၊ မောင်မှူးသုတ၊ မမေကံ့ကော်၊ မအင်ကြင်းမြတ်မွေးတို့၏ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမြေး၊မြစ်တစ်စု

---

### ဒေါ်မြင့်မြင့်အောင်(သန်လျင်)

**(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

**အသက်(၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာနေ(ဦးအောင်ကြီး-ဒေါ်ကျော့ခင်)တို့၏သမီး၊ (ဒေါ်ငွေသန်)၏တူမ၊ ခရမ်းမြို့နေ (ဦးထွန်း-ဒေါ်စော)တို့၏သမီးချွေးမ၊ (ဦးမြင့်စန်း)-ဒေါ်နန်း၊ဦးတင်စန်း-ဒေါ်ခင်စန်းကြည်တို့၏ညီမ၊ အမေရိကန်နိုင်ငံ (LA)နေ ဦးမောင်မောင်ကြည်ဝင်း-ဒေါက်တာလစ်ဘရယ်တာတို့၏အစ်မ၊ ဦးဇော်ဝေ၏ ချစ်လှစွာသောဇနီးသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ည ၉း၃၀နာရီ၌ သဃ်ာန်းကျွန်းမြို့နယ်၊(က)ရပ်ကွက်၊ဇေယျာသုခလမ်း၊အမှတ် ၁၅၆ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တခေမာစာရ (ခရမ်း)

**သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာသာယာကုန်းလမ်း၊ သာယာကုန်း ပြာသာဒ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တခေမာစာရသည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်) ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၄ရက်) ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### (U Suak Kho Thag) ဦးဆွက်ခေါထန်

**အသက်(၆၉)နှစ်**

ကလေးမြို့၊ အမှတ် ၁၀၀၊ ပင်လုံ ၅နေ ဒေါ်ဒွန့်ခေါကျိန်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ညောင်ဇဟွဲ)၊ (ဦးဇင့်ခေါ်စွမ်း-ဒေါ်ဝုန့်ခန့်ညောင်)၊ ဦးထန်ရှာလ်းခမ်-ဒေါ်ဒိမ့်ဇကျိန်၊ (ဦးဂိုဇမုန်-ဒေါ်ဒိမ်ဟဲ့ကျိန်)-ဒေါ်ဇင့်ညောင်၊ (ဦးထန်စွမ်းပေါင်)၊ (ဦးငိုင်စွမ်းခမ်)၊ ဒေါ်ညောင်ခန့်နိုန်-(ဦးစိုင်လား)တို့၏ညီ/မောင်၊ ဒေါ်ညောင်လျန်းဟောက်-ဦးစောဇအုပ်၊ ဒေါ်ညောင်စွမ်းလွန်-[ဦးကျော်သန်းထွဋ်(ခ)ခမ်ခိုင်]၊ မောင်ကျင့်ထန့်တွှောင်၊ ဒေါ်ဂိုလမ်ဝုန်-[ဦးအောင်ကျော်ဝင်း(ခ)ဟောက်လျန်းထန်]၊ ဦးကပ်စွမ်လျန်-ဒေါ်ဟွဲခန့်ဒိမ်၊ ဒေါ်နိန်ဇဟွဲ-ဦးဟောက်ရှန်းထန်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ကျိန်ရှမ်းဟုန်-ဦးဟိန်းလတ်၊ မကျိန်းရှမ်းကွပ်ကိမ်၊ မအုပ်လျန်းကျိန်၊ မဟောက်ရှမ်းလွန်၊ မောင်ထန်ရှမ်းစန်၊ မောင်ထန်ရှမ်းဇန်၊ မကျုံနွမ်းကိမ်း၊ မောင်ထန်ဇန်းလျန်၊ မကျိန်ကွပ်လွန်း၊ မောင်ထန်ရှမ်းပြောင် (တီးတိန်)၊ မောင်ထန်လမ်းစူမ်(ထန်တလန်)တို့၏အဘိုး၊ မလွန်ခန့်နွမ်၏ဘိုးဘိုးကြီးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၁၈နာရီတွင် (ခုတင်-၁၀၀) တပ်မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် Berean E.B.C အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဒေါ်မြင့်မြင့်အောင် (သုဝဏ္ဏ)

**(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

**အသက်(၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာနေ (ဦးအောင်ကြီး-ဒေါ်ကျော့ခင်)တို့၏သမီး၊ ဒေါ်ငွေသန်၏တူမ၊ ခရမ်းမြို့၊ ပြည်တော်သာလမ်းနေ (ဦးထွန်း-ဒေါ်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ မဉ္ဇူလမ်း၊ အမှတ် ၅၈(ခ)နေ ကိုဖြိုးသော်ထွန်း-မအိဖြူစင်(စင်ကာပူ)၊ ကိုဆွေလွင်-မကေခိုင်ဇော်(စင်ကာပူ)၊ မခင်ဇာသွယ်တို့၏မိခင်၊ မောင်ဉာဏအောင်၏ဘွားဘွား၊ ဦးဇော်ဝေ(ခရမ်း)၏ချစ်လှစွာသောဇနီးသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၅၆၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ နေအိမ်မှ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးမောင်ကျော် (စစ်တွေ)

**အသက်(၈၆)နှစ်**

စစ်တွေမြို့၊ ရှုပရပ်နေ (ဦးမောင်မောင်ထွန်းအောင်ကျော်-ဒေါ်သာနုမေ)တို့၏သား၊ ၄က၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်မြင့်စိန်၏ခင်ပွန်း၊ ဒေါ်ခင်မြဇင်-John Marcantuono တို့၏ ဖခင်၊ ဦးဇင်ထွဋ် - Danielle Htutတို့၏ အဘိုးသည် ၁၉-၁၁-၂၀၁၄ရက် ည ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၁၁-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)**

### ဦးဇော်မျိုး(ခ) ဦးဇော်ဝင်းထိန်

**(စိန်ပေါလ်ကျောင်းသားဟောင်း)**
**(ပျဉ်းမနားအသင်းအမှုဆောင်)**

**အသက်(၆၉)နှစ်**

ပျဉ်းမနားမြို့နေ [ဗိုလ်တောက်ထိန် (ရဲဘော်သုံးကျိပ်) - ဒေါ်ခင်ခင်]တို့၏သား၊ ပဲခူးမြို့နေ ဒေါ်မေသန်းနွယ်၏ခင်ပွန်း၊ ကိုဇာနည်ဇော်မျိုး-မအေးအေးခိုင် (AK Aluminium & Steel)၊ ပုသိမ်မြို့နေ ကိုဇေယျာဇော်မျိုး(မြို့နယ်ဦးစီးမှူး၊ပုသိမ်မြို့နယ်ကျေးလက်ဦးစီးဌာန)-မငယ်ငယ်မွန်တို့၏ဖခင်၊ မောင်ကောင်းမြတ်ထက်၊ မမေမြတ်နိုး၊ မဆုရတီ၊ မအိမ့်ကြည်သာတို့၏အဘိုး၊ ရန်ကုန်၊ လှိုင်မြို့နယ်၊ ကျောင်းကုန်း၃လမ်း၊ တိုက်အမှတ် ၇၉၇နေ ဒေါ်လှမြင့်၏အစ်ကို၊ မယုနီလာမြင့်၏ဘကြီးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဒေါ်လှမြင့်၏နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**

### ဒေါ်မေလေး

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**(မောင်တော/စစ်တွေ)**

**အသက်(၇၁)နှစ်**

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ (၃)ရပ်ကွက်နေ (ဦးဘချို-ဒေါ်စံဘုံ)တို့၏သမီး၊ (ဦးစောအောင်ဖြူ-ဒေါ်မစိန်)တို့၏သမီးချွေးမ၊ ဦးလှသိန်း(ကုန်သွယ်လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဦးသိန်းလှိုင်-ဒေါ်ပပသင်းထက်၊ ဦးသာထွန်းစိန်-ဒေါ်ခင်လေးစန္ဒာ၊ ဦးအောင်မိုးဇော်-ဒေါ်မြလေးသီတာ၊ ဦးညွှန့်လှိုင်-ဒေါ်နုနုခိုင်တို့၏မိခင်၊ မပြည့်စန္ဒာထွန်း၊ မောင်ဇင်ပိုင်ထွန်း၊ မဆုပြည့်မှူးမောင်၊ ဖွဲ့ဘုန်းပိုင်၊ မောင်လင်းဝဏ္ဏဟိန်းတို့၏အဘွား၊ ဒေါ်သန်းမေ၏ညီမ၊ ဒေါ်စံအေး၊ ဦးကျော်ဘအေးတို့၏အစ်မသည် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂိုတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးဇော်မျိုး(ခ) ဦးဇော်ဝင်းထိန်

**(စိန်ပေါလ်ကျောင်းသားဟောင်း)**
**(ပျဉ်းမနားအသင်းအမှုဆောင်)**

**အသက်(၆၉)နှစ်**

ပျဉ်းမနားမြို့နေ [ဗိုလ်တောက်ထိန် (ရဲဘော်သုံးကျိပ်) - ဒေါ်ခင်ခင်]တို့၏သား၊ ပဲခူးမြို့နေ ဒေါ်မေသန်းနွယ်၏ခင်ပွန်း၊ ကိုဇာနည်ဇော်မျိုး-မအေးအေးခိုင် (AK Aluminium & Steel)၊ ပုသိမ်မြို့နေ ကိုဇေယျာဇော်မျိုး(မြို့နယ်ဦးစီးမှူး၊ပုသိမ်မြို့နယ်ကျေးလက်ဦးစီးဌာန)-မငယ်ငယ်မွန်တို့၏ဖခင်၊ မောင်ကောင်းမြတ်ထက်၊ မမေမြတ်နိုး၊ မဆုရတီ၊ မအိမ့်ကြည်သာတို့၏အဘိုး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကျောင်းကုန်း၃လမ်း၊ တိုက်အမှတ် ၇၉၇နေ ဒေါ်လှမြင့်၏အစ်ကို၊ မယုနီလာမြင့်၏ဘကြီးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဒေါ်လှမြင့်၏နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ညှိနှိုင်းဆွေးနွေးအဖြေရှာသွားကြရမည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်** လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက နိုင်ငံတည်ငြိမ်ရေးနှင့် အသွင်ကူးပြောင်းရေးအတွက် မရှိမဖြစ်ထည့်သွင်းထားသော ပုဒ်မများကို ပြင်ဆင်ခြင်း၊ ပြင်ဆင်မှုမပြုခြင်းများသည် ပြည်ထောင်စုလွှတ်တော်ကသာ ဆုံးဖြတ်ပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်မှုကြောင့် ယနေ့အချိန်တွင် ပိုမိုပြည့်စုံပြီး ခေတ်နှင့်လျော်ညီသော ဥပဒေပြင်ဆင်ခြင်းများဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသည့် နိုင်ငံရေး၊ လုံခြုံရေးများကို မလျော့ပါးစေဘဲ ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းများထွက်နိုင်ရန် ပြည်သူ့ဆန္ဒကိုသာ ခံယူဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■

## ပေါင်းလောင်းမြစ်ကို သက်သေတည်၍ မြို့ပေါင်းလောင်းကို ဖွဲ့ဆိုခြင်း

**သတင်းဆောင်းပါး-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး**



ရွှေ့ပြောင်းကျေးရွာများ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

ပေါင်းလောင်းမြစ်ဖျားရှိမြင့်မားသည့်တောင်တန်းများကြားတွင် သစ်လွင်တောက်ပနေသည့် တိုက်တာအဆောက်အအုံသစ်များနှင့်အတူ ပေါင်းလောင်းမြို့အဖြစ် မကြာမီပေါ်ပေါက်လာတော့မည့် ရွှေ့ပြောင်းကျေးရွာသစ်များ၏ ရှုခင်းက တကယ့်ကို သာယာလှပလျက်ရှိသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကြောင့် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ ကျေးရွာအုပ်စုနှစ်စုမှ ကျေးရွာပေါင်း ၂၃ ရွာကို ထိုနေရာတွင် တစ်ဆက်တစ်စပ်တည်း ရွှေ့ပြောင်းပေးထားခြင်းဖြစ်သည်။ ယခုအချိန်တွင် အဆိုပါကျေးရွာများကို မြို့သစ်တစ်မြို့အဖြစ် အသွင်ပြောင်းလဲနိုင်ရန် မြို့အင်္ဂါရပ်နှင့်အညီ သက်ဆိုင်ရာက ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးလျက်ရှိသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရာတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ယင်းကျေးရွာလေးများရွှေ့ပြောင်းရေးနှင့် ပြန်လည်ထူထောင်ရေးကို စီမံကိန်းတစ်ခုအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြီးခဲ့သည့်နှစ်က ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ရွှေ့ပြောင်းကျေးရွာအုပ်စုနှစ်စုမှာ ထိန်ပင်နှင့်သပြေကုန်းတို့ဖြစ်ပြီး ထိန်ပင်အုပ်စုအတွင်းရှိကျေးရွာများမှာ ထိန်ပင်၊ ရွာမ၊ လိန်းလီ၊ ကျောင်းရွာ၊ ဥသျှစ်ကုန်း၊ ဆီဆုံကုန်းလေး၊ ကုန်းချိုင်း၊ ဖိုကုန်း၊ လက်ပံတကဲ၊ နန်းစကဲ၊ ထန်းတပင်၊ ကြပ်ကြီးနှင့် ဘန်းယန်းတို့ဖြစ်သည်။ သပြေကုန်းအုပ်စုအတွင်းရှိ ကျေးရွာများမှာ သပြေကုန်း၊ သဘော်ကုန်း၊ လယ်ပြင်ကြီး၊ ချမ်းကုန်း၊ ဟသ်ာကုန်း၊ ဈေးကုန်း၊ မဲလီ၊ ငွေးကုန်း၊ ရွာကြီးနှင့် ကံလှကျေးရွာတို့ ဖြစ်သည်။

ယင်းကျေးရွာများတွင် အိမ်ထောင်စုပေါင်း ၁၅၂၄စု ရှိပြီး လူဦးရေပေါင်း ၁၀၀၀၀ ခန့်ရှိသည်။ ရေဝပ်ဧရိယာအတွင်းကျရောက်သည့် လယ်ယာမြေနှင့် ဥယျာဉ်မြေဧကမှာ ၄၀၆၂ ဧကကျော်ရှိသည်။ ရွှေ့ပြောင်းကျေးရွာ ၂၃ ရွာနှင့် ဆက်စပ်ကျေးရွာနှစ်ရွာတို့အတွက် သက်ဆိုင်ရာက အစားထိုးစိုက်ပျိုးမြေအဖြစ် ဧကပေါင်း ၉၂၉၇ ဧကသတ်မှတ်လျာထားပေးခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာသစ်များတွင် ဒေသဖွံ့ဖြိုးရေးအတွက် အများနှင့်ဆိုင်သော

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

သတင်း၊ စာမျက်နှာ-၃

## မုန်တိုင်းတွေမကြာခဏဖြစ်ပေါ်နေတာ ဘာကြောင့်လဲ

ဆောင်းပါး၊ စာမျက်နှာ-၁၈၊ ၁၉

## ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှားပွဲဦးထွက်ဆုံတွေ့

**ဖိုးသော်ဇင်**



**ရန်ကုန် နိုဝင်ဘာ ၂၀**

ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို မကြာမီ စတင်ကျင်းပတော့မည်ဖြစ်ပြီး မြန်မာအသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၃ ရက်တွင် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ဗီယက်နမ်တွင် ကျင်းပမည့်အုပ်စု(က)၌ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအိုတို့ ပါဝင်နေပြီး အုပ်စုပွဲစဉ်များကို နိုဝင်ဘာ (၂၂၊၂၅၊၂၈) ရက်များတွင် ကျင်းပမည်ဖြစ်သည်။ စင်ကာပူတွင် ကျင်းပမည့်အုပ်စု(ခ)၌ စင်ကာပူ၊ မြန်မာ၊ ထိုင်း၊ မလေးရှားတို့ ပါဝင်နေပြီး အုပ်စုပွဲစဉ်များကို နိုဝင်ဘာ (၂၃၊ ၂၆၊ ၂၉)ရက်များတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၃ရက်တွင် မလေးရှားအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် စင်ကာပူအသင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ထိုင်းအသင်းတို့နှင့် *စာမျက်နှာ ၉ ကော်လံ ၁* ❄

### ယနေ့ မာတိကာ


နောင်သုံးနှစ်အတွင်း အိုင်စီတီထူးချွန်လူငယ် တစ်သောင်းကျော် ထွက်ပေါ်လာရန် ပူးပေါင်းသင်ကြားမည် စာ » ၁၁

လက်ရှိချန်ပီယံနိုင်ဂျီးရီးယား ခြေစစ်ပွဲမှ ထွက်ရပြီ စာ » ၁၃

အထပ်မြင့်အဆောက်အအုံများတွင် ကားပါကင် ထည့်ဆောက်ရန် လိုအပ် စာ » ၁၅

ချည်ထည်ကုန်ကြမ်းရှား၍ စက်ကိုင်းရက်ကန်းလုပ်ငန်းများ အခက်တွေ့ စာ » ၁၆



mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS




# စက်မှုဝန်ကြီးဌာန
# စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
# အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းရှင်များသို့ ဒေသဆိုင်ရာဦးစီးဌာနရုံးများတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်နေ့ချင်းပြီးဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

**နေ့ချင်းပြီးစက်မှုလုပ်ငန်းမှတ်ပုံတင်ရန်**

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင်/ခွင့်ပြုမိန့်များဖြင့် လိုအပ်သောအချက်အလက်များ မှန်ကန်ပြည့်စုံပါက မြန်မာနိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်လျက်ရှိသည့် အငယ်စားနှင့် အလတ်စားပုဂ္ဂလိက စက်မှုလုပ်ငန်းများကို နေပြည်တော်ရုံးချုပ်သို့ တင်ပြဆောင်ရွက်ရန်မလိုအပ်တော့ဘဲ အောက်ဖော်ပြပါ ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် နေ့ချင်းပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၉-၈၆၀၂၀၃၁၊ ရုံးအဖွဲ့ ဖုန်း-၀၁-၅၅၅၁၀၀

(ခ) မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၂၀၈၊ ၈၄ လမ်း၊ ၃၆×၃၇ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဦးစီးဌာနမှူး ဖုန်း-၀၂-၃၉၅၇၃၊ ရုံးအဖွဲ့ ဖုန်း-၀၂-၆၃၁၁၉

(ဂ) ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ရပ်ကွက်အုပ်ချုပ်ရေးရုံးအမှတ် ၁၃၊ အမှတ် ၅၂၊ မဥ္ဇူလမ်း၊ ပုသိမ်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၄၂-၂၉၀၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၄၂-၂၉၀၉၀

(ဃ) စစ်ကိုင်းတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ရတနာလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့
ဦးစီးဌာနမှူး ဖုန်း-၀၇၁-၂၃၂၀၄

(င) မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၅၀၊ အထက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့၊
ဦးစီးဌာနမှူး ဖုန်း-၀၅၇-၂၇၀၄၁၊ ရုံးအဖွဲ့ ဖုန်း-၀၅၇-၂၂၁၆၆

(စ) ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
အမှတ် ၂၀/၂၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်၊ တောင်ကြီးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၈၁-၂၁၂၅၄၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၁-၂၁၂၂၄၄၄

(ဆ) မကွေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့်၊ ရွာသစ်ပွဲကြိုရပ်၊ မကွေးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၆၃-၂၇၄၃၃၊ ရုံးအဖွဲ့ ဖုန်း-၀၆၃-၂၅၁၄၃

(ဇ) ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့
ဦးစီးဌာနမှူး ဖုန်း-၀၇၄-၂၂၄၁၅၊ ရုံးအဖွဲ့ ဖုန်း-၀၇၄-၂၉၃၈၆

(ဈ) တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ဝဲကျွန်းညောင်ရမ်းရပ်ကွက်၊ ကုသိန္နာရုံလမ်း၊ ရွှေဝယ်သီရိအားကစားကွင်းအနီး၊ ထားဝယ်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၅၉-၂၁၁၄၆၊ ရုံးအဖွဲ့ ဖုန်း-၀၅၉-၂၄၀၁၉

(ည) ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ဆရာများလေးထပ်ဆောင်ရုံးရှေ့၊ စစ်တွေမြို့
ဦးစီးဌာနမှူး ဖုန်း-၀၄၃-၂၃၇၄၂

(ဋ) ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၄၀၊ ဖွဲ့ကပင်လမ်း၊ အမှတ် ၄ ရပ်ကွက်၊ ဘားအံမြို့
ဦးစီးဌာနမှူး ဖုန်း-၀၅၈-၂၁၁၄၀

(ဌ) ကယားပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၉၊ ၁၁ လမ်း၊ ခွန်လီလမ်းထောင့်၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၈၃-၂၁၀၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၃-၂၁၀၂၅

(ဍ) ချင်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ပြည်နယ်မီးသတ်ရုံးလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၇၀-၂၁၀၇၄

(ဎ) ပဲခူးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
အမှတ် ၉၊ သမိန်ဗရမ်းလမ်း၊ (၁၈)ရပ်ကွက်၊ ဥသျှာမြို့သစ်၊ ပဲခူးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၅၂-၃၀၂၄၈၊ ရုံးအဖွဲ့ ဖုန်း-၀၅၂-၃၀၈၅၂

(ဏ) နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
(၁၁)ရပ်ကွက်၊ သပြေလမ်း၊ ပုဗ္ဗသီရိမြို့
ဦးစီးဌာနမှူး ဖုန်း-၀၆၇-၅၅၀၁၇၈၊ ရုံးအဖွဲ့ ဖုန်း-၀၆၇-၅၅၀၁၇၉

၂။ အငယ်စားနှင့် အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်းများအား နေ့ချင်းပြီးမှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ခရိုင်ရုံးများရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဝန်ထမ်းများက စီမံချက်ဖြင့် ကြိုတင်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး**
အရှေ့ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၁၀၇၇၈၈၀၊ အနောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၂၀၇၀၆၊
တောင်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၀၈၅၄၄၊ မြောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၅၁၈၆၀၉၀

(ခ) **မန္တလေးတိုင်းဒေသကြီး**
မန္တလေးခရိုင်ရုံး ဖုန်း-၀၉-၄၂၅၀၀၃၉၅၀၊ မိတ္ထီလာခရိုင်ရုံး ဖုန်း-၀၉-၄၂၁၇၄၇၄၂၀
မြင်းခြံခရိုင်ရုံး ဖုန်း-၀၉-၄၀၁၅၁၉၅၁၃

(ဂ) **ဧရာဝတီတိုင်းဒေသကြီး**
ပုသိမ်ခရိုင်ရုံး ဖုန်း-၀၉-၂၅၄၀၃၂၇၃၉၊ ဟင်္သာတခရိုင်ရုံး ဖုန်း-၀၉-၂၅၀၀၈၆၉၄၀
ဖျာပုံခရိုင်ရုံး ဖုန်း-၀၉-၂၅၀၄၄၆၉၂၇

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီး**
ရွှေဘိုခရိုင်ရုံး ဖုန်း-၀၉-၂၁၅၁၀၆၂၊ မုံရွာခရိုင်ရုံး ဖုန်း-၀၉-၃၃၂၈၇၅၁၃
ကလေးခရိုင်ရုံး ဖုန်း-၀၉-၄၀၂၅၀၅၄၆၇

(င) **မကွေးတိုင်းဒေသကြီး**
မကွေးခရိုင်ရုံး ဖုန်း-၀၉-၃၀၁၁၅၅၄၃၊ ရုံးအဖွဲ့ ဖုန်း-၀၆၃-၂၇၄၂၂
ပခုက္ကူခရိုင်ရုံး ဖုန်း-၀၉-၃၃၃၀၈၆၂၂၊ ရုံးအဖွဲ့ ဖုန်း-၀၆၂-၂၃၉၉၀

(စ) **တနင်္သာရီတိုင်းဒေသကြီး**
ထားဝယ်ခရိုင်ရုံး ဖုန်း-၀၉-၄၅၀၉၈၉၀၇၅
မြိတ်ခရိုင်ရုံး ဖုန်း-၀၅၉-၂၁၁၄၆၊ ရုံးအဖွဲ့ ဖုန်း-၀၅၉-၄၂၁၁၆

(ဆ) **ပဲခူးတိုင်းဒေသကြီး**
ပဲခူးခရိုင်ရုံး ဖုန်း-၀၉-၅၃၀၁၈၂၅၊ ရုံးအဖွဲ့ ဖုန်း-၀၅၂-၃၀၉၈၇
တောင်ငူခရိုင်ရုံး ဖုန်း-၀၉-၄၂၈၁၈၉၀၇၇၊ ရုံးအဖွဲ့ ဖုန်း-၀၅၄-၂၆၁၇၆
ပြည်ခရိုင်ရုံး ဖုန်း-၀၉-၄၅၁၂၃၅၃၉၈၊ ရုံးအဖွဲ့ ဖုန်း-၀၅၃-၂၄၃၀၇

(ဇ) **နေပြည်တော်ကောင်စီ**
ဥတ္တရခရိုင်ရုံး ဖုန်း-၀၉-၄၀၂၅၆၀၄၉၃၊ ဒက္ခိဏခရိုင်ရုံး ဖုန်း-၀၉-၂၁၆၆၁၁၆

(ဈ) **မွန်ပြည်နယ်**
မော်လမြိုင်ခရိုင်ရုံး ဖုန်း-၀၉-၈၇၂၅၃၉၅

(ည) **ရှမ်းပြည်နယ်**
တောင်ကြီးခရိုင်ရုံး ဖုန်း-၀၉-၄၅၈၀၄၀၉၉၀၊
လွိုင်လင်ခရိုင်ရုံး ဖုန်း-၀၉-၂၁၇၄၃၁၀
ကျိုင်းတုံခရိုင်ရုံး ဖုန်း-၀၉-၅၂၅၃၀၂၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၄-၂၃၂၁၅
လားရှိုးခရိုင်ရုံး ဖုန်း-၀၉-၂၁၅၁၀၃၇၊ ရုံးအဖွဲ့ ဖုန်း-၀၈၂-၂၃၈၂၈/၂၃၆၉၂

(ဋ) **ကချင်ပြည်နယ်**
မြစ်ကြီးနားခရိုင်ရုံး ဖုန်း-၀၉-၄၃၀၂၁၈၄၇၊ ရုံးအဖွဲ့ ဖုန်း-၀၇၄-၂၈၀၇၂
ဗန်းမော်ခရိုင်ရုံး ဖုန်း-၀၉-၂၅၅၇၃၁၂၀၅

(ဌ) **ရခိုင်ပြည်နယ်**
စစ်တွေခရိုင်ရုံး ဖုန်း-၀၉-၂၅၀၄၆၁၄၈၄၊ ကျောက်ဖြူခရိုင်ရုံး ဖုန်း-၀၉-၃၆၂၃၁၇၀၁

(ဍ) **ကရင်ပြည်နယ်**
ဘားအံခရိုင်ရုံး ဖုန်း-၀၉-၃၃၀၁၂၅၄၂၊ မြဝတီခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၄၈၃၁၁

(ဎ) **ကယားပြည်နယ်**
လွိုင်ကော်ခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၀၆၂၂၀၊ ရုံးအဖွဲ့ ဖုန်း-၀၈၃-၂၄၀၀၁၂

(ဏ) **ချင်းပြည်နယ်**
ဟားခါးခရိုင်ရုံး ဖုန်း-၀၉-၄၀၂၆၃၄၀၆၂

၃။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ ကြိုတင်၍ ကွင်းဆင်းစစ်ဆေးရာ၌ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ပါအချက်များ ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်ပါသည်-

(က) စက်ရုံတည်နေရာ/လုပ်ငန်းနှင့်ဆက်စပ်သော ဌာန/အဖွဲ့အစည်းများ၏လိုင်စင်/ခွင့်ပြုမိန့်နှင့် အထောက်အထားများ၊

(ခ) လုပ်ငန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် ထုတ်လုပ်မှုတန်ဖိုးများ အပါအဝင် လုပ်ငန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားနိုင်မည့် လုပ်ငန်းပိုင်ရှင်(သို့မဟုတ်)တရားဝင်လွှဲအပ်ထားသည့် မန်နေဂျာ/ကိုယ်စားလှယ်၊

(ဂ) စက်ရုံလုပ်ငန်းကြောင့် ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေရေးနှင့် ညစ်ညမ်းမှုမရှိစေရေးစီမံချက်၊

(ဃ) မီးဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်၊

(င) စက်ရုံအလုပ်သမားများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေးနှင့် အန္တရာယ်ကင်းရှင်းရေး စီမံချက်။

၄။ အငယ်စားနှင့် အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးချက်အရ စိစစ်တွေ့ရှိချက်များကို အပတ်စဉ်ကျင်းပပြုလုပ်သည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသို့တင်ပြပြီး ယင်းအဖွဲ့၏စိစစ်ထောက်ခံချက်ဖြင့် နေ့ချင်းပြီးမှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ စက်မှုလုပ်ငန်းရှင်များသည် စက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းအပါအဝင် စက်မှုလုပ်ငန်းဆိုင်ရာ သိရှိလိုသည့် ကိစ္စရပ်များရှိပါကလည်းကောင်း၊ အခက်အခဲများရှိပါကလည်းကောင်း၊ ဒေသအလိုက် သက်ဆိုင်ရာခရိုင်ဦးစီးဌာနရုံးနှင့် ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် အောက်ပါဌာနများသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၉၁
(ခ) ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၅၇
(ဂ) ညွှန်ကြားရေးမှူး၊ ဘွိုင်လာစစ်ဆေးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၅၀

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


## ကိုးဘွဲ့ရရှိပါသော အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

ရန်ကုန်၊ မြောက်ဥက္ကလာ၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ ...
(ဖုန်း ၀၉ ၂၀-၀၀ ...)

## ကြက်သွန်မြိုပျားရည်

## မဟာ နိုလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ မဟာ

India GSM Sim Card ...
GAYA Office- Rajapur Buddha Gaya Pin-824231. Mobile: +918292790371

# BEST BRANDS EXPO & CAR SHOW

SMART BUSINESS GROUP Ph 01-656876,667471,09-73014777,09-5099079, 09-5003618, 09-8620600

## စကြာမင်း အရိုးကျိုးပေါင်းရောဂါ သောက်ဆေး
## စကြာမင်း အရိုးကျိုးပေါင်းရောဂါ လိမ်းဆေး
## စကြာမင်း အရိုးကျိုးပေါင်းရောဂါ စည်းဆေး(အုံဆေး)


## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6777 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒ-၁၀၇၃၊ ဒ-၁၀၇၄ မြေကွက်အား ဒေါ်မိုးသန္တာလင်း (ဘ)ဦးအောင်ရွှေဦး ၁၀/သဖရ(နိုင်) ၀၆၆၉၀၁က ပိုင်ဆိုင်မှု အထောက်အထားတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဒေါ်မိုးသန္တာလင်း အမည်ပေါက် မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန် ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၄၈၁၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းမြင့် ၇/ဝမန(နိုင်)၀၅၃၅၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်တင်ဝင်းအောင် (CDC) အမှတ် ၈၇၁၅၈ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဖုန်း-၀၉-၄၉၂၅၀၅၁၅**

## တင်ဒါခေါ်ယူခြင်း

## အများသိစေရန် ကြေညာချက်

## ကန့်ကွက်နိုင်ပါသည်

## အလိုရှိသည်

ကွန်ပျူတာစက်ကြီးပန်းထိုး ကျွမ်းကျင် မ (၂) ဦး
အကူ(၁)ဦးနှင့်အအေးဆိုင်လုပ်ငန်းအကူ မ (၂) ဦး
အမြန်အလိုရှိသည်။ (အသက် ၃၀ အောက်)

**ဖုန်း-၀၉-၅၁၄၇၇၄၈**




## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ ကွင်းကွက်အမှတ်နှင့်အမည် (၇/၄)၊ ဥဿာမြို့သစ်၊ ဦးပိုင်အမှတ် (၃၅၄+၃၅၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် ဒေါက်တာမောင်မောင်ချိုမှ နှစ် ၃၀ ဂရန်အမည်ပေါက်ပိုင်ဆိုင်ကြောင်းပြောဆို၍ ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုနွယ်မှ ၁၂-၁၁-၂၀၁၄ ရက်က မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။သို့ရာတွင် ဒေါက်တာမောင်မောင်ချိုအမည်ပေါက် အနှစ် ၃၀ ဂရန်မူရင်းနှင့် အခြားစာရွက်စာတမ်းများ ပျောက်ဆုံးနေသဖြင့် ဒေါက်တာမောင်မောင်ချိုမှ ကျွန်ုပ်၏မိတ်ဆွေထံ နှစ် ၃၀ ဂရန်နှင့် မြေကွက်နှင့်ပတ်သက်သော အခြားစာရွက်စာတမ်းမိတ္တူများကိုသာ ပေးအပ်ထားခဲ့ပါသည်။ကျွန်ုပ်၏မိတ်ဆွေမှ ဒေါက်တာမောင်မောင်ချိုအမည်ပေါက် နှစ် ၃၀ ဂရန်ရရှိထားသော အထက်ပါမြေကွက်အား ဥပဒေနှင့်အညီ လက်ရောက်ဝယ်ယူပြီးဖြစ်ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေအမည်ပေါက် ဆောင်ရွက်နိုင်ရန်အတွက် ဒေါက်တာမောင်မောင်ချိုအမည်ဖြင့် ပျောက်ဆုံးသွားသော ဂရန်မူရင်းခွဲအား ပြန်လည်လျှောက်ထားခြင်း၊ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ဂရန်နှင့်အခြား စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုယုနွယ်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သက်သက်မာ** | **ဒေါ်ဇင်မာထိန်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၉၂)** |
| **အမှတ်(၁၅၇၉)၊ ဗိုလ်ကြီးကုန်းလမ်း၊** | **အမှတ်(၉၅)၊ သနပ်ပင်လမ်း၊** |
| **နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့** | **နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့** |
| **ဖုန်း-၀၉-၅၃၀၂၃၉၁** | **ဖုန်း-၀၉-၄၂၈၁၅၈၅၈၃** |

## ရန်ကုန်မြို့၊ ရွှေပြည်သာ(သံဒင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် (၈၉/ခ)၊ မြေအကျယ်ပေ(၂၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါမြေကွက်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ဝင်းဝင်းရွှေ ၁၂/မရက(နိုင်)၀၀၄၇၅၉ အမည်ဖြင့် မှတ်သားတည်ရှိပြီး မူလအမည်ပေါက် ပိုင်ရှင်ထံမှ အဆက်အစပ်စာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့သူ ဦးထွန်းလင်း ၁၂/လမန(နိုင်)၀၀၄၀၃၁က အပြီးအပိုင်ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အက်စတာမြတ်ထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)**
LL.B, D.B.L, C.B.L, WIPO, GCIP (Geneva), F.B.S
D.B.S.P, A.P.S
**တိုက် ၁၂၊ ၅(A)၊ နေကြာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၈၂၁၈၇**

## ရာဇတံခွန်ကုမ္ပဏီ(ကမ္ဘာကျော် ခတ်မြေသြဇာ)မှ ဝန်ထမ်းများခေါ်ယူခြင်း

နေပြည်တော်အခြေစိုက် ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော် ခတ်မြေသြဇာ)မှ အောက်ပါဝန်ထမ်းများ ခန့်ထားမည်ဖြစ်ပါသည်။

**၁။ နယ်လှည့်အရောင်းစာရေး (ကျား) ၁၀၀၀ ဦး (တစ်ထောင်ဦး)**

အသက် (၁၈)နှစ်မှ (၃၀)အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် ဘွဲ့ရ (ကျပ်တစ်သိန်းငါးသောင်း)၊ ဆယ်တန်းအောင် (ကျပ်တစ်သိန်းသုံးသောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ ကိုးတန်းအောင် (ကျပ်တစ်သိန်းတစ်သောင်း)မှ စတင်ရရှိမည်။

**၂။ နယ်လှည့်စာရင်းစစ် (ကျား) ၃၀ ဦး**

အသက် (၂၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် (ဘွဲ့ရ) (ကျပ်တစ်သိန်းရှစ်သောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ စာရင်းစစ်အတွေ့အကြုံရှိပြီးသူဖြစ်ရမည်။

**၃။ စာရင်းစစ်/စာရင်းကိုင် (ရုံးထိုင်) (ကျား) ၂၀ ဦး**

အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် (ဘွဲ့ရ) (ကျပ်တစ်သိန်း ငါးသောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ စာရင်းစစ်/စာရင်းကိုင်အတွေ့အကြုံရှိပြီးသူဖြစ်ရမည်။

**၄။ အုပ်ချုပ်မှု/စီမံခန့်ခွဲမှုမန်နေဂျာ (ကျား) ၅ ဦး**

အသက် (၃၀)မှ (၄၀)အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ်[ဘွဲ့ရ (သို့) ဆယ်တန်းအောင်](ကျပ်တစ်သိန်းခုနစ်သောင်း)မှ စတင်ရရှိမည်။ အုပ်ချုပ်မှုအတွေ့အကြုံ ရှိပြီးသူဖြစ်ရမည်။

**၅။ ကွန်ပျူတာစာရေး (ကျား) ၅ ဦး**

အသက် (၂၀)မှ (၃၀)အတွင်းဖြစ်ရမည်။ အခြေခံလစာအဖြစ် [ဆယ်တန်းအောင် (သို့)ဘွဲ့ရ] (ကျပ်တစ်သိန်းနှစ်သောင်း)မှ စတင်ရရှိမည်ဖြစ်ပြီး၊ ကွန်ပျူတာ၊ ဖက်(စ်)အားလုံး ကျွမ်းကျင်ရမည်။

ကျောင်းဆက်တက်မည့်သူများ၊ အပင်ပန်းမခံနိုင်သူများ၊ အလုပ်ခန့်ထားမည်မဟုတ်ပါ။ နယ်ထွက်လျှင် ထမင်းစရိတ် ၂၅၀၀ကျပ်ရရှိမည်။ ခရီးစရိတ်ရရှိမည်။ အလုပ်လျှောက်ထားရာတွင် ကုမ္ပဏီမှလျှောက်လွှာဝယ်ယူလျှောက်ထားရမည်ဖြစ်ပြီး၊ [ကိုးတန်း(သို့)ဆယ်တန်းအောင်ကြောင်း ထောက်ခံစာ(သို့) ဘွဲ့လက်မှတ်မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ (မူရင်း/မိတ္တူ)၊ အိမ်ထောင်စုဇယားပုံစံ (၆၆) (မူရင်း/မိတ္တူ)၊ တစ်ပတ်အတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၅)ပုံ၊ မှတ်ပုံတင်(မူရင်း/မိတ္တူ)၊ လေဘာကတ်၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့ဖြင့် ၂၅-၁၀-၂၀၁၄ရက်မှ ၃၀-၃-၂၀၁၅ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ နေထိုင်ရန် အဆောင်ပေးမည်။

**အလုပ်လျှောက်ထားရန်လိပ်စာ**
**ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော်ခတ်မြေသြဇာ)**
**၁၆ လမ်းနှင့် ခေတ္တာလမ်းထောင့်၊ ပေါင်းလောင်း (၂)ရပ်ကွက်၊**
**ပျဉ်းမနားမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၂၅၃၀၃၊ ၂၅၀၅၃၊ ၂၅၅၁၈၊ ၂၅၉၅၅၊ ၂၂၉၂၉**

## မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ





FAME Uritec®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
For urinary tract infection
ကျောက်ကပ်ရောဂါ

FAME Urocrush®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
For renal stones
ဆီးကျောက်ပျော်ဆေး


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဏ/၁၁၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်တိုး ၇/တငန(နိုင်)၀၅၁၀၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အမည်ပြောင်း

ဦးမြင့်အေး၏ သမီး မြောင်းမြမြို့နယ်၊ ရွာသာကြီးကျေးရွာအုပ်စု၊ အလက(၄အိုင်)ကျောင်း ဒုတိယတန်းမှ မယွန်းထက်ထက်မြင့်အား မယွန်းထက်ထက်ချိုဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းထက်ထက်ချို**

## အမည်ပြောင်း

ဦးကျော်သူအုန်း၏ သမီး ဟင်္သာတမြို့ အထက(၁)သတ္တမတန်း(A)မှ မသူသူနှင်းစံအား မခင်ရတီစံဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းနွေးအိ၏ နိုင်ငံကူးလက်မှတ် MA-640788 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၃၈၆၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဉသျှဖယားလမ်း၊ ခြံအမှတ် ၅၉နေ ဦးတင်စိုး-ဒေါ်အေးအေးမြင့်တို့၏သမီး ဒေါ်နွယ်နွယ်စိုး ၁၂/ဒဂန(နိုင်)၀၀၀၆၁၁သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ **(မေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်အေးအေးမြင့် ၁၂/ဒဂန(နိုင်)၀၂၅၆၂

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၇၅၂၊ မြေကွက်တည်နေရာအမှတ် ၇၅၂၊ ၂၀လမ်း၊ (၉)ရပ်ကွက် (ဦးကျင်မောင်) အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဖခင်(ဦးကျင်မောင်)-မိခင်(ဒေါ်ညို)တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မြင့် ၁၂/ဥကတ(နိုင်)၀၂၇၉၄၃ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

*ယမန်နေ့မှအဆက်*

# ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း စည်းမျဉ်းအရ အရေးယူခြင်းကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော်လည်းကောင်း ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့်အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ်/မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတွင်ဖြစ်စေ၊ လိုင်စင်အား ခေတ္တတရပ်စဲခြင်းခံထားရသည့် သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် မည်သည့်နေရာတွင်မဆိုဖြစ်စေ တည်ရှိသည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဓိက အစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ်/မဟုတ်၊

(ဂ) ပုဒ်မခွဲ (ခ)ကို မထိခိုက်စေဘဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာသည် ယင်းဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လက်အောက်ခံ အခြားအဖွဲ့အစည်း သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှအပ အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) မည်သူ့ကိုမျှ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ၎င်း၏ ဒါရိုက်တာအဖြစ်ခန့်အပ်ရန် ရည်ရွယ်ကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ မပြည့်မီ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

(င) အကြောင်းကြားစာကို ဗဟိုဘဏ်၏ သတ်မှတ်သည့်ပုံစံဖြင့် ပေးပို့ရမည်ဖြစ်ပြီး ဗဟိုဘဏ်ကတောင်းခံသည့် သက်ဆိုင်သော စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များ ပူးတွဲပါရှိရမည်။

(စ) ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ)တို့တွင် ရည်ညွှန်းဖော်ပြသော ကိစ္စတစ်ရပ်ရပ်ကို သေချာစေရန်လိုအပ်သလို စဉ်းစားချင့်ချိန်ပြီး နောက်ကြောင်းရာဇဝင် စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ် ဆောင်ရွက်ရန် ဗဟိုဘဏ်သည် ဤဥပဒေအရ အခွင့်အာဏာရှိသည်။

### အမှုဆောင်အရာရှိချုပ် ခန့်ထားခြင်းနှင့် ဝန်ဆောင်မှုစည်းကမ်းချက်များ

၆၆။ (က) ဒါရိုက်တာအဖွဲ့သည် ဤဥပဒေနှင့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရမည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပုဒ်မ ၆၅၊ ပုဒ်မခွဲ(ဃ)ကို လိုက်နာမှုမရှိဘဲ မည်သူ့ကိုမျှ အမှုဆောင်အရာရှိချုပ်အဖြစ် အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းမပြုရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက အမှုဆောင်အရာရှိချုပ်ခန့်အပ်ရန် ရည်ရွယ်ကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဗဟိုဘဏ်၏ အတည်ပြုရန် ငြင်းပယ်ကြောင်းအကြောင်းကြားချက်ကို မကျေနပ်သူတစ်ဦးဦးသည် ထိုအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ဗဟိုဘဏ်သို့ အယူခံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ အယူခံမှုကို လက်ခံရရှိသည့်အခါ ဗဟိုဘဏ်သည် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း သို့မဟုတ် အယူခံကို ပယ်ချခြင်းပြုနိုင်သည်။

### ဒါရိုက်တာများနှင့် အရာရှိများ အရည်အချင်းပျက်ယွင်းခြင်းနှင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း

၆၇။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိစေရ -

(၁) ရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မြတ်လျော်ကန်မှုမရှိသူဖြစ်ခြင်း၊

(၂) ဤဥပဒေပုဒ်မ ၆၅၊ ပုဒ်မခွဲ(ဃ)အရ ဗဟိုဘဏ်သို့ နည်းလမ်းတကျ အကြောင်းကြားခြင်းမရှိသေးဘဲ ခန့်အပ်ထားသူ၊ ရွေးချယ်တင်မြှောက်ထားသူ သို့မဟုတ် အမည်စာရင်းတင်သွင်းထားသူဖြစ်ခြင်း၊

(၃) ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းအား ဗဟိုဘဏ်က ပုဒ်မ ၆၆ ၊ ပုဒ်မခွဲ(ဂ) အရ အတည်ပြုရန် ငြင်းပယ်ခြင်း ခံရသူဖြစ်ခြင်း၊

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အရည်အချင်းမပြည့်သူ၊ အမြဲတမ်း မစွမ်းဆောင်နိုင်သူ ဖြစ်ခြင်း၊

(၅) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏၎င်း၏ ရည်ရွယ်ချက်များနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို အခြားတစ်နည်းနည်းဖြင့် သိသာထင်ရှားစွာ ဆန့်ကျင်မှုများ ပြုလုပ်လာသူဖြစ်ခြင်း။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ၎င်း၏ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိချုပ်က ရာထူးတာဝန်ထမ်းဆောင်ရန် အရည်အချင်း ပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အား ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်တစ်ဦးဦးကပုဒ်မခွဲ (က)အရ ရာထူးတာဝန် ဆက်လက်ထမ်းဆောင်ရန် အရည်အချင်း ပျက်ယွင်းကြောင်းတွေ့ရှိသည့်အခါ ဗဟိုဘဏ်သည် -

(၁) အဆိုပါပုဂ္ဂိုလ်အား သတ်မှတ်ပေးသည့်ရက်အတွင်း ရာထူးမှထုတ်ပယ်ရန် စာဖြင့်ညွှန်ကြားနိုင်သည်။ ထို့ပြင်

(၂) ထိုသို့ ညွှန်ကြားချက် မိတ္တူပူးတွဲ၍ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း ခံရသူထံ စာဖြင့်အကြောင်းကြားရမည်။

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ညွှန်ကြားချက်ပါ သတ်မှတ်ပေးသည့် အချိန်အတွင်း အဆိုပါ ပုဂ္ဂိုလ်အား ရာထူးတာဝန်မှ ထုတ်ပယ်ကြောင်းကို အကြောင်းကြားပြီး ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာဝင်များထံ လိုအပ်သလို အကြောင်းကြားရမည်။ ထို့ပြင် ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ ထုတ်ပယ်ခြင်းကိစ္စကို အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ)အရ ညွှန်ကြားချက်နှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိအား ထုတ်ပယ်ခြင်းသည် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွင်ဖြစ်စေ၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ဖြစ်စေ မည်သို့ပင် ပါရှိစေကာမူ အဆိုပါ ရာထူးတာဝန်မှ ထုတ်ပယ်ကြောင်း ထုတ်ပြန်ကြေညာချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(စ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)အရ ပေးသည့် ညွှန်ကြားချက်ကို သတ်မှတ်အချိန် ကာလအတွင်း လိုက်နာရန်ပျက်ကွက်သော ဘဏ်လိုင်စင်ရအဖွဲ့အစည်းဖြစ်ပြီး ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) အရ အကြောင်းကြားစာ ချမှတ်ခြင်းခံရသော ၎င်း၏တာဝန် ဆက်လက် ထမ်းဆောင်သော ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာ ရောက်သည်။

(ဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုခုက ပုဒ်မခွဲ(ဂ)အရ ထိုဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိရာထူးတာဝန်မှ ထုတ်ပယ်ခြင်းကို ကျေနပ်မှုမရှိလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်က ဗဟိုဘဏ်သို့ အယူခံနိုင်သည်။ ထိုကိစ္စတွင် ပုဒ်မ ၆၆(ဃ) နှင့် (င)အရ ပြဋ္ဌာန်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်စေရမည်။

### အကျိုးစီးပွားများ ထုတ်ဖော်အသိပေးခြင်း

၆၈။ (က) ဒါရိုက်တာနှင့် အရာရှိတိုင်းသည် ၎င်းဖြစ်စေ၊ ၎င်း၏ဆွေမျိုးများဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့် အရေးကြီးသော ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားအပြည့်အစုံကို ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်တင်ပြရမည်။

(ခ) အထက်ပုဒ်မခွဲ(က)ပါထုတ်ဖော်တင်ပြခြင်းကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ပထမဦးဆုံး ခန့်အပ်တာဝန်ပေးသည်နှင့် ပြုလုပ်ရမည်ဖြစ်ပြီး နှစ်စဉ်ထုတ်ဖော်တင်ပြခြင်းကိုလည်း ပြုလုပ်ရမည်။

(ဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ယင်းကဲ့သို့ အကျိုးစီးပွားတစ်ရပ် ထပ်မံတိုးပွားရရှိသည့်အခါတွင်လည်း ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ထိုအကျိုးစီးပွားကို ထုတ်ဖော်တင်ပြရမည်။ သို့ရာတွင် ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် အကျေအလည်ဆွေးနွေးခြင်း သို့မဟုတ် မဲပေးခြင်းပြုရာ၌ တက်ရောက်ခြင်းမပြုရ။

### ဒါရိုက်တာများနှင့် အရာရှိများ၏ ပေးရန်တာဝန်

၆၉။ (က) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းသတ်မှတ်သည့် ပေးရန်တာဝန်များအပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ၎င်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင်သော်လည်းကောင်း၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၌ ငွေအပ်နှံသူ အခြားပုဂ္ဂိုလ်တွင်သော်လည်းကောင်း ဖြစ်ပေါ်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပေးလျော်ရန်တာဝန်ရှိသည်။

(ခ) ဤပုဒ်မပါ ပုဂ္ဂိုလ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၏ အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန်ပြုလုပ်မှုကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် အဆိုပါ လွှဲအပ်တာဝန်ပေးသူနှင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ပေးလျော်ရန် တာဝန်ရှိစေရမည်။

(ဂ) ဤပုဒ်မအရ ဒါရိုက်တာ သို့မဟုတ် အရာရှိထံမှ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ပေးလျော်ရန် ဆောင်ရွက်ချက်များကို ပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှု ဖြစ်ပေါ်ပြီး သုံးနှစ်အတွင်း စတင်ပြုလုပ်ရမည်။

### လျှို့ဝှက်ချက်များ ထိန်းသိမ်းရန် တာဝန်

၇၀။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်း၊ မှတ်တမ်းနှင့် လွှဲပြောင်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းရမည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း တစ်ခုခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းများသည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား မည်သူ့ကိုမဆိုပေးခြင်း သို့မဟုတ် အခြားနည်းဖြင့် ထုတ်ဖော်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သိရှိစေရန်အလို့ငှာ ထုတ်ဖော်သော သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကိုရရှိသူသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အလားတူ ထုတ်ဖော်ခြင်းမပြုရ။

### လျှို့ဝှက်ထားရန် တာဝန်အား ခြွင်းချက်ပြုခြင်း

၇၁။ (က) ပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်သည် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သတင်းအချက်အလက်ကို အောက်ပါကိစ္စများတွင် ထုတ်ဖော်ခြင်းနှင့် မသက်ဆိုင်စေရ-

(၁) ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းသို့ဖြစ်စေ ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသူ တစ်ဦးဦးသို့ဖြစ်စေ ထုတ်ဖော်ခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းထံမှ သတင်းအချက်အလက် ရရှိရန် ဗဟိုဘဏ်ကစာဖြင့် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည့်ဗဟိုဘဏ်တွင် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(၃) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကဖြစ်စေ ထုတ်ဖော်ရန် စာဖြင့် ခွင့်ပြုချက်ပေးထားခြင်း၊

(၄) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူက ဘဏ်လူမွဲဖြစ်ကြောင်း ကြေညာခြင်းခံရသည့်ကိစ္စ သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူသည် ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးဖြစ်ခြင်း၊

(၅) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်အတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ပြီး ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေချေးရန် ထိုက်တန်မှု (Credit worthiness) ကို စိစစ်ရန်အတွက်ဖြစ်ခြင်း၊

(၆) ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ၎င်း၏ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအကြားသို့မဟုတ် ၎င်းအား အာမခံသူတို့အကြားဖြစ်စေ၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းမှ ငွေကိုထုတ်ယူရန် တောင်းခံသူနှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအကြားဖြစ်စေ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆိုမှုအတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ခြင်း၊

(၇) ဥပဒေအရ တရားရုံး၏ အမိန့်နှင့်အညီ ထုတ်ဖော်ခြင်း၊

(၈) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွင်း စာရင်းစစ်ဆေးမှုပြုခြင်းနှင့်သာ သက်ဆိုင်သည့်ကိစ္စ သို့မဟုတ်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရသည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၉) ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ချေးငွေသတင်းအချက်အလက်ဌာနသို့ ဖော်ထုတ်ခြင်း၊

(၁၀) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ၎င်း၏လုပ်ငန်းတာဝန်များကို ပြင်ပအခြားအဖွဲ့အစည်းအား ဆောင်ရွက်စေသည့်အခါ ထိုပြင်ပအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်သာ သက်ဆိုင်သည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၁၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက အခြားလိုင်စင်ရ အဖွဲ့အစည်းနှင့် ပူးပေါင်းရန် သို့မဟုတ် ပူးပေါင်းရေးအတွက် အဆိုပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ထုတ်ဖော်ခြင်း၊

(၁၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းများ အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန်အဆိုပြုခြင်းအတွက် ထုတ်ဖော်ခြင်း၊

(၁၃) အခန်း(၁၃)နှင့် (၁၄)တို့အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပြန်လည်ဖွဲ့စည်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်သာ သက်ဆိုင်သော ထုတ်ဖော်ခြင်းနှင့်

(၁၄) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်အရ ထုတ်ဖော်ခြင်း၊ အချက်အလက်များအသိပေးခြင်း၊

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)သို့မဟုတ် (၇)အရ တရားမမှုခင်းတစ်ခုခုတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ထုတ်ဖော်ရန်ရှိသည့်အခါ အဆိုပါ တရားမမှုခင်းတွင် တရားရုံး၏ အမိန့်အရဖြစ်စေ၊ အမှုသည်တစ်ဦး၏ တောင်းဆိုချက်အပေါ် ချမှတ်သည့် အမိန့်အရဖြစ်စေ အဆိုပါအမှုကို တံခါးပိတ်ကြားနာပြီး ထုတ်ဖော်သည့် သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကို အမှုသည်

*စာမျက်နှာ ည သို့*

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၈ မှ*

များနှင့် တရားရုံးအကြားလျှို့ဝှက်ထားရမည်။ ထို့ပြင် မည်သည့် အမှုသည်မျှ ထိုသတင်းပေးချက် သို့မဟုတ် စာတမ်းအမှတ်အသားကို အခြားသူအားထုတ်ဖော်ခြင်းမပြုရ၊

(ဂ) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် မည်သူမျှ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်းဖော်ပြထားသည့် အဆိုပါ တရားမမှုခင်းတွင် ပါဝင်သည့် အမှုသည်တစ်ဦးဦး၏အမည်၊ နေရပ်လိပ်စာ သို့မဟုတ် ဓာတ်ပုံကိုသော်လည်းကောင်း၊ အမှုသည်များက ထိုအမှုတွင် မည်သူတို့က မည်သို့မည်ပုံ ပါဝင်သည်ကို သိနိုင်လောက်သည့် သတင်းအချက်အလက်တစ်ခုခုကိုသော်လည်းကောင်း ပုံနှိပ်ဖြန့်ချိခြင်းမပြုရ။

**လျှို့ဝှက်ချက်ထိန်းသိမ်းရန်တာဝန်နှင့် စပ်လျဉ်းသည့် နောက်ထပ်ခြွင်းချက်များ**

၇၂။ အခြားပုဒ်မတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်သည်-

(က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များကို တစ်စုတစ်ပေါင်းတည်းပုံစံဖြင့် အများပြည်သူအကျိုးငှာ သင့်လျော်သည် ထင်မြင်လျှင် ပုံနှိပ်ဖြန့်ချိနိုင်သည်။

(ခ) သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိရောက်စွာ ကြီးကြပ်စစ်ဆေးခြင်းအတွက်သာ အသုံးပြုရန်ဖြစ်ပါက ပြည်တွင်းပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ဖလှယ်နိုင်သည်။

**အခန်း (၁၀)**

**စာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေရေးကြေးရေးရှင်းတမ်းများ**

**ငွေစာရင်းများနှင့် ငွေရေးကြေးရေးရှင်းတမ်း အစီရင်ခံစာများ**

၇၃။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် မိမိတို့၏လုပ်ငန်းများ လည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့ကို ထင်ဟပ်စေရန် လုံလောက်သော ငွေစာရင်းများထိန်းသိမ်းခြင်းနှင့် အချိန်ကာလအလိုက် ငွေရေးကြေးရေးရှင်းတမ်းများ ပြုစုခြင်းတို့ကို နိုင်ငံတကာကလက်ခံထားသော စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) အဆိုပါ စည်းမျဉ်းများနှင့် လိုက်နာဆောင်ရွက်မှုကို အခြားဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့် စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က)ပါ ယေဘုယျပြဋ္ဌာန်းချက်ကို ကန့်သတ်ထားခြင်းမပြုဘဲ နိုင်ငံခြားဘဏ်ခွဲ အသီးသီးသည် သီးခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ ထို့ပြင် အရှုံးအမြတ်စာရင်းများ အပါအဝင် ငွေရေးကြေးရေး ရှင်းတမ်းတို့ကို ယင်းနိုင်ငံခြားဘဏ်၊ ဘဏ်ခွဲ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းစွာ ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံခြားဘဏ်က ပိုင်ဆိုင်သော အခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ မှတ်တမ်းများနှင့် ငွေရေးကြေးရေးရှင်းတမ်းနှင့် ခွဲခြား၍ ပြုစုရမည်။

**စာရင်းစစ်ကော်မတီ**

၇၄။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရန် လိုသည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုဝင်များ သင်းလုံးကျွတ်အစည်းအဝေးမှ အဖွဲ့ဝင်သုံးဦးပါဝင်သော စာရင်းစစ်ကော်မတီကို ဖွဲ့စည်းရမည်။ စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ လေးနှစ်ဖြစ်သည်။

(ဂ) ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် စာရင်းစစ်ကော်မတီတွင် တစ်ပြိုင်တည်း တာဝန်မထမ်းဆောင်ရ။

(ဃ) စာရင်းစစ်ကော်မတီသည်-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် သင့်လျော်သော စာရင်းရေးသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်မှုများကို သတ်မှတ်ထားရမည့်အပြင် ယင်းလုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု ရှိ/မရှိ ကြီးကြပ်ရမည်။ ထို့ပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ငွေစာရင်းနှင့် မှတ်တမ်းများကို စစ်ဆေးရမည်။

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် သက်ဆိုင်သည့်ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြပ်ကွပ်ကဲရမည့်အပြင် ထိုသို့စောင့်ကြပ်ကွပ်ကဲမှုကို ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံရမည်။

(၃) ဒါရိုက်တာအဖွဲ့သို့ တင်ပြသည့်ကိစ္စတစ်ရပ်ရပ်အပေါ် အကြံပြုချက်တောင်းခံလျှင် အကြံပြုချက်ပေးရမည်။

(င) စာရင်းစစ်ကော်မတီသည် အစည်းအဝေးကို သုံးလလျှင် တစ်ကြိမ် ပုံမှန်ကျင်းပရမည် ဖြစ်ပြီး ဒါရိုက်တာအဖွဲ့က အစည်းအဝေး တက်ရောက်ရန်ခေါ်သည့်အခါတိုင်း တက်ရောက်ရမည်။

**လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း**

၇၅။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ အောက်ပါတို့ကို ပြုစုရမည်-

(၁) သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးအလုပ်လုပ်ရက်များရှိ လက်ကျန်ရှင်းတမ်း၊

(၂) အဆိုပါဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်စာရင်း၊

(၃) ဗဟိုဘဏ်က လိုအပ်သည့် အခြားငွေရေးကြေးရေးဆိုင်ရာ ရှင်းတမ်းများ။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ငွေရေးကြေးရေးရှင်းတမ်းများဖြစ်သည့် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းသည် ၎င်းအဖွဲ့အစည်းနှင့် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့ကို ထင်ဟပ်ပေါ်လွင်နေရမည်။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်း ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ငွေရေးကြေးရေးရှင်းတမ်းများကို ဗဟိုဘဏ်သို့ ပေးပို့ရမည်။

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေးရှင်းတမ်းကို ဗဟိုဘဏ်ကခွင့်ပြုသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် အများပြည်သူ သိရှိရန် ထုတ်ပြန်ကြေညာရမည်။

(င) စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေးရှင်းတမ်းကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဘဏ်ခွဲအသီးသီး၌ မြင်သာသော နေရာတွင် ပြသထားရမည်။

(စ) ဗဟိုဘဏ်သည် ထုတ်ဖော်ပြသရမည့် လိုအပ်ချက်များ အပါအဝင် ဤအခန်းတွင် ရည်ညွှန်းထားသော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့၏ပုံစံ၊ ပါဝင်ရမည့် အချက်များနှင့် သက်သေခံလက်မှတ်ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ စည်းမျဉ်းများ ထုတ်ပြန်နိုင်သည်။

(ဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပုဒ်မခွဲ (စ) အရ ဘဏ်ရှင်းတမ်းကို ပုံနှိပ်ဖြန့်ချိရာတွင် ပါရှိရမည့်အချက်များ မပါရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် လှည့်ဖြား၍ ဖော်ပြခြင်းပြုလုပ်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်သည့်အခါ ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ အောက်ပါတို့ကိုဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့နိုင်သည်-

(၁) ထုတ်ဖော်သည့်ရှင်းတမ်းတွင် ချန်လှပ်ထားသော အချက်များထည့်သွင်း၍ ပုံနှိပ်ဖြန့်ချိရန်၊

(၂) ထုတ်ဖော်သည့် မမှန်မကန်သော သို့မဟုတ် လှည့်ဖြားထားသော အချက်များမပါသည့် ထုတ်ဖော်ရှင်းတမ်းအားပုံနှိပ်ဖြန့်ချိရန်၊

(၃) ဗဟိုဘဏ်က အကြောင်းကြားစာတွင် သတ်မှတ်ပေးသည့်အတိုင်း မှားယွင်းချက်များကို ပြင်ဆင်၍ ဆောင်ရွက်ရန်။

**ဗဟိုဘဏ်သို့ ပေးပို့ရသော ကာလအပိုင်းအခြားအလိုက် အစီရင်ခံစာများ**

၇၆။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်း အသီးသီးသည် ငွေရေးကြေးရေး အစီရင်ခံစာများကို ကာလအပိုင်းအခြားအလိုက်ပြုစုပြီး ဗဟိုဘဏ်သို့ အစီရင်ခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ လိုအပ်သော အစီရင်ခံစာ အသီးသီးကို -

(၁) ဗဟိုဘဏ်က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းများဖြင့် သတ်မှတ်သည့်ပုံစံ၊ ပါဝင်ရမည့်အချက်များနှင့် သတ်မှတ်သည့် ကာလအတွင်း တင်ပြရမည်။

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ်နှင့် ဘဏ္ဍာရေးအရာရှိချုပ်တို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးရမည်။

(၃) ဗဟိုဘဏ်ကထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းများဖြင့်သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာကာလ ကုန်ဆုံးပြီးနောက် သတ်မှတ်အချိန်အတွင်း တင်ပြရမည်။

(ဂ) လိုင်စင်ရ နိုင်ငံခြားဘဏ်ခွဲများ၏ အစီရင်ခံစာများတွင် ၎င်းတို့၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများ၊ ကုန်ကျစရိတ်များ၊ စီမံခန့်ခွဲမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်စေရမည်။

(ဃ) ဤပုဒ်မအရ တင်ပြရန်လိုအပ်သည့် အစီရင်ခံစာတစ်ခုခုကို တင်သွင်းရန် ပျက်ကွက်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

**ပြင်ပစာရင်းစစ်များ**

၇၇။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအသီးသီးသည် ၎င်း၏ ငွေစာရင်းများကို စစ်ဆေးရန်အတွက် သင်းလုံးကျွတ်အထွေထွေ အစည်းအဝေးကျင်းပ၍ သင့်လျော်သော ပြင်ပစာရင်းစစ်ခန့်အပ်ရန် တာဝန်ရှိသည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းများသည် ၎င်းတို့၏ ပြင်ပစာရင်းစစ်များကို ငါးနှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစားထိုးပြောင်းလဲခန့်အပ်တာဝန်ပေးရမည်ဖြစ်ပြီး ၎င်းစာရင်းစစ်ကို သုံးကြိမ်ဆက်တိုက်ထက်ပို၍ ခန့်ထားခြင်းမပြုရ။ သို့မဟုတ် ဗဟိုဘဏ်က သတ်မှတ်သည့်ကာလအတိုင်းဖြစ်သည်။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအသီးသီးသည် ပြင်ပစာရင်းစစ်များကို ခန့်အပ်ပြီးနောက် ထိုစာရင်းစစ်များ၏ အမည်၊ လုပ်ငန်းတည်နေရာလိပ်စာ၊ အရည်အချင်းနှင့် အတွေ့အကြုံများကို ချက်ချင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ခန့်အပ်တာဝန်ပေးထားသည့် ပြင်ပစာရင်းစစ်မှာ ရာထူးတာဝန်နှင့် မသင့်လျော်ကြောင်း ဗဟိုဘဏ်မှအကြောင်းပြချက်များဖြင့် အကြောင်းကြားစာ ပေးထားခြင်းမရှိပါက ထိုစာရင်းစစ်မှာ သင့်လျော်သည်ဟု မှတ်ယူရမည်။ ထိုသို့သော အကြောင်းကြားစာရရှိပါက ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ၎င်း၏ပြင်ပစာရင်းစစ်ကို ချက်ချင်း အစားထိုးခန့်အပ်ရမည်။

(င) သင့်မြတ်လျော်ကန်သူကိုသာလျှင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းစစ်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ဆက်နွယ်သူနှင့် ဝန်ထမ်းများကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပြင်ပစာရင်းစစ်အဖြစ် မခန့်အပ်ရ။

(စ) ပြင်ပစာရင်းစစ်အဖြစ် ခန့်ထားခြင်းခံရသူသည် ၎င်းအား ခန့်အပ်တာဝန်ပေးပြီးနောက် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် သက်ဆိုင်သူသို့မဟုတ် ဝန်ထမ်းဖြစ်ပါက ပြင်ပစာရင်းစစ်အဖြစ်မှချက်ချင်းတာဝန်မှ ရပ်စဲရမည်။

(ဆ) ပုဒ်မခွဲ (က)အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပျက်ကွက်ပါက ဗဟိုဘဏ်သည် အဆိုပါ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် ပုဒ်မ ၇၈ အရ သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြင်ပစာရင်းစစ်များကို ထိုဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကုန်ကျစရိတ်ဖြင့် ခန့်အပ်ပိုင်ခွင့်ရှိသည်။

(ဇ) ပုဒ်မခွဲ (က) သို့မဟုတ် (င) အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ခန့်အပ်သည့် ပြင်ပစာရင်းစစ်သည် ၎င်း၏တာဝန်ဆောင်ရွက်ရန် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာအုပ်များ၊ ငွေစာရင်းများ၊ ဘောက်ချာများနှင့် စာတမ်းအမှတ်အသားအားလုံးကို လိုအပ်သည့် အချိန်တိုင်း ရယူစစ်ဆေးခွင့်ရှိသည်။ ထို့ပြင် ပြင်ပစာရင်းစစ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အရာရှိများထံမှ ၎င်း၏စာရင်းစစ်လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် လိုအပ်သည်ဟု ထင်မြင်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များကို တောင်းခံရယူ စစ်ဆေးပိုင်ခွင့် ရှိသည်။

(ဈ) ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်များအတွက် စံသတ်မှတ်ချက်များနှင့် အခြားသက်ဆိုင်သည့်ကိစ္စရပ်များအတွက် စည်းမျဉ်းကို ထုတ်ပြန်နိုင်သည်။

၇၈။ (က) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးသုံးလအတွင်း စာရင်းစစ် အစီရင်ခံစာတိုင်းကို ပြည့်စုံစွာပြုစုရမည်ဖြစ်ပြီး စာရင်းစစ်က ထိုအစီရင်ခံစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိစေရမည်-

(၁) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ရေးဆွဲထားသော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများသည် ပြည့်စုံ၍မျှတကျနစွာ ရေးဆွဲထားခြင်း ရှိ/မရှိ၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ/မရှိ၊

(၃) အဆိုပါ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိများ သို့မဟုတ် ကိုယ်စားလှယ်များထံမှ ရရှိသော သတင်းအချက်အလက်သည် ကျေနပ်ဖွယ်ရာ ရှိ/မရှိနှင့်

(၄) ဗဟိုဘဏ်က သတ်မှတ်နိုင်သော အခြားသက်ဆိုင်သည့် အဆိုပါကိစ္စရပ်များ။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းများအတွက် ပုဒ်မခွဲ (က)နှင့်အညီ ပြုစုထားသည့် စာရင်းစစ် အစီရင်ခံစာကို အစုရှယ်ယာဝင်အားလုံးတက်ရောက်သည့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်အတူ ယှဉ်တွဲ၍ ဖတ်ပြရမည်။

(ဂ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလထက်နောက်မကျစေဘဲ စာရင်းစစ်၏ စီမံခန့်ခွဲမှုစာနှင့်အတူ ပုဒ်မခွဲ (က)အရ ပြုစုသည့် အစီရင်ခံစာပြီးဆုံးသည့်အခါ ထိုစာရင်းစစ် အစီရင်ခံစာကို ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ရမည်။

(ဃ) ဗဟိုဘဏ်သည် စာရင်းစစ်ဆေးထားသည့် ဘဏ္ဍာရေးအခြေအနေထုတ်ဖော်ချက်များမှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များစစ်မှန်ပြီး မှန်ကန်စွာ ထုတ်ဖော်ပြသခြင်းမရှိဟုသော်လည်းကောင်း၊ စာရင်းစစ်၏ အစီရင်ခံစာ သို့မဟုတ် စီမံခန့်ခွဲမှုစာမှာ ကျေနပ်ဖွယ်ရာမရှိဟုသော်လည်းကောင်း ထင်မြင်လျှင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စရိတ်ဖြင့် ပြင်ပစာရင်းစစ်ကို ထပ်မံခန့်ထားရန်နှင့် စာရင်းစစ် အစီရင်ခံစာအသစ်တင်ရန် ထိုဘဏ်လိုင်စင်ရ အဖွဲ့အစည်းသို့ အမိန့်ထုတ်ဆင့်နိုင်သည်။

(င) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းစစ်အဖြစ် ၎င်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် စာရင်းစစ်က အောက်ပါကိစ္စရပ်တစ်ရပ်ရပ်အတွက် ကျေနပ်မှုမရှိလျှင် ထိုစာရင်းစစ်သည် ဗဟိုဘဏ်သို့ ထိုကိစ္စကို ချက်ချင်းသတင်းပို့ရမည် -

(၁) ဤဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာမှုမရှိခြင်း၊ သို့မဟုတ် လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်မှု ကျူးလွန်ခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မတည်ရန်ပုံငွေများ ၅၀ ရာခိုင်နှုန်းမျှ လျော့ကျခြင်းကြောင့် အရှုံးဖြစ်ပေါ်ခြင်း၊

(၃) မြီရှင်များအတွက် အာမခံချက်ကို ထိခိုက်စေသည့် ပုံမမှန်မှုအပါအဝင် စနစ်ကျနမှုမရှိခြင်း၊

(၄) မြီရှင်များ၏ တောင်းဆိုမှုအပေါ် ရရန်ပိုင်ခွင့်များဖြင့် ပေးချေနိုင်မည်ဟု ၎င်းက အတည်ပြုထောက်ခံနိုင်မှု မရှိခြင်း။

**တင်ပြရမည့် အစီရင်ခံစာ**

၇၉။ (က) စာရင်းစစ်သည် စာရင်းစစ်အစီရင်ခံစာကို သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က)အရ စာရင်းစစ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြသည့်အခါ စာရင်းစစ်သည် ထိုအစီရင်ခံစာနှင့်အတူ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းစစ်ဆေးချက်နှင့် ဆက်စပ်သော အခြားအစီရင်ခံစာများတွင် ဗဟိုဘဏ်က သတ်မှတ်သည့် စာတမ်းအမှတ်အသားများ ပူးတွဲ၍ တင်ပြရမည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ည မှ*

**အခန်း (၁၁)**

**ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း**

**ကြပ်မတ်ကွပ်ကဲရန် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၈၀။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို စည်းကမ်းတကျရှိစေရန် ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း အခွင့်အာဏာရှိရမည်။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)အရ ၎င်း၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်သောနည်းဥပဒေများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ အသိပေးအကြောင်းကြားစာများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည်။

**ဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ သွားရောက်စစ်ဆေးခြင်း**

၈၁။ (က) ဗဟိုဘဏ်သည် အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုစီသို့ သွားရောက်စစ်ဆေးမှုကို နှစ် နှစ်လျှင် အနည်းဆုံး တစ်ကြိမ်စစ်ဆေးရမည်။

(ခ) ဗဟိုဘဏ်သည် -

(၁) အစစ်ဆေးခံ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းသို့သွားရောက်စစ်ဆေးမှုကို အခြားပုဂ္ဂိုလ်များနှင့် ပူးတွဲပြုလုပ်နိုင်သည်။

(၂) ငွေစာရင်းများစစ်ဆေးရန် လက်မှတ်ရစာရင်းကိုင်တစ်ဦးဦးကိုဖြစ်စေ၊ လက်မှတ်ရစာရင်းကိုင်များအဖွဲ့တစ်ခုခုကိုဖြစ်စေ ရွေးချယ်ခန့်အပ်ပြီး အခွင့်အာဏာအပ်နှင်းနိုင်သည်။

(ဂ) ကြီးကြပ်စစ်ဆေးသူ တစ်ဦးဦးသည် အောက်ပါတို့ကို တရားဝင်ဆောင်ရွက်နိုင်သည်-

(၁) လိုအပ်ပါက ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်အားလုံးကို ဖြည့်ဆည်းပံ့ပိုးပေးရန် အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးအား တောင်းဆိုရန်၊

(၂) စစ်ဆေးလျက်ရှိသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ၎င်း၏ စာတမ်းအမှတ်အသားများ၊ ငွေများ၊ ငွေချေးသက်သေခံလက်မှတ်များနှင့် အခြားရရန်ပိုင်ခွင့်များကို စစ်ဆေးရေးအတွက် တင်ပြရန် အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးကို တောင်းဆိုနိုင်သည်။

(၃) အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက မလျော်မကန် စီမံခန့်ခွဲမှုပြုလုပ်ကြောင်း သက်သေခံချက်အထောက်အထားတွေ့ရှိသည့်ကိစ္စတွင် အောက်ပါတို့ကို တောင်းဆိုနိုင်သည်-

(ကက) ဗဟိုဘဏ်က အာဏာအပ်နှင်းထားသည့် စာရင်းစစ်က စစ်ဆေးရေးအတွက်ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းများတင်ပြရန်၊

(ခခ) စစ်ဆေးမေးမြန်းရာတွင် စာရင်းစစ်ကို အဆိုပါ သတင်းအချက်အလက်များအား ဖြည့်ဆည်းပေးရန်၊

(ဂဂ) စာရင်းစစ်က စစ်ဆေးရေးအတွက် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ သို့မဟုတ် ၎င်း၏ လက်ဝယ်တွင်ရှိသော စာတမ်းအမှတ်အသား၊ ငွေသား၊ ငွေချေးသက်သေခံလက်မှတ်များနှင့် အခြားရရန်ပိုင်ခွင့်များကို တင်ပြရန်၊

(ဃ) အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်းနှင့် စာရင်းစစ်တိုင်း၏တာဝန်မှာ ဤပုဒ်မအရ သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာရန်အတွက်လည်းကောင်း၊ လိုင်စင်ရအဖွဲ့ရုံးမှ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးရန်အတွက်လည်းကောင်း တာဝန်ရှိသည်။

(င) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုက လက်ရှိကာလတွင်ဖြစ်စေ၊ အနာဂတ်တွင်ဖြစ်စေ ငွေအပ်နှံသူများအား ထိခိုက်နစ်နာစေမည့် နည်းလမ်းတစ်ခုခုဖြင့် လုပ်ငန်းဆောင်ရွက်နေခြင်း ရှိ/မရှိ ဆုံးဖြတ်ရန် လိုအပ်သည့်အခါ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ရရှိရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦးကို အကြောင်းကြားစာ ပေးပို့တောင်းဆိုနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ ဗဟိုဘဏ်သို့ တင်ပြပေးရန် တောင်းဆိုခြင်းခံရသူသည် တရားရုံးအမိန့်ဖြင့် ထိုသို့တင်ပြပေးခြင်းမပြုရန် တားမြစ်ထားခြင်းမရှိလျှင် သတင်းအချက်အလက်ကို လျှို့ဝှက်ထားရန် တရားဥပဒေအရ လိုအပ်ချက် မည်သို့ပင်ရှိစေကာမူ ဗဟိုဘဏ်က တောင်းဆိုသည့်အတိုင်း တင်ပြရမည်။

(ဆ) အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက် အခြေအနေမှန်ကို သိရှိရန်အလို့ငှာ ဗဟိုဘဏ်သည် ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုအတွက် ၎င်းအဖွဲ့အစည်းနှင့် ဆက်နွယ်ဆက်စပ်လျက်ရှိသည့် အောက်ပါကုမ္ပဏီတစ်ခုခု၏ လုပ်ငန်းကိုလည်း စစ်ဆေးနိုင်သည်-

(၁) အစစ်ဆေးခံရသော ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဦးပိုင်ကုမ္ပဏီ သို့မဟုတ် လက်အောက်ခံကုမ္ပဏီ၊

(၂) အစစ်ဆေးခံရသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဦးပိုင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ၊

(၃) အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ တွဲဖက်ကုမ္ပဏီ။

(ဇ) မည်သူမဆို ဤပုဒ်မပါ လိုအပ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က ဤပုဒ်မအရ မိမိအား ဆောင်ရွက်ရန် ပေးအပ်သောလိုအပ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေလိုက်နာရန် ပျက်ကွက်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ဈ) ဤအခန်းပါ ရည်ရွယ်ချက် အလို့ငှာ-

(၁) **"အစစ်ဆေးခံ ဘဏ်လိုင်စင်ရအဖွဲ့အစည်း"** ဆိုသည်မှာ ဤပုဒ်မအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းရှိရာနေရာသို့ ဗဟိုဘဏ်က သွားရောက်စစ်ဆေးမည့် သို့မဟုတ် သွားရောက်စစ်ဆေးသည့် သို့မဟုတ် သွားရောက်စစ်ဆေးပြီးသည့် ထိုအဖွဲ့အစည်းအသီးသီးကို ဆိုသည်။

(၂) **"စစ်ဆေးမေးမြန်းသူ"** ဆိုသည်မှာ ဤပုဒ်မအရ စစ်ဆေးရမည့် အဖွဲ့အစည်းတစ်ခုသို့ဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ သွားရောက်စစ်ဆေးမေးမြန်းရန် ဗဟိုဘဏ်က အခွင့်အာဏာအပ်နှင်းခြင်းခံရသူကို ဆိုသည်။

(၃) **"ဆက်နွယ်နေသည့် ကုမ္ပဏီ"** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ ၂၀ ရာခိုင်နှုန်းထက်မနည်း၊ ၅၀ ရာခိုင်နှုန်းထက်မပိုသော အစုရှယ်ယာများအား ထိန်းချုပ်ပိုင်ဆိုင်သည့် အခြားကုမ္ပဏီကို ပထမဖော်ပြသော ကုမ္ပဏီ၏ ဆက်နွယ်နေသည့်ကုမ္ပဏီဟု ဆိုသည်။

**နိုင်ငံခြားဘဏ်များက စစ်ဆေးခြင်း**

၈၂။ (က) နိုင်ငံခြားဘဏ်သည် ဗဟိုဘဏ်၏ အတည်ပြုချက်ရယူပြီးနောက် ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ မြန်မာနိုင်ငံ၌ တည်ထောင်သော ကုမ္ပဏီရုံးခွဲနှင့် ၎င်း၏ဘဏ်ရုံးခွဲကို စစ်ဆေးနိုင်သည်။

(ခ) သက်ဆိုင်ရာ နိုင်ငံခြားဘဏ်သည် ပုဒ်မခွဲ (က)အရ စစ်ဆေးမှုပြုလုပ်ပြီး စစ်ဆေးချက် အစီရင်ခံစာ မိတ္တူကို ဗဟိုဘဏ်သို့ တင်ပြရမည်။

**အခန်း (၁၂)**

**ဘဏ်များ ပြန်လည်တည့်မတ်အောင် ပြုလုပ်ခြင်းနှင့်အရေးယူဆောင်ရွက်ခြင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ လိုက်နာခြင်းနှင့် စပ်လျဉ်းသည့် ဗဟိုဘဏ်၏ တာဝန်ဝတ္တရား**

၈၃။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းများအားလုံး လိုက်နာရမည့် သတ်မှတ်ထားသောမူများ၊ စံသတ်မှတ်ချက်များ၊ နည်းဥပဒေများနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို သေချာစွာ လိုက်နာဆောင်ရွက်ရေးအတွက် စနစ်တကျ ကြီးကြပ်ထိန်းကျောင်းရန်မှာ ဗဟိုဘဏ်၏ တာဝန်ရှိမှုနှင့် တာဝန်ဝတ္တရားများဖြစ်သည်။

**ပေါ်ပေါက်သည့်အခြေအနေများအရ ဘဏ်များ ပြန်လည်တည့်မတ်အောင် ဗဟိုဘဏ်က အရေးယူဆောင်ရွက်ခြင်း**

၈၄။ (က) အောက်ပါအခြေအနေများတွင် ဗဟိုဘဏ်သည် တည့်မတ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်-

(၁) ဗဟိုဘဏ်သို့ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ကြွေးမြီများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ၎င်း၏ ပေးရန်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်း မရှိတော့ကြောင်း သို့မဟုတ် ပေးဆပ်ရန်တာဝန်များအနက်မှ ကြီးမားသော အတိုင်းအတာကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိတော့ကြောင်း၊ သို့မဟုတ် ငွေပေးချေမှုကို အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း၊ အကြောင်းကြားခြင်း၊

(၂) ပုဒ်မ ၈၁ အရ ကြီးကြပ်စစ်ဆေးပြီးနောက်ဖြစ်စေ၊ အခြားနည်းအရဖြစ်စေ ဗဟိုဘဏ်သည်ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိသည့်အခါ သတိပေးအကြောင်းကြားစာပေးပို့မည်-

(ကက) ၎င်း၏လုပ်ငန်းများ လုပ်ဆောင်ရာတွင် ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ်ကြောင်း၊

(ခခ) ငွေရေးကြေးရေးပေးရန် တာဝန်များကိုပေးဆပ်ရန် အချိန်စေ့ရောက်သော်လည်း ပေးချေမှုမပြုကြောင်း၊

(ဂဂ) ပေးရန်တာဝန်အားလုံးကိုဖြစ်စေ၊ ကြီးမားသော အတိုင်းအတာတစ်ခုအထိဖြစ်စေ ပေးချေမှုမပြုနိုင်ကြောင်း သို့မဟုတ် ငွေပေးချေမှုကို အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း၊

(ဃဃ) တရားစွဲဆိုခံရခြင်းမရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း၊

(ငင) လိုင်စင်လျှောက်ထားရာတွင် မမှန်ကန်သော အကြောင်းပြချက် သို့မဟုတ် လိမ်လည်ထိမ်ချန်သော ဖော်ပြချက်ဖြင့် လိုင်စင်လျှောက်ထားရရှိခဲ့ကြောင်း၊

(စစ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိတစ်ဦးဦး၊ ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ အကျိုးစီးပွားကိုဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နစ်နာစေရန် ဆောင်ရွက်ကြောင်း၊

(ဆဆ) ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းနှင့်စာအုပ်များ သို့မဟုတ် မှတ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအားလုံး သို့မဟုတ် အရေးပါသော အစိတ်အပိုင်းများကို မြန်မာနိုင်ငံပြင်ပသို့ ထုတ်ဆောင်သွားသဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည်ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးမှုအား နှောင့်နှေးကြန့်ကြာမှုဖြစ်စေကြောင်း၊

(ဇဇ) ဗဟိုဘဏ်က ပေးပို့သည့် ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း၊

(ဈဈ) ဗဟိုဘဏ်က သတ်မှတ်သည့် စံသတ်မှတ်ချက်များဖြစ်သည့် ရရန်ပိုင်ခွင့်အရည်အသွေး စီမံခန့်ခွဲမှု၊ ဝင်ငွေရရှိမှု၊ ငွေကြေးလွယ်ကူမှုသို့မဟုတ် ဈေးကွက်ဆုံးရှုံးနိုင်ခြေအပေါ် ခံနိုင်ရည်ရှိမှုစသည်တို့ကို ပြည့်မီအောင် လိုက်နာရန် ပျက်ကွက်ကြောင်း၊

(ညည) ဤဥပဒေပါ သို့မဟုတ် ဗဟိုဘဏ်၏ စည်းမျဉ်းတစ်ရပ်ရပ်ပါ မတည်ရင်းနှီးငွေလိုအပ်ချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ပျက်ကွက်မည့် အခြေအနေဖြစ်ပေါ်နေခြင်း၊

(ဋဋ) ဘဏ်လုပ်ငန်းစနစ်တစ်ရပ်လုံး၏ သို့မဟုတ် တစ်စိတ်တစ်ပိုင်းရှိငွေအပ်နှံသူများအတွက် ဆုံးရှုံးနိုင်ခြေရှိသည့်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်လျက်ရှိကြောင်း၊

(ဌဌ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ကြွေးမြီပေးဆပ်နိုင်စွမ်းမရှိခြင်းနှင့် ၎င်း၏စုစုပေါင်းရရန်ပိုင်ခွင့်တန်ဖိုးသည် ပေးရန်တာဝန်စုစုပေါင်းထက် လျော့နည်းနေကြောင်း၊

(ဍဍ) မြီစားများအတွက် ကြွေးမြီသက်သာခွင့်ပြုသည့် လူမွဲစာရင်းခံယူခြင်းဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လုံခြုံရေးအရအပ်နှံခံရသူ၊ ပစ္စည်းထိန်းအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အဆိုပါသက်သာခွင့်တောင်းဆိုသည့် အမှုများနှင့် ရင်ဆိုင်နေရကြောင်း၊

(ဎဎ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ရာဇဝတ်ပြစ်မှုလုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် ၎င်းလုပ်ရပ်များအတွက် အသုံးချခံနေရခြင်းနှင့် ၎င်းလုပ်ရပ်များအတွက် လုံလောက်သော ကြိုတင်ကာကွယ်အရေးယူဆောင်ရွက်ချက်များမပြုလုပ်နိုင်ကြောင်း၊

(ဏဏ) နိုင်ငံခြား ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ မိမိသဘောအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းလျက်ရှိကြောင်း၊ သို့မဟုတ် ၎င်း၏ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်သည် မူရင်းနိုင်ငံ၌ ဖျက်သိမ်းခံရကြောင်း၊

(တတ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေး မကောင်းခြင်းကြောင့် ပေးရန်တာဝန်များကို ပြည့်မီစွာဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ကြောင်း ဗဟိုဘဏ်က စဉ်းစားဆုံးဖြတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က)တွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်က ပုဒ်မ ၈၅ အရ သတိပေးအကြောင်းကြားစာ ပေးပို့ခြင်းသည် ငွေအပ်နှံသူများ သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို အန္တရာယ်ဖြစ်နိုင်ကြောင်း ဆုံးဖြတ်သည့်အခါ ဗဟိုဘဏ်သည် သတိပေး အကြောင်းကြားစာပေးပို့ခြင်းမပြုဘဲ ပုဒ်မ ၈၆ အရ ပြန်လည်တည့်မတ်သည့် အရေးယူဆောင်ရွက်မှုများဆက်လက်လုပ်ဆောင်နိုင်သည်။

**ဗဟိုဘဏ်၏ သတိပေး အကြောင်းကြားစာ**

၈၅။ (က) ဗဟိုဘဏ်က ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းထားသော အခြေအနေများ ပေါ်ပေါက်တွေ့ရှိကြောင်း ဆုံးဖြတ်လျှင် ဗဟိုဘဏ်သည် သတိပေးအကြောင်းကြားစာ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ(က) အရ ထုတ်ဆင့်သည့် အကြောင်းကြားစာရရှိသည့်နေ့မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းက မိမိ၏ ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်သို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရမည်။

*စာမျက်နှာ ၄၅ သို့*

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၄ မှ*

(ဂ) ပုဒ်မခွဲ (ခ)အရ ပြုလုပ်မည့် လုပ်ငန်းအစီအစဉ်ကို-

(၁) ဖြစ်ပေါ်ခဲ့သော ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အစီအစဉ်အသေးစိတ်ကိုဖော်ပြ၍ တင်ပြရမည်။

(၂) သက်ဆိုင်ရာ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့က အတည်ပြုရမည်။

(၃) ချွတ်ယွင်းအားနည်းချက်များ သို့မဟုတ် နှောင့်နှေးမှုများကို စိတ်ကျေနပ်သည်အထိ အရေးယူဆောင်ရွက်ရေးစီမံချက်ကို ပြုလုပ်မည့်အချိန်ကာလကိုဖော်ပြရမည်။

(၄) ထို့အပြင် အရေးယူဆောင်ရွက်မှုလုပ်ငန်းစဉ်များကို မည်ကဲ့သို့သောစနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရှင်းလင်းချက်ပါရှိရမည်။

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရာတွင် နောက်ဆုံးအခြေအနေများ သို့မဟုတ် လိုအပ်သော အခြားအစီရင်ခံစာများပါ ဗဟိုဘဏ်သို့ တင်ပြရမည်။

(င) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပုဒ်မခွဲ (ခ) အရ တင်ပြရမည့် လုပ်ငန်းစီမံချက်ကို သတ်မှတ်သည့် အချိန်ကာလအတွင်း တင်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ၊ တင်ပြလာသော လုပ်ငန်းစီမံချက် ပြည့်စုံမှုမရှိဟု ဗဟိုဘဏ်က ဆုံးဖြတ်လျှင်ဖြစ်စေ၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပုဒ်မခွဲ(ခ)အရ တင်ပြထားသော လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန်ပျက်ကွက်လျှင်ဖြစ်စေ ဗဟိုဘဏ်သည် ပုဒ်မ ၈၆ အရ ပြန်လည်တည့်မတ်စေရန် အရေးယူဆောင်ရွက်မှုပြုရမည်။

**ဘဏ်လိုင်စင်ရအဖွဲ့အစည်း ပြန်လည်တည့်မတ်စွာ အရေးယူဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်အာဏာ**

၈၆။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၈၅၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့အရ သတိပေးအကြောင်းကြားစာထုတ်ပြီးဖြစ်လျှင် သို့မဟုတ် ပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ အကျုံးဝင်လျှင်ဖြစ်စေ အောက်ဖော်ပြပါ အရေးယူမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည်-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား အထူးငွေကြေးလွှဲပြောင်းဆောင်ရွက်ချက်တစ်ခုခု သို့မဟုတ် ငွေကြေးလွှဲပြောင်းဆောင်ရွက်ချက် အမျိုးအစားတစ်ခုခုတွင် ဝင်ရောက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စိတ်ချလုံခြုံမှုမရှိသော သို့မဟုတ် ခိုင်မာမှန်ကန်မှု မရှိသော လုပ်ထုံးလုပ်နည်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းကို ရပ်စဲရန် သို့မဟုတ် ရှောင်ကြဉ်ရန် ညွှန်ကြားခြင်း၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ဗဟိုဘဏ်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အရေးယူဆောင်ရွက်မှုပြုလုပ်ရန် ညွှန်ကြားခြင်း၊

(၄) ပုဒ်မ ၈၁ အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စစ်ဆေးမှုပြုနေသည့်ကာလအတွင်းဖြစ်စေ၊ စစ်ဆေးပြီးနောက်ဖြစ်စေ ဗဟိုဘဏ်က အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(ကက) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရေးအရာများနှင့်စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ရန်လိုသည့် ကိစ္စတစ်ရပ်ရပ်အတွက် ဒါရိုက်တာအဖွဲ့အား အစည်းအဝေးခေါ်ယူရန် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ညွှန်ကြားခြင်း၊

(ခခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိအား အဆိုပါ စဉ်းစားဆုံးဖြတ်ရန် ကိစ္စရပ်တစ်ခုခုအတွက် ဗဟိုဘဏ်နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊

(ဂဂ) ဒါရိုက်တာအဖွဲ့ သို့မဟုတ် ကော်မတီအစည်းအဝေးကိစ္စများနှင့် စပ်လျဉ်းသည့် နို့တစ်စာများ၊ အခြားဆက်သွယ်ရေးကိစ္စရပ်များကို၊ ဗဟိုဘဏ်က သတ်မှတ်သည့် အရာရှိတစ်ဦးဦးထံသို့ စာဖြင့်ရေးသား အကြောင်းကြားရန် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့သို့ ညွှန်ကြားခြင်း၊

(ဃဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ၎င်း၏ အရာရှိများ၊ လုပ်ငန်းခွဲများ၏ ဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီရင်ခံစာများကို လေ့လာရန် ဗဟိုဘဏ်က ၎င်း၏အရာရှိတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ခန့်အပ်တာဝန်ပေးခြင်း၊

(ငင) စစ်ဆေးမှုပြုလုပ်နေချိန်တွင်ဖြစ်စေ၊ စစ်ဆေးမှုပြုလုပ်ရာမှဖြစ်စေ ထုတ်ဖော်ကြေညာသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများကို ဗဟိုဘဏ်က သတ်မှတ်ထားသော အချိန်အတွင်းပြုလုပ်ရန် ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအား ညွှန်ကြားခြင်း။

(၅) ထည့်ဝင်ပြီး မတည်ငွေရင်းကိုဖြစ်စေ၊ ထုတ်ဝေပြီး အစုရှယ်ယာမှ မပေးသွင်းရသေးသော အပိုင်းကို ပေးသွင်းရန် တောင်းခေါ်၍ဖြစ်စေ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မတည်ငွေရင်းကို တိုးမြှင့်ရန် ညွှန်ကြားခြင်း၊

(၆) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မတည်ငွေရင်းလုံလောက်မှုအချိုးအား ပိုမိုတိုးမြှင့်ရန် သို့မဟုတ် ငွေကြေးလွယ်ကူမှုအချိုး သို့မဟုတ် အခြားသောကန့်သတ်ချက်များ သို့မဟုတ် စည်းကမ်းချက်များကို ပိုမိုထားရှိဆောင်ရွက်ရေးအတွက် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ညွှန်ကြားခြင်း၊

(၇) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ရပ်ဆိုင်းထားခြင်း၊

(၈) အစုရှယ်ယာဝင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် အပါအဝင် အခွင့်အရေးများ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရပ်ဆိုင်းခြင်း၊ ထို့ပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာဝင်အား အမြတ်ငွေခွဲဝေမှုကိုဖြစ်စေ၊ ငွေထုတ်ယူခွင့်ကိုဖြစ်စေ တားမြစ်ခြင်း၊

(၉) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိအား ရာထူးမှရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခွင့်ကို အမြဲတမ်းပိတ်ပင်ခြင်း၊

(၁၀) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၊ အရာရှိနှင့် ဝန်ထမ်းတို့၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်တားမြစ်ခြင်း၊

(၁၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိများအား ပေးရမည့် လျော်ကြေးငွေ (စီမံခန့်ခွဲမှုစရိတ်စကနှင့် အထူးချီးမြှင့်ငွေအပါအဝင်) ကို ကန့်သတ်ခြင်း၊

(၁၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား အပ်နှံငွေလက်ခံခြင်းနှင့် ငွေထုတ်ချေးခြင်း၊ ကြိုတင်ချေးငွေပေးခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်းတို့အပေါ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းများပြုခြင်း၊

(၁၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား အုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ရန်၊ ဌာနတွင်း ကြီးကြပ်ခြင်းအစီအစဉ်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များကို တိုးမြှင့်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(၁၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းများနှင့် ရရန်ပိုင်ခွင့်ရောင်းချခြင်းကို အရွယ်အစားလျှော့ချရန်အတွက် ဌာနခွဲများ၊ ရုံးများ တိုးချဲ့ခြင်းကိုကန့်သတ်ခြင်း သို့မဟုတ် ပြည်တွင်းပြည်ပတွင် ရုံးများ၊ ဌာနခွဲများပိတ်ရန် ညွှန်ကြားခြင်း၊

(၁၅) အရည်အသွေးမပြည့်မီသော ရရန်ပိုင်ခွင့်များအတွက် လျာထားမှုကို တိုးမြှင့်စေခြင်း၊

(၁၆) တည်ဆဲကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခြားသော ဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာဝင်များက မူလပေးထားသော အရင်း သို့မဟုတ် အကြွေးအတွက် အတိုးပေးခြင်းကို တားမြစ်ခြင်း၊

(၁၇) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒါရိုက်တာတစ်ဦးဦးကို ဗဟိုဘဏ်က အမိန့်စာဖြင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း၊

(၁၈) တည်ဆဲကုမ္ပဏီများအက်ဥပဒေနှင့် အခြားသောဥပဒေက မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ဗဟိုဘဏ်က အမိန့်စာဖြင့် ဒါရိုက်တာအဖွဲ့အား ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းနှင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ထိန်းချုပ်မှုပြုပြီး ဗဟိုဘဏ်က ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား အုပ်ချုပ်စေရန် သင့်တော်သည်ဟုယူဆသူ "အုပ်ချုပ်ရေးမှူး" အား ခန့်အပ်၍ လုပ်ငန်းလည်ပတ်လုပ်ကိုင်စေခြင်း၊

(၁၉) အခြားသောဥပဒေပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်က အမိန့်စာဖြင့် အရင်းအနှီးဈေးကွက်တွင် စာရင်းဝင်အဖြစ်မှ ပယ်ဖျက်စေရန် ပြုလုပ်ခြင်း။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုကို ထိုအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ အမိန့်ထုတ်ဆင့်၍မရနိုင်သည့်အပြင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) နှင့်(၁၇)တို့အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိကို ရာထူးတာဝန်မှ ထုတ်ပယ်ရန်မရှိလျှင်သော်လည်းကောင်း၊ အဆိုပြုအမိန့်နှင့် စပ်လျဉ်း၍ ဗဟိုဘဏ်သို့ ဖြေရှင်းချက်ပေးရန် သင့်လျော်သော အခွင့်အရေး မပေးရသေးလျှင်သော်လည်းကောင်း ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ ငယ် (၉)၊ (၁၇)နှင့် (၁၈)တို့အရ မည်သည့် အမိန့်ကိုမျှ မထုတ်ရ။

သို့ရာတွင် ဗဟိုဘဏ်သည် ဗဟိုဘဏ်က ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) ၊(၁၇) နှင့် (၁၈)တို့အရ အမိန့်ထုတ်ဆင့်ရာတွင် နှောင့်နှေးသည့်ကိစ္စတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးမည်ဟု သဘောရရှိပါက အမိန့်စာကို ချက်ချင်းထုတ်ဆင့်နိုင်သည်။ ထို့အပြင် အမိန့်စာထုတ်ပြီး မကျေနပ်ချက်ကို တင်ပြစေရေးအတွက် အတတ်နိုင်ဆုံး အခွင့်အရေးပေးရမည်။

(ဂ) ဗဟိုဘဏ်သည် တင်ပြလာသည့် မကျေနပ်ချက်မှာ မှန်ကန်ကြောင်း သုံးသပ်ရရှိလျှင် ထုတ်ဆင့်ခဲ့သည့် အမိန့်စာကို စည်းကမ်းချက်များသတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) ဗဟိုဘဏ်က ကာလတိုးချဲ့ခြင်းကို နောက်ထပ်အမိန့်စာဖြင့် ထုတ်ဆင့်ခြင်းမပြုလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ဆင့်သော အမိန့်သည် နှစ်နှစ်ထက်ပို၍ အတည်မဖြစ်စေရ။

(င) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်ထားသော အုပ်ချုပ်သူက ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ထိန်းချုပ်ကွပ်ကဲမှုတာဝန်ကိုယူပြီးနောက် ဗဟိုဘဏ်သည် လက်တွေ့ဖြစ်နိုင်ခြေရှိသည့် အချိန်ကာလတွင် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။ ထို့နောက် နှစ်စဉ်အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။

(စ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) ၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ထားသော အမိန့်စာကို အချိန်မရွေးအမိန့်စာဖြင့် ပယ်ဖျက်နိုင်သည်။ ထို့အပြင် ပယ်ဖျက်သည့် အမိန့်စာတွင် ဗဟိုဘဏ်က လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များ၊ ပူးတွဲ၊ နောက်ဆက်တွဲ သို့မဟုတ် သဘောအားဖြင့် အကျိုးဆက်ဖြစ်ပေါ်လာမည့်အချက်များ ပါရှိစေရမည်။

(ဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးဦးအား ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၇) အရ ရာထူးမှထုတ်ပယ်ခြင်းခံရလျှင် အမိန့်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ ရာထူးတာဝန်မှ ရပ်စဲရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ဘဏ်လိုင်စင်ရ အခြားအဖွဲ့အစည်းတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်နည်းဖြင့်မျှ ပါဝင်ခြင်းမရှိစေရ။

(ဇ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇)အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးဦးအား ထုတ်ပယ်ခြင်းသည် အလုပ်ပဋိညာဉ်ဖြင့် ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ အလုပ်ပဋိညာဉ်တွင်ဖြစ်စေ၊ စာချုပ်ချုပ်ဆိုစဉ်က တည်ဆဲဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ရာထူးမှထုတ်ပယ်ခြင်းမှာ တရားဝင်အတည်ဖြစ်စေရမည်။ ထို့ပြင် အလုပ်ထုတ်ပယ်ခံရသူ မည်သူမျှ အလုပ်ထုတ်ပယ်ခြင်းအတွက် လျော်ကြေးတောင်းဆိုပိုင်ခွင့် မရှိစေရ။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်ခွဲများနှင့်လည်း သက်ဆိုင်စေရမည်။

(ည) နိုင်ငံခြားဘဏ်၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဆောင်ရွက်ချက်များနှင့် ပျက်ကွက်မှုများအားလုံးသည်လည်းကောင်း၊ ထိုနိုင်ငံခြားဘဏ်၊ ဘဏ်ရုံးခွဲ၏ လုပ်ငန်းဆိုင်ရာ အခြားကိစ္စများသည်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်မှုတွင် တစ်ခုတည်းသောအဖွဲ့အစည်းအဖြစ် မှတ်ယူရမည်။

(ဋ) ဤအခန်းပါ ပြဋ္ဌာန်းချက်များ အလို့ငှာ ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ မတည်ရင်းနှီးငွေနှင့် ရရန်ပိုင်ခွင့်များ၏တန်ဖိုးကို ဗဟိုဘဏ်က ထုတ်ပြန်သည့် စည်းမျဉ်းများတွင် သတ်မှတ်သည့် စံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဖြစ်သည်။

### အခန်း (၁၃)
### အုပ်ချုပ်သူခန့်ထား၍စီမံခန့်ခွဲခြင်း

**ဤဥပဒေအရ အုပ်ချုပ်သူခန့်ထားခြင်း**

၈၇။ (က) ဤဥပဒေပုဒ်မ ၈၆ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈)အရ ဗဟိုဘဏ်၏ အမိန့်ဖြင့် အုပ်ချုပ်သူများကို ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ(က) အလို့ငှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် အုပ်ချုပ်သူအဖြစ် ခန့်ထားမည့်သူမှာ သင့်မြတ်လျော်ကန်၍ အရည်အချင်းပြည့်မီသူဖြစ်ရမည်။

(ဂ) အုပ်ချုပ်သူသည် ဆောင်ရွက်ရမည့် အရည်အချင်းပျက်ယွင်းလာသည့်အခါ ဆက်လက်ဆောင်ရွက်ရန်သင့်တော်သော အုပ်ချုပ်သူအား ဗဟိုဘဏ်က အချိန်မရွေး အစားထိုးခန့်ထားရမည်။

(ဃ) အုပ်ချုပ်သူတစ်ဦးအား ခန့်ထားရာတွင် အုပ်ချုပ်သူခန့်အပ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း နှစ်ဆယ့်လေးလထက် မကျော်စေဘဲ ခန့်ထားရမည်။ အဆိုပါ သက်တမ်းကို နောက်ထပ် နှစ်ဆယ့်လေးလထက်မကျော်စေဘဲ တစ်ကြိမ်ဆက်လက် သက်တမ်းတိုးခန့်ထားနိုင်သည်။

(င) အုပ်ချုပ်သူသည် ဗဟိုဘဏ်က တာဝန်ပေးသည့်အတိုင်းလုပ်ငန်းဆောင်ရွက်ရမည့်အပြင် လစာစရိတ် ခံစားပိုင်ခွင့်ကို ဗဟိုဘဏ်ထံမှ ရရှိစေရမည်။

(စ) အုပ်ချုပ်သူခန့်ထားခြင်းအတွက် အုပ်ချုပ်သူ လစာငွေအပါအဝင် ဗဟိုဘဏ်၏ ကုန်ကျစရိတ်အားလုံးကို အုပ်ချုပ်သူခန့်ထားရန်လိုအပ်သော ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ကျခံစေရမည်။

(ဆ) ဗဟိုဘဏ်သည် အုပ်ချုပ်သူများကို ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ကို အမိန့်စာဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း ဆုံးဖြတ်ချက်၏ အကြောင်းရင်းကို ဖော်ပြရမည်။

**အုပ်ချုပ်သူခန့်ထားခြင်းကို ပြန်လည်သုံးသပ်ခြင်း**

၈၈။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် အုပ်ချုပ်သူခန့်ထားမှုအပေါ် ဗဟိုဘဏ်က အုပ်ချုပ်သူခန့်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ပြုသည့်ရက်မှ အလုပ်လုပ်ရက် ငါးရက်အတွင်းဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့က အဖွဲ့အစည်း၏ကိုယ်စား ဗဟိုဘဏ်သို့ စာဖြင့်ကန့်ကွက်စာတင်နိုင်သည်။

(ခ) အလုပ်လုပ်ရက် ငါးရက်အတွင်း ကန့်ကွက်စာမတင်လျှင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အုပ်ချုပ်သူခန့်ထားခြင်းကို သဘောတူသည်ဟု မှတ်ယူရမည်။

*စာမျက်နှာ ၃ သို့*

ဥပဒေကြော်ငြာ

စာမျက်နှာ ၄ မှ

(ဂ) ဗဟိုဘဏ်သည် သတ်မှတ်သည့်အချိန်အတွင်း ကန့်ကွက်လွှာကိုရရှိပါက ပြန်လည်သုံးသပ်ပြီး အုပ်ချုပ်သူခန့်ထားခြင်းကို အတည်ပြုခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့ကို အကြောင်းအကျိုး စာဖြင့်ဖော်ပြ၍ ဆုံးဖြတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ ပြုလုပ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ ထို့ပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌထံ ဆုံးဖြတ်ချက်ကို ချက်ချင်းပေးပို့ရမည်။

(င) အုပ်ချုပ်သူအားခန့်အပ်ခြင်းကို ရုပ်စဲပါက အုပ်ချုပ်သူသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် ထိန်းချုပ်ကွပ်ကဲမှုကို ဆောလျင်စွာပြန်လည်ပေးအပ်ရန်နှင့် အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များ၊ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသော မန်နေဂျာထံ ချက်ချင်းပြန်ပေးရမည်။

**ထိန်းချုပ်ကွပ်ကဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်**

၈၉။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက အုပ်ချုပ်သူအား ခန့်ထားသည့်အခါ ထိုအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိနှင့် အရာရှိများသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ဆိုင်ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ကိစ္စရပ်မှန်သမျှကို အုပ်ချုပ်သူအား တင်ပြရမည်။ ထို့အပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို အုပ်ချုပ်သူအား ပံ့ပိုးဖြည့်ဆည်းပေးရမည်။

(ခ) အုပ်ချုပ်သူသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် စပ်လျဉ်းသော စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို ထိန်းချုပ်ကွပ်ကဲသည့် တာဝန်ဆောင်ရွက်ရမည်။ ထို့အပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အမည်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းကိုယ်စား ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းကိစ္စရပ်များကို အုပ်ချုပ်သူခန့်အပ်သည့်အမိန့်စာတွင် သတ်မှတ်ကာလအထိဖြစ်စေ၊ အမိန့်အား မပယ်ဖျက်မီအထိဖြစ်စေ ဆောင်ရွက်ရမည်။

(ဂ) ထိုအမိန့်စာ တည်မြဲနေသမျှ ကာလပတ်လုံး တည်ဆဲဥပဒေအရ သို့မဟုတ် အခြားနည်းဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ၎င်း၏ ဒါရိုက်တာများ ကျင့်သုံးနိုင်သော အခွင့်အာဏာများနှင့်လုပ်ပိုင်ခွင့်များ၊ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းများနှင့် သင်းဖွဲ့မှတ်တမ်းများအရ အဖွဲ့အစည်း၊ ၎င်း၏ဒါရိုက်တာနှင့် အစုရှယ်ယာပိုင်ရှင်များ၏ လုပ်ပိုင်ခွင့်များကို အုပ်ချုပ်သူသို့ အခွင့်အာဏာအပ်နှင်းစေရမည်။

(ဃ) အမိန့်စာ အတည်ဖြစ်နေသည့် ကာလတစ်လျှောက်လုံးတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မည်သည့်ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိမျှ အုပ်ချုပ်သူက တာဝန်ပေးသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးသည့်ကိစ္စမှအပ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့်စပ်လျဉ်းသောအလုပ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

(င) အုပ်ချုပ်သူက စာဖြင့်အတည်ပြုချက်ပေးသည့် ကိစ္စမှအပ မည်သည့်ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိကိုမျှ လစာစရိတ် ခံစားခွင့်မပေးရ။

**အုပ်ချုပ်သူက ကုစားမှုပြုသည့် အရေးယူဆောင်ရွက်ချက်များ**

၉၀။ တည်ဆဲကုမ္ပဏီများဥပဒေနှင့် အခြားတည်ဆဲဥပဒေများတွင်မည်သို့ပင်ပါရှိစေကာမူ အုပ်ချုပ်သူသည် ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်ရမည်-

(က) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များကို အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသော အဖွဲ့အစည်းသို့ ဗဟိုဘဏ်က သတ်မှတ်ပေးသော စည်းကမ်းချက်အတိုင်း ရောင်းချခြင်း၊

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိများ၊ ဝန်ထမ်းများကို အလုပ်မှရပ်စဲခြင်း သို့မဟုတ် ၎င်းတို့ကို အစားထိုးခန့်ထားခြင်း၊

(ဃ) အုပ်ချုပ်သူက ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုသည် အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ပူးပေါင်းရန်လိုအပ်သည်ဟု စဉ်းစားဆုံးဖြတ်သည့်အခါ စဉ်းစားဆုံးဖြတ်ဆောင်ရွက်ခြင်း၊

(င) မတည်ငွေရင်းကိုတိုးမြှင့်ခြင်းနှင့် အစုရှယ်ယာပိုင်ရှင်သစ်များသို့ ရောင်းချခြင်းနှင့် ဒါရိုက်တာအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းကို ပြင်ဆင်ဖွဲ့စည်းတည်ထောင်ခြင်း၊

(စ) ငွေအပ်နှံသူများအကျိုးငှာ အုပ်ချုပ်သူက စဉ်းစားချင့်ချိန်သည့်နည်းလမ်းအတိုင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းကို ပြန်လည်တည်ထောင်ခြင်း၊ အကျိုးအမြတ်မရှိနိုင်သော လုပ်ငန်းများကို ပိတ်သိမ်းခြင်းအပါအဝင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းကိုဖြစ်စေ၊ ၎င်း၏ စီမံအုပ်ချုပ်မှုအဖွဲ့ကိုဖြစ်စေ ပြန်လည်ဖွဲ့စည်းခြင်း၊

(ဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းကို ပြန်လည်ထူထောင်ရန် ဗဟိုဘဏ်က အတည်ပြုပေးသည့် အခြားနည်းလမ်းကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူ၏ အစီရင်ခံစာနှင့် အရေးယူဆောင်ရွက်မှုအစီအစဉ်**

၉၁။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူခန့်ထားသည့် သတ်မှတ်ကာလအတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အုပ်ချုပ်သူသည် ထိုအဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေနှင့် အနာဂတ် ရည်မှန်းချက်များအတွက် အစီရင်ခံစာတစ်စောင်ကိုပြုစုပြီး ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) အုပ်ချုပ်သူသည် ၎င်း၏ အစီရင်ခံစာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းကို စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ရရှိနိုင်သည့် ရရန်ပိုင်ခွင့်များပမာဏ ပါရှိစေရမည်။

(ဂ) အစီရင်ခံစာတွင် အဆိုပြု အောက်ပါအရေးယူဆောင်ရွက်မှုအစီအစဉ်ကို ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များပူးတွဲပါဝင်စေရမည်-

(၁) အရေးယူဆောင်ရွက်မှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရာ၌ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ ပြန်လည်အပ်နှံရမည့်အစီအစဉ်၊

(၂) ဤဥပဒေ အခန်း(၁၄)အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းကို ပြန်လည်ထူထောင်မှုအစီအစဉ်၊

(၃) ဤဥပဒေ အခန်း (၁၆) အရ မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီအစဉ်၊

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လိုင်စင်ကိုဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီအစဉ်၊ ထို့အပြင်

(၅) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအနေဖြင့် လူမွဲစာရင်းခံယူမှုတင်ရန်ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်းကို ရပ်စဲခြင်း**

၉၂။ (က) အုပ်ချုပ်သူအဖြစ် ခန့်ထားခြင်းကို အောက်ပါကာလနှစ်ခုအနက် စောရာကာလ၌ ရပ်စဲစေရမည်-

(၁) အုပ်ချုပ်သူအား ခန့်အပ်မှုတွင်ဖော်ပြထားသည့် အချိန်ကာလ သို့မဟုတ် ထပ်တိုးအချိန်ကာလကုန်ဆုံးခြင်း၊ သို့မဟုတ်

(၂) ဗဟိုဘဏ်က ရပ်စဲရန် ဆုံးဖြတ်ခြင်း သို့မဟုတ်

(၃) တရားရုံးက ရပ်စဲရန်ဆုံးဖြတ်ခြင်း၊

(ခ) အုပ်ချုပ်သူသည် ခန့်ထားမှုရပ်စဲသည့်ရက်မှ အလုပ်လုပ်ရက် ၂၀ ရက်အတွင်း အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ချက် အစီရင်ခံစာကို အပြီးသတ်ပြုစုပြီး ထိုအစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

## အခန်း (၁၄)

## ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ပြန်လည်ထူထောင်ခြင်း

**ဗဟိုဘဏ်က အသုံးပြုရန် ရရှိနိုင်သည့် အရေးယူဆောင်ရွက်မှု**

၉၃။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား အုပ်ချုပ်သူ၏ ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် ထားရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ငွေစာရင်းများကို စာရင်းစစ်ခြင်း သို့မဟုတ် စာရင်းစစ်ဆေးစေခြင်း ပြုလုပ်ရမည်။

(ခ) ကုမ္ပဏီများအက်ဥပဒေနှင့် အခြားသော ဥပဒေများက မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဗဟိုဘဏ်သည် အုပ်ချုပ်သူနှင့် စာရင်းစစ်တို့၏ အစီရင်ခံစာကိုအခြေခံ၍ အောက်ပါအရေးယူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

(၁) ပုဒ်မ ၈၆၊ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁၈)အရ ပြုလုပ်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့အား ရာထူးရပ်ဆိုင်းထားခြင်းမှ ကင်းလွတ်စေနိုင်သည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့အား ရပ်ဆိုင်းထားသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏လုပ်ငန်းများကို ပြန်လည်ပြုလုပ်စေခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့အား ထုတ်ပယ်ပြီး ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ရေးအတွက် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကျင်းပရန် ညွှန်ကြားခြင်း၊

(၃) မတည်ငွေရင်းလျှော့ချရန် ဆောင်ရွက်ခြင်းအပြင် ဆုံးရှုံးခဲ့သော သို့မဟုတ် ရရန်ပိုင်ခွင့်အဖြစ်မသတ်မှတ်နိုင်သော အစုရှယ်ယာများကို ပယ်ဖျက်ခြင်း၊

(၄) ဗဟိုဘဏ်က လိုအပ်၍သတ်မှတ်ပေးသည့် အစုရှယ်ယာများကိုရောင်းချပေးခြင်းဖြင့် လက်ရှိအစုရှယ်ယာရှင်များ၏ ပါဝင်မှုကို လျှော့ချခြင်း၊

(၅) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တွင်ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းပေးပါရန် လျှောက်လွှာတင်ခြင်း။

(ဂ) ပုဒ်မ ၈၆ သို့မဟုတ် ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်များကို ထိခိုက်မှုမရှိစေဘဲ ၂၀၁၃ ခုနှစ်၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ အပ်နှင်းထားသောအာဏာများအရ-

(၁) ဗဟိုဘဏ်သည် အများပြည်သူသိရှိရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည်-

(ကက) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာကိုခွဲဝေခြင်း သို့မဟုတ် ဗဟိုဘဏ်က ဆုံးဖြတ်သည့်အတိုင်း ထိုသူအား ငွေပေးချေ၍ သဘောတူသော ပုဂ္ဂိုလ်အား လွှဲပြောင်းခြင်းပြုနိုင်သည်။

(ခခ) ဗဟိုဘဏ်က သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းထံမှ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဘဏ်လိုင်စင်ရ အခြားအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား လွှဲပြောင်းစေနိုင်သည်။

(ဂဂ) ပုဒ်မ ၉၇ နှင့်အညီ ဗဟိုဘဏ်က သင့်တော်သည်ဟုယူဆသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အခြားသောဘဏ်လိုင်စင်ရ အဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းထံ လွှဲအပ်နိုင်သည်။

(၂) ဗဟိုဘဏ်သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြုလုပ်ခွင့်ရှိသည်-

(ကက) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းကို ထိန်းချုပ်နိုင်ရန် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာများကို အစိုးရအဖွဲ့၏ဘဏ္ဍာငွေဖြင့် ဝယ်ယူခြင်း၊

(ခခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း ခိုင်မာတည်ငြိမ်ရေးအတွက်ဖြစ်စေ၊ ငွေရေးကြေးရေးစနစ်တစ်ရပ်လုံး၏ တည်ငြိမ်ရေးအတွက်ဖြစ်စေ၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းမှုဖြင့် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း၊

(ဂဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို ရယူနိုင်ရန် အစိုးရထည့်ဝင်သော မတည်ရင်းနှီးငွေဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအသစ်အား တည်ထောင်ခြင်း၊

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ)အရ မှန်ကန်သင့်တော်သော အရေးယူဆောင်ရွက်မှုကို ဆုံးဖြတ်ပြုလုပ်ရာတွင် ဗဟိုဘဏ်သည် နောက်ဆုံးစာရင်းစစ်အစီရင်ခံစာနှင့် အုပ်ချုပ်သူက တင်ပြသော အစီရင်ခံစာတို့ကို အလေးအနက်ထည့်သွင်းစဉ်းစားရမည်။

(င) ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ(ဂ)အရ မည်သည့် အရေးယူမှုကိုမျှ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ကျေနပ်မှုမရှိကြောင်းပြသရန် ကျိုးကြောင်းဆီလျော်သော အခွင့်အရေးမပေးဘဲ ချမှတ်ခြင်းမပြုရ။သို့ရာတွင် နှောင့်နှေးခြင်းကြောင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူ မြီရှင်များ သို့မဟုတ် ယေဘုယျအားဖြင့် အများပြည်သူ ထိခိုက်စေမည်ဟုဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ချက်ချင်းအရေးယူနိုင်ပြီး မကျေနပ်ချက်များ တင်ပြရေးအတွက် ယင်းအခွင့်အရေးကို အမြန်ဆုံးဖြစ်နိုင်သမျှ အခွင့်အရေးပေးပြီးဆောင်ရွက်နိုင်သည်။

(စ) အဆိုပါ ကျေနပ်မှုမရှိကြောင်း အကျိုးဆက်အဖြစ် ဗဟိုဘဏ်က အရေးယူထားချက်ကို စည်းကမ်းချက်များသတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

(ဆ) ဗဟိုဘဏ်သည် ဤပုဒ်မ အလို့ငှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်ကို ထုတ်ဖော်နိုင်သည်။ သို့သော် ထိုသတင်းအချက်အလက်ရရှိသူသည် လျှို့ဝှက်ထိန်းသိမ်းထားရမည်။ ထိုသတင်းအချက်အလက်များကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာများ သို့မဟုတ် ပိုင်ဆိုင်ခြင်းများရယူရန်အတွက်သာလျှင် အသုံးပြုရမည်။

**အစုရှယ်ယာပိုင်ဆိုင်သူက မကျေနပ်ချက် တင်ပြခြင်း**

၉၄။ (က) ဤအခန်းပါ ကိစ္စရပ်အလို့ငှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်း ပိုင်ရှင်၏ ကိုယ်စားလှယ်ကသာ ဗဟိုဘဏ်၏ အရေးယူမှုအပေါ် ကျေနပ်မှုမရှိကြောင်း ဗဟိုဘဏ်သို့ တင်ပြခွင့်ရှိသည်။

(ခ) ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်ဆိုသည်မှာ-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ရှင်များကအများဆန္ဒဖြင့် လိုင်စင်ရအဖွဲ့အစည်း၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူကို ဆိုသည်။ သို့မဟုတ်

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌရာထူးဆောင်ရွက်နေသူ သို့မဟုတ် ထိုသူက ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာလွှဲအပ်ခြင်းခံရသူကို ဆိုသည်။

(ဂ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်လိုပါက ပုဒ်မ ၉၃၊ ပုဒ်မခွဲ(ခ) နှင့် (ဂ)တို့အရ ဗဟိုဘဏ်၏ အမိန့်ကို ရရှိသည့်နေ့မှ (၁၄)ရက်အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ရှင်များက ကန့်ကွက်စာတင်နိုင်သည်။

(ဃ) ကန့်ကွက်သောစာကို ဗဟိုဘဏ်က သတ်မှတ်အချိန်အတွင်း လက်ခံရရှိခြင်းမရှိပါက ပိုင်ရှင်များက သဘောတူညီသည်ဟု မှတ်ယူရမည်။

(င) ဗဟိုဘဏ်သည် သတ်မှတ်သည့် (၁၄)ရက်အတွင်း ကန့်ကွက်စာရရှိပါက ကန့်ကွက်တင်ပြချက်ကို ပြန်လည်သုံးသပ်ကာ မိမိ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမိန့်အား ပယ်ဖျက်ခြင်းသင့်လျော်သလိုပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မိမိ၏ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်ဖော်ပြရမည်။

စာမျက်နှာ ၀ သို့

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၃ မှ*

(စ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ရှင်များ၏ ကိုယ်စားလှယ်ထံ ချက်ချင်းပေးပို့ရမည်။

(ဆ) ဗဟိုဘဏ်၏ အရေးယူမှုအားလုံးသည် ဗဟိုဘဏ်က ပယ်ဖျက်ခြင်းမပြုသမျှ တရားဝင် အတည်ဖြစ်စေရမည်။

(ဇ) ဗဟိုဘဏ်ကချမှတ်သော ဆုံးဖြတ်ချက်ဖြင့် အတည်ပြုသည့်၊ ပြင်ဆင်သည့် သို့မဟုတ် ရပ်စဲသည့် အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

**မတည်ငွေရင်းလျှော့ချခြင်းနှင့် အစုရှယ်ယာများ ပယ်ဖျက်ခြင်း**

၉၅။ (က) ကုမ္ပဏီများအက်ဥပဒေနှင့် အခြားသောတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တို့တွင်လည်းကောင်း၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဖွဲ့စည်းသည့် စာတမ်းအမှတ်အသားများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းတွင်လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ထည့်ဝင်ပြီးမတည်ငွေရင်းဆုံးရှုံးခြင်းဖြစ်စေ၊ ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်လျှင်ဖြစ်စေ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်မှတစ်ဆင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အဆိုပါမတည်ငွေရင်းဆုံးရှုံးမှု သို့မဟုတ် မတင်ပြနိုင်မှုတို့ကို ပယ်ဖျက်ခြင်းပြုပြီး မတည်ငွေရင်းကို လျှော့ချခြင်းပြုနိုင်သည်။

(ခ) တည်ဆဲကုမ္ပဏီများအက်ဥပဒေနှင့် အခြားသောဥပဒေပြဋ္ဌာန်းချက်တို့တွင်လည်းကောင်း၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဖွဲ့စည်းသည့် စာတမ်းအမှတ်အသား၊ သင်းဖွဲ့စည်းမျဉ်းများနှင့် သင်းဖွဲ့မှတ်တမ်းများတွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို ပုဒ်မ ၉၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁) (ခခ)နှင့် (ဂဂ)တို့အရ အခြားသူသို့ လွှဲပြောင်းထားပြီးဖြစ်လျှင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တွင် လျှောက်ထားပြီး ထိုမှတစ်ဆင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကျန်အစုရှယ်ယာ မတည်ငွေရင်းကို ပယ်ဖျက်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ပုဒ်မခွဲ (က) အရ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချရန်အမိန့်ကို ထုတ်ပြန်သည့်အခါ ထိုသို့ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း (၉၀) ကုန်ဆုံးသည့်တိုင် အစုရှယ်ယာရှင်များက လာရောက်ပေးသွင်းခြင်းမပြုပါက ဗဟိုဘဏ်သည် အဆိုပါ ပေးသွင်းခြင်းမပြုသည့်တန်ဖိုးကို ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာမတည်ငွေရင်းကို ပုဒ်မခွဲ(က)အရ လျှော့ချခြင်း သို့မဟုတ် ပုဒ်မခွဲ(ခ)အရ အစုရှယ်ယာများကို ပယ်ဖျက်ခြင်းပြုသည့်အခါ ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့ဖြစ်စေ ပြောင်းလဲပြင်ဆင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားရန် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား တောင်းဆိုနိုင်သည်။

**အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ**

၉၆။ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် အားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ အခြားသောဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ ပုဒ်မ ၉၃ အရ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုရာတွင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် အမိန့်ထုတ်ပြန်ကြေညာရမည်။

**အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များအတွက် စည်းကမ်းချက်များ**

၉၇။ မည်သည့် အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်မျှ အောက်ပါအချက်များနှင့် မကိုက်ညီလျှင် မပြုလုပ်ရ-

(က) ပုဒ်မ ၈၇ အရ ထုတ်ပြန်သော အမိန့်နှင့်သက်ဆိုင်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ရယူရာတွင် လွှဲပြောင်းပေးသူအဖွဲ့အစည်း၏ ငွေအပ်နှံသူများနှင့် မြီရှင်များ၏ အကျိုး သို့မဟုတ် အများပြည်သူအကျိုးဖြစ်သည်ကို ခိုင်လုံစွာ ဆုံးဖြတ်နိုင်ခြင်း၊

(ခ) လွှဲပြောင်းလက်ခံသည့်အဖွဲ့အစည်းသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရာတွင် လုပ်ကိုင်နိုင်စွမ်းရည်ရှိခြင်း၊

(ဂ) အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ကို အသုံးပြုခြင်းနှင့် လက်ရှိပေးရန်တာဝန်ကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့်အဖွဲ့အစည်းက ဗဟိုဘဏ်က ချမှတ်သောစည်းကမ်းချက်များကိုလိုက်နာမည်ဖြစ်ကြောင်း သဘောတူညီခြင်း။

**အပြီးအပိုင် အပ်နှင်းသည့် အမိန့်၏ အကျိုးသက်ရောက်ခြင်း**

၉၈။ (က) ပုဒ်မ ၉၆ အရ ထုတ်ပြန်သော အပြီးအပိုင်အပ်နှင်းရရှိသည့် အမိန့်တွင် သက်ဆိုင်ရာနေ့ရက်မှ စတင်အကျိုးသက်ရောက်ရာတွင်-

(၁) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်သို့ ပြောင်းလဲပေးသော အခွင့်အရေးအားလုံးနှင့် အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ ရယူရာတွင် ဆန့်ကျင်ကွဲလွဲသော ဥပဒေပြဋ္ဌာန်းချက် မည်သို့ပင်ပါရှိစေကာမူ အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ရရှိခြင်းကို ပြီးမြောက်ခြင်းမရှိစေကာမူ လွှဲပြောင်းလက်ခံသော အဖွဲ့အစည်းထံ ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို မြန်မာနိုင်ငံရှိ တရားဝင်မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းချက်များအားလုံးကို လွှဲပြောင်းလက်ခံရရှိသောအဖွဲ့အစည်း၏အမည်သို့ ပြောင်း၍ အစားထိုးပြီး ဖြစ်စေရမည်။ သို့သော် ထိုသို့ အမည်ပြောင်းခြင်း မရှိစေကာမူ အပြီးအပိုင်အပ်နှင်းရရှိသည့် အမိန့်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အကျိုးသက်ရောက်ပြီး ခံစားပိုင်ခွင့်များ ရရှိစေရမည်။

(၃) ဗဟိုဘဏ်က ဤဥပဒေအရ သို့မဟုတ် တည်ဆဲကုမ္ပဏီများ အက်ဥပဒေအရ ထုတ်ပြန်သော အမိန့်ပါစည်းကမ်းချက်နှင့် စည်းကမ်းချက်များကို လွှဲပြောင်းလက်ခံရရှိသောအဖွဲ့အစည်းသည် လိုက်နာရမည်။ ထိုအဖွဲ့အစည်းသည် ထိုသို့ လိုက်နာမည့်အကြောင်း စာဖြင့် သဘောတူညီချက်ပေးရမည်။

(၄) လွှဲပြောင်းလက်ခံသောအဖွဲ့အစည်းအား ထုတ်ပေးထားသော လိုင်စင်ကို ရရန်ပိုင်ခွင့် အပြီးအပိုင်အပ်နှင်းသည့် အမိန့်နှင့်အညီ ထိုအဖွဲ့အစည်းအပ်နှင်းသည့် ခံစားခွင့်များ အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ပြုပြင်ရမည်။

(၅) လွှဲပြောင်းပေးသော အဖွဲ့အစည်းက မြန်မာပြည်တွင်းနှင့် ပြင်ပဘဏ်များထံမှ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ လွှဲပြောင်းအပ်နှင်းလိုက်လျှင် ဗဟိုဘဏ်သည် လွှဲပြောင်းသောအဖွဲ့အစည်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၉၃ အရ ထုတ်ဆင့်သော ရရန်ပိုင်ခွင့် အပ်နှင်းသည့် အမိန့်တွင် ဗဟိုဘဏ်က အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သက်ဆိုင်ရာနေ့ရက်မှစ၍ အောက်ပါတို့ အကျိုးသက်ရောက်စေရမည်-

(၁) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသို့ အပ်နှင်းလွှဲအပ်သည့် ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ပဋိညာဉ်များ၊ စာချုပ်များ၊ အာမခံစာချုပ်များ၊ သဘောတူညီချက်များ၊ ကိုယ်စားလှယ်လွှဲစာများ၊ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခွင့်များနှင့် အခြားစာချုပ်စာတမ်းများသည် လွှဲပြောင်းပေးသောအဖွဲ့အစည်းသို့ အဆိုပါ ပဋိညာဉ်များ၊ စာချုပ်များ၊ အာမခံစာချုပ်များ၊ သဘောတူညီချက်များ၊ ကိုယ်စားလှယ်လွှဲစာများ၊ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခွင့်များနှင့် အခြားစာချုပ်စာတမ်းများပါ သဘာတူခွင့်ပြုသောနေ့ရက်မှစ၍ လွှဲပြောင်းအပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အပ်နှင်း၍ ရရှိသော ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ထိုသို့အပ်နှင်းခြင်းမပြုမီက ရှိခဲ့သော အရေးယူဆောင်ရွက်ချက်များနှင့် စွဲဆိုချက်များမှာ လွှဲပြောင်းလက်ခံရရှိသောအဖွဲ့အစည်းက စွဲဆိုသော သို့မဟုတ် ၎င်းအဖွဲ့အစည်းအပေါ် စွဲဆိုသောအရေးယူမှုများနှင့် စွဲဆိုချက်များဖြစ်သည်ဟုမှတ်ယူ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ဤပုဒ်မ အလို့ငှာ-

(၁) **"သက်ဆိုင်ရာနေ့"** ဆိုသည်မှာ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသော ပိုင်ဆိုင်ခွင့် အပြီးအပိုင်အပ်နှင်းသည့် အမိန့်ထုတ်ပြန်သည့်နေ့ကို ဆိုသည်။

(၂) **"တရားဝင်မှတ်ပုံတင်ခြင်းများ"** ဆိုသည်မှာ မြန်မာနိုင်ငံ၏ ဥပဒေအရ တည်ထောင်သည့် မှတ်ပုံတင်ဌာနတွင် လူပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံတွင် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ၏ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် ရပိုင်ခွင့်မှတ်တမ်းများအရ အကျိုးခံစားမှုများ၊ ပိုင်ဆိုင်မှုများ၊ လွှဲပြောင်းခြင်းများ မှတ်ပုံတင်ခြင်းကို ဆိုသည်။

**အယူခံခွင့်မရှိသော ရရန်ပိုင်ခွင့် အပြီးအပိုင်အပ်နှံသည့် အမိန့်များ**

၉၉။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတွင်ဖြစ်စေ ဆန့်ကျင်ကွဲလွဲချက် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဗဟိုဘဏ်က ပုဒ်မ ၉၆ အရ ထုတ်ဆင့်သော အပြီးအပိုင် အပ်နှင်းသည့် အမိန့်သည် သက်ဆိုင်ရာနေ့မှစ၍ အပြီးအပြတ် အတည်ဖြစ်စေရမည်။

**အခွန်နှင့်အခများ**

၁၀၀။ ဤဥပဒေအခန်းပါပြဋ္ဌာန်းချက်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်လွှဲပြောင်းမှုတစ်ရပ်ရပ်အပေါ် မည်သည့် အခွန်၊ အခ သို့မဟုတ် စည်းကြပ်ကောက်ခံမှုကိုမျှမပြုရ။ ထို့ပြင် ထိုသို့ လွှဲပြောင်းမှုအတွက် မြီရှင်၊ ငွေအပ်နှံသူ၊ ငွေချေးသူ သို့မဟုတ် အစုရှယ်ယာဝင်၏ သဘောတူညီချက်၊ အတည်ပြုချက် သို့မဟုတ် အကြောင်းကြားချက် လိုအပ်ခြင်းမရှိပါ။

**ကြွေးမြီ ပေးဆပ်ခြင်းကို ရပ်ဆိုင်းထားခြင်း**

၁၀၁။ (က) ဤအခန်းပါလုပ်ပိုင်ခွင့်အာဏာများအပြင် ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အကျိုးအတွက်ဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားနှင့် စုဆောင်းငွေများကိုကာကွယ်ရန်ဖြစ်စေ၊ ငွေကြေးစနစ်တည်ငြိမ်ရန်ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်လျှင် ထုတ်ပြန်သည့်အမိန့်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်-

(၁) အမိန့်တွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဘဏ်လုပ်ငန်းအားလုံး သို့မဟုတ် အချို့အဝက်ကိုလုပ်ကိုင်ခွင့်တားမြစ်ပိတ်ပင်ခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ဘဏ်လုပ်ငန်းနှင့် ဆက်နွယ်သော လုပ်ငန်းတာဝန်များအားလုံး သို့မဟုတ် အစိတ်အပိုင်းကိုပြုလုပ်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အတန်းအစား၊ အမျိုးအစား သို့မဟုတ် လုပ်ငန်းများကိုလည်းကောင်း၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းကစွဲဆိုသည့် သို့မဟုတ် ၎င်းအပေါ်စွဲဆိုသည့် တရားမအမှုများကိုလည်းကောင်း သုံးလထက်မပိုစေဘဲ ရပ်ဆိုင်းထားရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တွင် တားဆီးမိန့် လျှောက်ထားခြင်း၊

(၄) ပုဒ်မခွဲ (၁) သို့မဟုတ် ပုဒ်မခွဲ (၂) အရ တားမြစ်ထားသော ကာလအတွက် အကျိုးသက်ရောက်မှုရှိစေရန် ထိုတားမြစ်သည့်ကာလအတွင်း ဤဥပဒေအရ ထုတ်ပေးသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လိုင်စင်အား ရပ်ဆိုင်းထားခြင်း၊

(၅) အထက်ပါ ပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ဆိုင်ပစ္စည်းများ၊ စာအုပ်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အကျိုးဆက်များကို ဗဟိုဘဏ်က ထိန်းချုပ်ကွပ်ကဲခြင်း သို့မဟုတ် ကြီးကြပ်ခြင်းအပါအဝင် မကင်းနိုင်သော အကျိုးဆက်များ၊ နောက်ဆက်တွဲဖြစ်ပေါ်လာမှုများဆိုင်ရာကိစ္စများအတွက် ပြဋ္ဌာန်းသတ်မှတ်ခြင်း၊

(ခ) အခါအားလျော်စွာ ပုဒ်မခွဲ (က)အရ ထုတ်ပြန်သောအမိန့်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း ပြုနိုင်သည်။ ထိုသို့လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် သို့မဟုတ် တရားမျှတမှုမရှိလျှင် ပုဒ်မခွဲ (က)အရ နောက်ထပ်အမိန့်ကို ထုတ်ဆင့်နိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)အရ ထုတ်ဆင့်သည့် အမိန့်နှင့် ပုဒ်မခွဲ (ခ)အရ နောက်ထပ် ထုတ်ပြန်သော အမိန့်ကို အချိန်မရွေးရုပ်သိမ်းနိုင်သည်။ ထို့ပြင် ဗဟိုဘဏ်သည် လိုအပ်သည်ဟု ထင်မြင်လျှင် အဆိုပါ အမိန့်တွင် လိုအပ်သောညွှန်ကြားချက် သို့မဟုတ် ဆက်နွယ်သော၊ နောက်ဆက်တွဲ သဘောသဘာဝရှိသည်များကို ထည့်သွင်းထုတ်ပြန်နိုင်သည်။

### အခန်း (၁၅ )

### ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (NBFI) နှင့် ဇယားဝင်အဖွဲ့အစည်းများ (Scheduled Institution) ပြန်လည်ထူထောင်ခြင်း

**ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Rehabilitation Procedures)**

၁၀၂။ (က) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (NBFI) နှင့် ဇယားဝင်အဖွဲ့အစည်း (Scheduled Institution) များကို နိုင်ငံ၏ ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုရှိစေရန် သတ်မှတ်ထားသော NBFI သို့မဟုတ် ဇယားဝင်အဖွဲ့အစည်းအား ပြန်လည်ထူထောင်ပေးရန်လိုအပ်ကြောင်း ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်မှ စာဖြင့်ရေးသားထောက်ခံချက်အပေါ် အခြေခံ၍ နိုင်ငံတော်အစိုးရက **'သတ်မှတ်ထားသော NBFI သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း'** ကို ပြန်လည်ထူထောင်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အောက်ပါအချက်လက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။

(၁) သတ်မှတ်ထားသော NBFI သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း၏ အရွယ်အစား၊ အပြန်အလှန်ဆက်သွယ်မှု၊ အစားထိုးဆောင်ရွက်နိုင်မှုနှင့် ရှုပ်ထွေးမှု၊

(၂) သတ်မှတ်ထားသော NBFI သို့မဟုတ် ဇယားဝင် အဖွဲ့အစည်း၏ မှတ်ပုံတင်ခြင်းအား ဖျက်သိမ်းခြင်း သို့မဟုတ် ပျက်ကွက်မှုများသည် ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုအား အကျိုးသက်ရောက်မှုများရှိနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်းထားသော ငွေကြေးဖြည့်ဆည်းပေးခြင်းများအတွက် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ အရင်းအမြစ်များရရှိနိုင်ခြင်း။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော **'သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း'** ကို ပြန်လည်ထူထောင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ ဆုံးဖြတ်ချက်ချမှတ်ပါကဝန်ကြီးဌာနမှ ဤပုဒ်မ၏ ပုဒ်မခွဲ (ဇ)နှင့် (ဈ)တို့တွင် ရည်ညွှန်းထားသော လုပ်ငန်းများ၊ ကုန်ကျငွေများနှင့် စရိတ်များနှင့်သက်ဆိုင်သည့် ငွေကြေးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ရမည်။

(ဂ) **'သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း'** တစ်ခု ပြန်လည်ထူထောင်ရန်အလို့ငှာ ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်မှ ထောက်ခံချက်နှင့်အတူ ယင်းဗဟိုဘဏ်၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ အစီအစဉ်ကို အုပ်ချုပ်သူ၏ အကြံပေးချက်နှင့် ပူးတွဲထောက်ခံချက်ပါရှိရမည်။ ၎င်းအစီအစဉ်တွင်-

(၁) သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း၏ စီမံခန့်ခွဲခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းများတွင် လက်ရှိဖြစ်ပေါ်နေသော အားနည်းချက်ယွင်းချက်များအား ဖော်ထုတ်ခြင်း၊

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၀ မှ*

(၂) အဆိုပါ အားနည်းချွတ်ယွင်းချက်များအား ကုစားရန် လိုအပ်သော ပြန်လည်တည့်မတ်ရေး နည်းလမ်းများအား သတ်မှတ်ခြင်း၊

(၃) အဆိုပြုထားသော ပြန်လည်ထူထောင်ခြင်း လုပ်ငန်းအတွက် အချိန်ဇယားနှင့် ငွေကြေးဖြည့်ဆည်းခြင်း အစီအစဉ်များ ချမှတ်ခြင်း၊

(၄) ပုဒ်မ ၉၃ အရ အာဏာအပ်နှင်းခြင်းခံရသည့် လုပ်ငန်းဆောင်ရွက်ချက်တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း၏ အဓိကစီးပွားရေးဆောင်ရွက်ချက်များကို ယာယီအဖွဲ့အစည်းအပါအဝင် အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ လွှဲပြောင်းသည့် မဟာဗျူဟာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၅) နိုင်ငံတော်အစိုးရ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း၏ အကျိုးစီးပွားအား ကာကွယ်ရန်အလို့ငှာ ငွေအပ်နှံသူများမှပိုင်ရှင်များနှင့် မြီရှင်များ၏ အကျိုးတိုးပွားလာမှုကို ဟန့်တားခြင်း၊

(ဃ) အဆိုပါပြန်လည်ထူထောင်ခြင်း အစီအစဉ်အား ဆောင်ရွက်နေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို ဝန်ကြီးဌာနသည် ဗဟိုဘဏ်နှင့် တိုင်ပင်ပြီးနောက် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ၎င်းပြန်လည်ထူထောင်ခြင်း အစီအစဉ်အား ရပ်စဲခြင်း၊

(၂) အကယ်၍ ပုဒ်မ ၁၃ အရ ခိုင်မာမှုရှိပါက သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် သတ်မှတ်ထားသည့် အဖွဲ့အစည်း၏ လုပ်ငန်းမှတ်ပုံတင်ခြင်းအား ဗဟိုဘဏ်မှ ရုပ်သိမ်းနိုင်သည်။ သို့တည်းမဟုတ် အခန်း(၁၆)တွင် ဖော်ပြထားချက်နှင့်အညီ လူမွဲစာရင်းခံယူခြင်းအား စတင်နိုင်ရန် တရားလွှတ်တော်သို့ တင်ပြခြင်းကို ဗဟိုဘဏ်မှ ပြုလုပ်နိုင်သည်။

(င) ပြန်လည်ထူထောင်ခြင်းကိစ္စရပ်အပေါ် အခြေခံ၍ ရရန်ပိုင်ခွင့်များထိန်းသိမ်းခြင်း၊ အပ်နှံငွေများကာကွယ်ခြင်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်အောက်တွင် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသို့မဟုတ် ဇယားဝင်အဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်းများ ဆောင်ရွက်နိုင်ရန် အခန်း (၁၃) တွင် ဖော်ပြချက်နှင့်အညီ ဗဟိုဘဏ်မှ အုပ်ချုပ်သူအား ခန့်အပ်နိုင်သည်။

(စ) ဗဟိုဘဏ်သည် အုပ်ချုပ်သူအား ဇယားဝင်အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်အားလုံးကိုသော်လည်းကောင်း တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း အစိုးရက မတည်ရင်းနှီးငွေ ထည့်ဝင်သော ပေါင်းကူးအဖွဲ့အစည်းသို့ လွှဲပြောင်းရန် ညွှန်ကြားနိုင်သည်။ ယင်းလွှဲပြောင်းခြင်းသည် ချက်ချင်းအကျိုးသက်ရောက်မှု ရှိစေရမည်။

(ဆ) သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း၏ မြီရှင်များသို့ ဆောင်ရွက်ပေးရမည့် အချို့တာဝန်သည် အဆိုပါလွှဲပြောင်းမှုတွင် ပါဝင်ပါက အုပ်ချုပ်သူသည် အဆိုပါမြီရှင်များ၏ အကျိုးစီးပွားအား ထည့်သွင်းစဉ်းစားရမည်။ ဆိုလိုသည်မှာ အဆိုပါလွှဲပြောင်းမှုသည် မည်သည့်ဘဏ်လိုင်စင်ရ အဖွဲ့အစည်း သို့မဟုတ် အဆိုပါအဖွဲ့အစည်းများအား အုပ်ချုပ်သည့်အဖွဲ့အစည်း၏ သဘောတူညီချက်ကိုရယူရန် မလိုအပ်ပါ။

(ဇ) ပေးရန်တာဝန် လွှဲပြောင်းခြင်းအား ဗဟိုဘဏ်က သတ်မှတ်သည့် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဈ) သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း ပြန်လည်ထူထောင်ခြင်းကြောင့် ပေါ်ပေါက်လာသော ကုန်ကျငွေများအား အောက်ပါအတိုင်း ကျခံစေနိုင်သည်။

(၁) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်းမှ သင့်လျော်သလို ကျခံခြင်း၊

(၂) သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့် လုံလောက်မှုမရှိပါက အစိုးရကကျခံခြင်း။

(ည) ဤပုဒ်မအရ မြီရှင်၊ မြီစား၊ ချေးယူထားသူနှင့် ရှယ်ယာပိုင်ဆိုင်ထားသူများ၏ ခွင့်ပြုချက် သို့မဟုတ် အသိပေးစာဖြင့် သဘောတူညီချက်မပါဘဲ သို့မဟုတ် ၎င်းတို့၏ အတည်ပြုချက်အရ၊ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များအား လွှဲပြောင်းပေးရာတွင် အခွန်များ၊ ကုန်ကျစရိတ်များ တောင်းဆိုခွင့် မရှိစေရ။

(ဋ) ဗဟိုဘဏ်မှ အောက်ပါစည်းမျဉ်းများဖြင့်-

(၁) သတ်မှတ်ထားသော မည်သည့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်းမှမဆို ငွေရေးကြေးရေးအကျပ်အတည်း သို့မဟုတ် ဆုံးရှုံးမှုများပေါ်ပေါက်နေသည့် ကိစ္စရပ်တွင် အဆိုပါကိစ္စကိုကုစားရန်၊ လျင်မြန်၍ အစီအစဉ်ကျနသည့် အစီအစဉ်တစ်ရပ်ပါဝင်သည့် အစီရင်ခံစာကို ဗဟိုဘဏ်သို့ ကာလအပိုင်းအခြားအလိုက် တင်ပြရမည်၊

(၂) သတ်မှတ်ထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် ဇယားဝင်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စီးပွားရေးလုပ်ငန်းများ လုပ်ငန်းစဉ်ဆိုင်ရာ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ၊ တားမြစ်ချက်များနှင့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(၃) အစိုးရ၏ အတည်ပြုချက်အရ လိုအပ်သလို ကုစားသည့် နည်းလမ်းများ ရယူနိုင်သည်။

## အခန်း (၁၆)
## ဘဏ်လိုင်စင်ရအဖွဲ့အစည်းများအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
## (Liquidation of Licensed Institutions)

**အထွေထွေ လူမွဲစာရင်းခံယူခြင်း ဥပဒေနှင့် တရားရုံး၏ တရားစီရင်ပိုင်ခွင့်**

၁၀၃။ (က) ကုမ္ပဏီများအက်ဥပဒေနှင့် ကုမ္ပဏီများ လူမွဲခံယူခြင်းနှင့် သက်ဆိုင်သော အခြားဥပဒေ၏ ပြဋ္ဌာန်းချက်များသည် ယခုအခန်းတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား အကျိုးသက်ရောက်ခြင်းမရှိစေရ၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုအတွက် အပြီးသတ်အမိန့် သို့မဟုတ် ထိန်းသိမ်းသူခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် မည်သည့်အသနားခံစာကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကသာ တရားလွှတ်တော်သို့ လျှောက်ထားတင်ပြရမည်။

**ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား လုပ်ငန်းဆောင်ရွက်ခြင်းမှ ဆန္ဒအလျောက် ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် လိုအပ်သော ကြိုတင်အတည်ပြုချက်**

၁၀၄။ (က) ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသော အတည်ပြုချက်မပါဘဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၊ လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား ဆန္ဒအလျောက် ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် မည်သည့်ပုဂ္ဂိုလ်ကမျှ ဆောင်ရွက်ပေးခွင့်မရှိ။

(ခ) အောက်ပါအချက်များအား ကျေနပ်မှုမရှိလျှင် ပုဒ်မခွဲ(က)အရ အတည်ပြုချက်အား ဗဟိုဘဏ်က ခွင့်မပြုရ-

(၁) လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ကြွေးမြီများအားလုံးကို ပြန်လည်ပေးဆပ်နိုင်စွမ်းရှိပြီး ငွေအပ်နှံသူများနှင့် မြီရှင်များသို့ နှောင့်နှေးမှုမရှိဘဲ ပြန်လည်ပေးဆပ်နိုင်ခြင်း၊

(၂) ဘဏ်လုပ်ငန်း အစုရှယ်ယာရှင်များ၏ အစည်းအဝေးတစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသော ရှယ်ယာများ၏ လေးပုံသုံးပုံထက်မနည်း ကိုယ်စားပြုထားသည့် သဘောတူညီချက်တစ်ခုအရ လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား အတည်ပြုပြီးဖြစ်ခြင်း။

(ဂ) အစိုးရ၏ စာဖြင့်ရေးသားထားသော အတည်ပြုချက်မပါဘဲ ပြည်တွင်းလိုင်စင်ရ နိုင်ငံတော်ပိုင် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုအား ရပ်စဲခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုဖြစ်စေ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံအုပ်ချုပ်သူက စာဖြင့်ရေးသားထားသည့် တောင်းဆိုချက်မပါဘဲ မြန်မာနိုင်ငံအတွင်း ပြည်ပငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဌာနခွဲအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုဖြစ်စေ ဗဟိုဘဏ်က ဆောင်ရွက်ရန်ခွင့်ပြုနိုင်ခြင်း မရှိပေ။

**ဆန္ဒအလျောက်ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စည်းကမ်းချက်များ**

၁၀၅။ (က) ပုဒ်မ ၁၀၄ ၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့အရ အတည်ပြုချက်တစ်ခုအား ဗဟိုဘဏ်မှ ခွင့်မပြုသေးမီ အဆိုပါ ဆန္ဒအလျောက်လုပ်ငန်း ရပ်စဲမည့်လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အောက်ပါတို့ကိုပြီးစီးအောင် ဆောင်ရွက်ရမည်-

(၁) ၎င်း၏ ဘဏ်တွင် အပ်နှံထားသည့်ငွေများကို ငွေအပ်နှံသူများသို့ ပြန်လည်ထုတ်ပေးပြီး ဖြစ်ရမည်။

(၂) ဤဥပဒေအရပေါ်ပေါက်သည့်ငွေရေးကြေးရေးပေးရန်တာဝန်များနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအားလုံးကို ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်းနှင့် ယင်း၏ ယုံမှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အရ ၎င်းထံတွင်ရှိသည့် ရန်ပုံငွေအားလုံးနှင့် အခြားပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ လိုအပ်ချက်များအပြင် လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည်

(၁) ဆောင်ရွက်နေဆဲလုပ်ငန်းအားလုံးအား ရပ်စဲပြီးဖြစ်ရမည်။

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရန်ဖြစ်သည့် ဆောင်ရွက်ဆဲ စီးပွားရေးလုပ်ငန်းများအားလုံးအားရပ်စဲပြီး ပုံစံကျနသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား သက်ရောက်မှုရှိစေမည့် လိုအပ်သည့် အခွင့်အာဏာကိုသာလျှင် ကျင့်သုံးရမည်။

(ဂ) ဗဟိုဘဏ်သည် လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်တို့နှင့်သက်ဆိုင်သည့် အစီရင်ခံစာများ စာရွက်စာတမ်းများရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စီမံချက်အပါအဝင် အခြားသော သတင်းအချက်အလက်များကို တောင်းဆိုကောင်း တောင်းဆိုနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)ပါ လိုအပ်ချက်များကို ဖြည့်ဆည်းပြီးဖြစ်ကြောင်း သေချာမှုရှိစေရန်အတွက် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်နှင့် လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတို့ထံသို့ ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

(င) လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုသည် ပုဒ်မ ၁၀၄ နှင့် ဤပုဒ်မပါ လိုအပ်ချက်များအား မဖြည့်ဆည်းနိုင်လျှင် ဗဟိုဘဏ်သည် ဤဥပဒေ ပုဒ်မ ၉၃ အရ အုပ်ချုပ်သူတစ်ဦးအား ခန့်အပ်ရမည်။

**မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အကြောင်းကြားခြင်း**

၁၀၆။ (က) လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ရပ်စဲခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့အတွက် အောက်ပါအတိုင်း အကြောင်းကြားစာပေးပို့ရမည်-

(၁) ဗဟိုဘဏ်မှ ပုဒ်မ ၁၀၄ အရ အတည်ပြုချက် လက်ခံရရှိပြီး ၁၄ ရက်အတွင်း ကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရန်၊

(၂) မြီစားများအားလုံးနှင့် အခြားမြီရှင်များတို့အပြင် အခြားနည်းအားဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ယုံမှတ်အပ်နှံထားသည့် ရန်ပုံငွေနှင့် ပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်လက်ခံရယူရမည့်သူများ၊ လုံခြုံမှုအရအပ်နှံထားသည့် သေတ္တာကို ငှားရမ်းထားသူများ သို့မဟုတ် ယုံမှတ်အပ်နှံထားသူများထံသို့ ပေးပို့ရန်၊

(၃) မြန်မာနိုင်ငံအတွင်း အများပြည်သူသိရှိနိုင်ရန် တစ်ကြိမ်ထုတ်ပြန်ကြေညာရမည်၊

(၄) စီးပွားရေးလုပ်ငန်း အဓိကနေရာနှင့် ၎င်း၏ အခြားရုံးများရှိ သိသာမြင်သာသော နေရာတစ်နေရာတွင်ပြသရန်၊

(ခ) ပုဒ်မခွဲ(က) တွင် ရည်ညွှန်းသည့် အကြောင်းကြားစာတွင်ပါရှိရမည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်ပေးရမည်။

(ဂ) ဗဟိုဘဏ်သည် အောက်ပါအချက်တစ်ရပ်ရပ်ကိုတွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)အရ ပုဂ္ဂိုလ်တစ်ဦးဦးထံ အကြောင်းကြားစာပေးပို့ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) ထိုသို့ ပြုလုပ်ရန် လက်တွေ့မကျကြောင်း၊

(၂) ထိုပုဂ္ဂိုလ်သည် ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အခြားသောနည်းဖြင့် လုံလောက်သည့် သတိပေးစာရရှိပြီးဖြစ်ကြောင်း။

**ဆန္ဒအလျောက်ရပ်စဲခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် မြီရှင်များ၏ အခွင့်အရေးများ**

၁၀၇။ (က) ရပ်စဲခြင်း သို့မဟုတ် ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအားစတင်ရန် အတည်ပြုချက်သည် လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ ငွေအပ်နှံသူ သို့မဟုတ် အခြားသောမြီရှင်သို့ ပေးချေရမည့်တောင်းခံမှုများအားလုံးအား တောင်းခံခွင့်များ သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ထိန်းသိမ်းထားသည့် ရန်ပုံငွေ သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းပိုင်ရှင်၏ လုပ်ပိုင်ခွင့်များအား ထိခိုက်နစ်နာစေမည် မဟုတ်ပါ။

(ခ) ဥပဒေနှင့်အညီ တောင်းခံမှုများအား ချက်ချင်းပေးရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထိန်းသိမ်းထားသည့် ရန်ပုံငွေ သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းများအား ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အမြင့်ဆုံးကာလအတွင်း ပိုင်ဆိုင်ခွင့်ရှိသူပိုင်ရှင်ထံ ပြန်လည်ပေးရမည်။

**လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် ရရန်ပိုင်ခွင့်များအား ခွဲဝေခြင်း**

၁၀၈။ (က) ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြီးစီးပါက လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် စာရင်းစစ်ဆေးပြီး ရှင်းတမ်းတစ်ခုနှင့် ပြင်ပစာရင်းစစ်၏ ထင်မြင်ချက်ပါဝင်သော အတည်ပြုပြီး ဘဏ်လိုင်စင်ရအဖွဲ့အစည်းကလက်ခံသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီရင်ခံစာတစ်စောင်ကိုပြင်ဆင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ(က)အရ တင်ပြထားသည့် စာရင်းစစ်ထင်မြင်ယူဆချက်တွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) စာရင်းစစ်၏စီရင်ဆုံးဖြတ်ချက်အတွင်းတွင် ပြည့်စုံမှုတပြီး သင့်တင့်လျောက်ပတ်စွာရေးဆွဲပြုစုထားကြောင်း၊

(၂) ရပ်စဲခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီရင်ခံစာသည် လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို တိကျမှန်ကန်စွာဖော်ပြထားကြောင်း၊

(၃) ပြင်ပစာရင်းစစ်သည် လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းထံမှ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်တောင်းခံရာတွင် လက်ခံရရှိသည့် သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်များသည် ကျေနပ်ဖွယ် ရှိ/ မရှိ၊

(၄) ဆန္ဒအလျောက်ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို လိုက်နာပြီး ဆောင်ရွက်ထားခြင်း ရှိ/မရှိ။

(ဂ) လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပုဒ်မ ၁၀၅ တွင် ရည်ညွှန်းထားသည့်အတိုင်း ၎င်း၏ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်များအားလုံးကို ပုဒ်မခွဲ(က)အရ တင်ပြရမည့်အထောက်အထားများအပေါ် အခြေခံထားသည်ဟု ဗဟိုဘဏ်က ယူဆလျှင်-

*စာမျက်နှာ ၈ သို့*

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၈ မှ*

(၁) ဗဟိုဘဏ်သည် လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ လိုင်စင်အား ဖျက်သိမ်း၍ ဤဥပဒေ ပုဒ်မ ၁၃ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖျက်သိမ်းမှုအား အကြောင်းကြားရမည်၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ရရန်ပိုင်ခွင့်အမှန်ရှိ သောပိုင်ရှင်များအား ၎င်းတို့၏ ရရန်ပိုင်ခွင့်များကို ၎င်းတို့ရရှိရမည့်အချိုးအတိုင်း ခွဲဝေပေးရမည်။

(ဃ) လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အောက်ဖော်ပြပါကိစ္စရပ်များ မဆောင်ရွက်မီ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ခွဲငယ်(၂)အရ ခွဲဝေမှုများကို မပြုလုပ်ရ-

(၁) တရားရုံးကဆုံးဖြတ်သတ်မှတ်ချက်အရ ပေးချေရမည့် သို့မဟုတ် ပြန်လည်ပေးရမည့်ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားနေသည့် တောင်းခံမှုများကိုဖြည့်ဆည်းရန် လုံလောက်သော ငွေကြေးအား ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း။

(၂) မြီစားအားလုံး၊ အခြားမြီရှင်များ သို့မဟုတ် ရန်ပုံငွေများ တောင်းခံခြင်း မပြုရသေးသည့်ပုဂ္ဂိုလ်များအား ပေးရန် ရှိသည့် ရန်ပုံငွေများကိုပေးရန် ဗဟိုဘဏ်သို့ လွှဲပြောင်း ပေးပို့ခြင်း၊

(၃) ပုဒ်မ ၁၆၆ ကို လိုက်နာဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထိန်းသိမ်းထားသည့်ရန်ပုံငွေများနှင့် ပိုင်ဆိုင်ပစ္စည်းများ ကို ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) အရ အဆိုပါပုဂ္ဂိုလ်များသို့ ခွဲဝေနိုင်ခြင်းမရှိသည့်အခါ၊

(င) ပုဒ်မ ၁၂၇ အရ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်း ရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များမပါဘဲ ကုန်ကျသည့် ကုန်ကျစရိတ်၊ တောင်းခံငွေနှင့် အသုံးစရိတ်အား လုံး ဦးစားပေး ပေးချေရမည်။

(စ) ပုဒ်မခွဲ (က)အရ တင်ပြထားသည့် စာရင်းရှင်းလင်းဖျက်သိမ်း ခြင်းအစီရင်ခံစာနှင့် စာရင်းစစ်ထားသည့် စာရင်းရှင်းတမ်းများ အတွက် အတည်ပြုကြောင်း သတိပေးစာတစ်ခုအား လုပ်ငန်း ဆောင်ရွက်ဆဲဘဏ်လိုင်စင်ရအဖွဲ့အစည်းထံမှ လက်ခံရရှိသော အခါ လုပ်ငန်းဆောင်ရွက်ဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ယင်းသတိပေးစာအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန် ကြေညာရမည်။

(ဆ) ပုဒ်မခွဲ (ဆ)အရ ထိုကဲ့သို့ အတည်ပြုသတိပေးစာအား ထုတ်ပြန် ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများဥပဒေနှင့် ဆန့်ကျင်ဘက်ဖြစ် နေသော်ငြားလည်း ကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိထံမှ ကုမ္ပဏီအမည်အား စာရင်းမှပယ်ဖျက်ရမည်။

(ဇ) ပုဒ်မခွဲ (ဆ)အရ သတိပေးစာထုတ်ပြန်သည့်အချိန်မှစ၍ ဘဏ် လိုင်စင်ရအဖွဲ့အစည်းသည် တရားဝင်ဖျက်သိမ်းပြီး ဖြစ်ရမည်။

(ဈ) ပုဒ်မခွဲ (ဆ)အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား ဖျက်သိမ်းခြင်းသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အခြားသော အရာရှိတစ်ဦးဦးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သို့မဟုတ် ဤဥပဒေအရ ပေးရန်တာဝန်ရှိသည် များအပေါ် အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ပါ။ ထို့အပြင် ထိုပေးဆပ်စရာကို ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား တရားဝင် ဖျက်သိမ်းမှု မပြုရသေးသကဲ့သို့ ဆက်လက်အကျိုးသက်ရောက် မှုရှိစေရမည်။

**မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၁၀၉။ (က) အောက်ပါအကြောင်းအချက်များမှ တစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍ တည်ရှိနေလျှင်၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု အား ဗဟိုဘဏ်က မဖြစ်မနေရပ်စဲခြင်း သို့မဟုတ် စာရင်းရှင်း လင်းဖျက်သိမ်းခြင်းပြုနိုင်သည်-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် မြန်မာနိုင်ငံအတွင်း ပေးချေရန်စေ့ရောက်သည့် ငွေရေးကြေးရေးပေးဆပ် ရန်တာဝန်များကို ပြန်လည်မပေးဆပ်နိုင်လျှင်၊

(၂) ဘဏ်လုပ်ငန်း၏မတည်ငွေရင်းသည် ဤဥပဒေအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထိန်းသိမ်းထားရသည့် အနည်းဆုံးမတည်ငွေရင်း၏ ထက်ဝက်အောက် လျော့ နည်း နေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်လျှင်၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်တန်ဖိုးသည် ကြွေးမြီတန်ဖိုး သို့မဟုတ် ပေးဆပ်နိုင်စွမ်းမရှိသော ကြွေးမြီအောက်လျော့နည်းနေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်လျှင်၊

(၄) ပုဒ်မ ၉၃ အရ ခန့်ထားသည့် အုပ်ချုပ်သူက ဘဏ်လိုင်စင် ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းရန် အကြံပြုလျှင်။

(ခ) ဤအခန်း၏ရည်ရွယ်ချက်များအလို့ငှာ-

(၁) ဗဟိုဘဏ်က လက်ခံနိုင်သော သို့မဟုတ် ဗဟိုဘဏ်က စည်းမျဉ်းများအရ သတ်မှတ်ထားသောစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်လိုင်စင်ရ အဖွဲ့ အစည်း၏ မတည်ငွေရင်းအား သတ်မှတ်ရမည်၊

(၂) ဗဟိုဘဏ်ကလက်ခံနိုင်သော သို့မဟုတ် ဗဟိုဘဏ်က စည်းမျဉ်းများအရ သတ်မှတ်ထားသောစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်လိုင်စင်ရ အဖွဲ့ အစည်းတစ်ခု သို့မဟုတ် ၎င်း၏ရုံးခွဲတစ်ခုအတွက် ရရန် ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ တန်ဖိုးအား သတ်မှတ်ပေးရမည်။

(၃) အနာဂတ်ကာလတစ်ခုအတွက် ဘဏ်လိုင်စင်ရအဖွဲ့ အစည်းတစ်ခု၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ ၏တန်ဖိုးအား သတ်မှတ်ပေးရာတွင် ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ ကျိုးကြောင်းညီညွတ်စွာခန့်မှန်းထား သည့် အနာဂတ်ဝင်ငွေနှင့် အသုံးစရိတ်များအား ထို ကာလတိုင်သည်အထိ ထည့်သွင်းတွက်ချက်ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ပိုင်ရှင်များ၏ ကိုယ်စားလှယ်**

၁၁၀။ ဤပုဒ်မတွင်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက် အလို့ငှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ပိုင်ရှင်များကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်တစ်ဦးမှာ-

(က) နိုင်ငံတော်အစိုးရပိုင် ကော်ပိုရေးရှင်းမဟုတ်သည့် ပြည်တွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအတွက် ဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ပိုင်ရှင်မှ ပိုင်ရှင်၏ကိုယ်စားလှယ်အဖြစ် အခြားပုဂ္ဂိုလ် တစ်ဦးအား ခန့်အပ်မထားသရွေ့ ဘဏ်လိုင်စင်ရအဖွဲ့အစည်း ၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌရုံးခန်းအား ထိန်းသိမ်းထား သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ အခွင့်အာဏာအပ်နှင်းထား သည့်ကိုယ်စားလှယ် ဖြစ်သည်။

(ခ) နိုင်ငံတော်အစိုးရပိုင်ကော်ပိုရေးရှင်းဖြစ်သည့် ပြည်တွင်းဘဏ် လိုင်စင်ရအဖွဲ့အစည်းတစ်ခုအတွက် အစိုးရအဖွဲ့ သို့မဟုတ် ၎င်း ၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်ဖြစ်သည်။

(ဂ) နိုင်ငံခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ လက်အောက်ခံ သို့မဟုတ် ရုံးခွဲတစ်ခုအတွက် နိုင်ငံခြားဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ၎င်း၏ လက်ထောက်ဖြစ်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန်အတွက် လျှောက်ထားခြင်း**

၁၁၁။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်သို့ လျှောက်ထား နိုင်သည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအပေါ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စတင်ရန်လျှောက်လွှာတွင် အောက်ပါအကြောင်း အရာများဖော်ပြ၍ တရားလွှတ်တော်၏ ခွင့်ပြုချက်ရယူရမည်-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အုပ်ချုပ်သူအောက် တွင်ရှိနေပြီး အုပ်ချုပ်သူက ဘဏ်လိုင်စင်ရအဖွဲ့အစည်း အား စာရင်းရှင်းလင်းဖျက်သိမ်းသင့်ကြောင်း အကြံပြု ထားသည့် သက်သေခံအထောက်အထား သို့မဟုတ် မြန်မာနိုင်ငံအတွင်းရှိ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းအား ပုဒ်မ ၈၆ အရ ဆိုင်းငံ့ထားသည်ဟု ပြသ သည့် သက်သေခံအထောက်အထား၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်း၏ စာရင်းစစ်မှစစ်ဆေး အတည်ပြုထားသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ငွေရေးကြေးရေးရှင်းတမ်းများ၏ မိတ္တူများ သို့မဟုတ် ပုဒ်မ ၁၀၉ အရ မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်း ခြင်းစတင်ရန်အတွက် အခြေခံရမည့် အကြောင်းအရင်း တစ်ခု သို့မဟုတ် တစ်ခုထက်ပိုကြောင်း အခြားသက်သေ ခံအထောက်အထား။

**လျှောက်ထားခြင်းအား ပယ်ချခြင်း**

၁၁၂။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းစာရင်း ရှင်းလင်းဖျက်သိမ်းခြင်းအား စတင်ရန်အတွက် အဖွဲ့အစည်းအပေါ် လျှောက်ထားသည့်စာသည် အောက်ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် တရားလွှတ်တော်က ပယ်ချရမည်-

(က) ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (က)နှင့်သက်ဆိုင်သည့် အကြောင်းအချက် များ မပါရှိခြင်း၊

(ခ) လျှောက်လွှာအား ပုဒ်မ ၁၁၁ ၊ပုဒ်မခွဲ(ခ)အရ လိုအပ်သော အထောက်အထားများပူးတွဲတင်ပြမှုမရှိခြင်း၊

(ဂ) လျှောက်လွှာအား အထောက်အပံ့ပြုသည့်အနေဖြင့် တရား လွှတ်တော်သို့ တင်သွင်းသည့် သက်သေအထောက်အထားသည် မှားယွင်းကြောင်းထင်ရှားခြင်း သို့မဟုတ် တိကျခိုင်မာမှုမရှိခြင်း နှင့် ဥပဒေအရလိုအပ်ချက်များအား လျှောက်လွှာက မဖြည့် ဆည်းပေးနိုင်သည့် သက်သေခံချက်မျိုးဖြစ်နေခြင်း၊

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် ပိုင်ရှင်၏ကိုယ်စားလှယ် သည် ဗဟိုဘဏ်၏ သဘောတူညီချက်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့ အစည်းတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ဆောင် ရွက်နိုင်ရန်အတွက် လုံလောက်သော ငွေကြေးရန်ပုံငွေကို ဘဏ်လိုင်စင်ရအဖွဲ့အစည်းအနေဖြင့် ချက်ချင်းရရှိနိုင်စေသည့် မတည်ငွေရင်းအနေဖြင့် ရရှိနိုင်ကြောင်း ပြသနိုင်ခြင်း၊

(င) လျှောက်လွှာသည် နိုင်ငံတော်အစိုးရပိုင် ပြည်တွင်းဘဏ်လိုင် စင်ရအဖွဲ့အစည်းတစ်ခု အတွက်ဖြစ်ပါက ဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ ပေးရန်တာဝန်များအားလုံးကို ပေးချေမည်ဖြစ် ကြောင်း စာဖြင့်ရေးသားထားသည့် အာမခံစာကို တင်ပြခြင်း၊

(စ) လျှောက်လွှာသည် ဥပဒေ၏ အခြားသော လိုအပ်ချက်တစ်ရပ် ရပ်ကို မဖြည့်ဆည်းနိုင်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ်ခြင်း**

၁၁၃။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ရန် ယင်း၏ ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဗဟိုဘဏ် ကိုဖြစ်စေ၊ ဗဟိုဘဏ်က ၎င်းကိုယ်စားဆောင်ရွက်ရန် အမည်စာရင်းပေးသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များကိုဖြစ်စေ ခန့်အပ်ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

၁၁၄။ (က) သင့်မြတ်လျော်ကန်သည့်ပုဂ္ဂိုလ်များသာလျှင် ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာ ရှိအဖြစ် တာဝန်ထမ်းဆောင်ရန် သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိအား အစားထိုးခန့်အပ်ရန် ရွေးချယ် ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရာတွင် ၎င်း၏တာဝန်ထမ်းဆောင်မှုနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များနှင့် လစာအခကြေးငွေအား သတ်မှတ်ပေး ရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအတွက် ပေးငွေနှင့်အခြား သော ကုန်ကျစရိတ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း တွင် ရရန်ရှိနေသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင် ခွင့်များမှ ပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအတွက် ရရန်ရှိငွေ၊ ပေးရန်ရှိငွေများနှင့် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များ အားလုံးသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်ထက် ကျော်လွန်နေပါက ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဗဟိုဘဏ်မှ ကျခံ ပေးရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ဆောင်ရွက် ချက်များကို ဗဟိုဘဏ်၏ ညွှန်ကြားမှုနှင့် ကြီးကြပ်စစ်ဆေးမှုနှင့် ဗဟိုဘဏ်၏စာဖြင့်ရေးသားထားသော အခြားညွှန်ကြားချက် များအရ ဆောင်ရွက်ရမည်၊

(စ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်းအားခန့်အပ် ထားသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကုန်ကျမှုဖြင့် လွတ်လပ်သော အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေများ၊ စာရင်းကိုင်များနှင့် အတိုင်ပင်ခံများအား အဆိုပါစည်းမျဉ်းစည်း ကမ်းများနှင့်အညီ ဗဟိုဘဏ်၏အတည်ပြုချက်ဖြင့် အလုပ် ခန့်အပ်နိုင်သည်။

(ဆ) အောက်ပါအခြေအနေများတွင် ဗဟိုဘဏ်သည် စာရင်းရှင်း လင်းဖျက်သိမ်းရေးအရာရှိအား အစားထိုးခန့်အပ်ပေးပါရန် တရားလွှတ်တော်သို့လျှောက်ထားရမည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် စွမ်းဆောင် ရည်မရှိခြင်း သို့မဟုတ် နုတ်ထွက်ခြင်း သို့မဟုတ် သေဆုံးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ လုပ်ငန်းတာဝန်များအား ဝီရိယပြုကြိုးစားဆောင်ရွက် မှုမရှိဘဲ ပျက်ကွက်ခြင်း၊

(၃) ဗဟိုဘဏ်၏တင်သွင်းချက်ကို အခြေခံလျက် စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် သင့်မြတ်လျော် ကန်သည့် ပုဂ္ဂိုလ်မဟုတ်တော့ဟု ဆုံးဖြတ်ခြင်း၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တာဝန်ထမ်း ဆောင်ရန် အရည်အချင်းမပြည့်မီတော့ခြင်း။

(ဇ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား အစားထိုးသည့် အခါတိုင်း အစားထိုးပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ လုပ်ပိုင်ခွင့်များအားလုံးကို ဆက်ခံရမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကျန်ရှိနေသည့် ရရန်ပိုင်ခွင့်များ၊ မှတ်တမ်းများနှင့် ငွေစာရင်း များအပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် မှတ်တမ်းများနှင့်ငွေစာရင်းများအား ချက်ချင်းမဆိုင်းမတွ လွှဲပြောင်းရယူရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၁၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဤဥပဒေနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်အား ညွှန်ကြားရ မည်ဖြစ်သည့်အပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင် ခွင့်များ၊ စာရင်းရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့် ရုံးခန်းများ ကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းမှု အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ ဥပဒေအရ တစ်ဦးတည်းသော တရားဝင် ကိုယ်စားလှယ်ဖြစ်ပြီး ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရှယ်ယာ ပိုင်ရှင်များ၏ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ၊ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအား လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်၊ စာရင်း ရှင်းလင်းဖျက်သိမ်းနိုင်ရန်နှင့် သင့်လျော်သလို စီမံခန့်ခွဲနိုင် ရန်တို့အပြင် လိုအပ်သည့်အခွင့်အာဏာများအပါအဝင် ဘဏ် လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိများနှင့် ဒါရိုက်တာအဖွဲ့ကို ဆက်ခံရမည်။

(ဂ) ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ယေဘုယျအချက်များအား ကန့်သတ်မှုမရှိစေဘဲ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သည် အခန်း(၁၄)တွင် ဖော်ပြထားသော သက်ဆိုင်ရာပြဋ္ဌာန်း ချက်များနှင့်အညီ စာရင်းရှင်းလင်းနေသော ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ အား လုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်း ကောင်း အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ အပ်နှင်းရန် တရားလွှတ်တော်သို့ တောင်းဆိုနိုင်သည်။

(ဃ) ဤအခန်းတွင်ဖော်ပြထားသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း တစ်ခုအား စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် အကူအညီပေး နိုင်ရန် မည်သည့်လုပ်ငန်းကျွမ်းကျင်သူကိုမဆို ခန့်ထားနိုင်သည်။

*ဆက်လက်ဖော်ပြပါမည်*

မြန်မာ့အလင်း

# ဂျူနီယာ စီးပွားရေး ကြေးမုံ (masthead)

၂၀၁၄ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ သောကြာနေ့။







ပြည်တွင်းရေးရာ

**လင်ချမ်းနယ်စပ်စီးပွား ကုန်သွယ်မှု ရောင်းဝယ်ရေး ပွဲတော်သို့ တစ်ခေါက်**

စာ - ၄



လူမှုစီးပွား

**ကျေးလက်ပြည်သူများအတွက် ဇီဝဓာတ်ငွေ့ကန်များ တပ်ဆင်**

စာ - ၅



# အာဆင်နယ်အတွက် လာခြင်းကောင်းသော လက်ဆောင်

≫ စာ-၂



အာဆင်နယ်ရဲ့ လက်ရှိရောက်နေတဲ့အဆင့်။ အဲဒီအဆင့်ဟာ အပျက်ဘက် ဦးတည်နေတယ်ဆိုပေမယ့် အခုလောက်အဆင့်မျိုးကို အာဆင်နယ် ရောက်နေတာတောင် ဆန်းချက်ဇ်ကြောင့်ဆိုတာ အားလုံးက လက်ခံယုံကြည်ထားကြမှုကိုက ဆန်းချက်ဇ်အပေါ် အသိအမှတ်မပြုလို့မရတဲ့ အခြေအနေမျိုး ဖြစ်လာတယ်။ အထူးသဖြင့် လက်ရှိ အာဆင်နယ်ဟာပရီမီယာလိဂ်ရဲ့ အဆင့်(၆) နေရာမှာ ရှိတယ်။ ဒါဟာအပျက် သဘောတရားဆောင်ပေမယ့် အဲဒီလို အဆင့်မျိုးရောက်နေတာတောင် ဆန်းချက်ဇ်ကြောင့်လို့ ပြောရမယ် ဆိုတော့။ သေချာတယ် အာဆင်နယ် ဘယ်လိုဖြစ်ဖြစ် ဆန်းချက်ဇ် ကတော့ လာခြင်းကောင်းသောလက်ဆောင်ပဲ။

# နည်းပြပြောင်းတိုင်း ကောင်းမှာလား



≫ စာ-၇

## ဝက်စ်ဘရွန်းအသင်းနှင့်အတူ တောက်ပလာမယ့် ကျောက်ရိုင်းတစ်ပွင့် သို့မဟုတ် ဘရာဟီနို

≫ စာ-၇


Junction Cineplex

(14-11-2014)

Junction Cineplex (Square)

(Maw Tin)

| Sun to Thu | Fri & Sat |
| --- | --- |
| 10 : 00 AM | 10 : 00 AM |
| 1 : 00 PM | 1 : 00 PM |
| 4 : 00 PM | 4 : 00 PM |
| 7 : 00 PM | 7 : 00 PM |
| | 9 : 30 PM |





## ပရီမီယာလိဂ်ပွဲစဉ် (၁၂)

| | | | |
| --- | --- | --- | --- |
| **စနေနေ့ (၂၂-၁၁-၁၄)** | | | |
| ည ၉း၃၀ | ချဲလ်ဆီး | - | ဝက်စ်ဘရွန်း |
| ည ၉း၃၀ | အဲဗာတန် | - | ဝက်စ်ဟမ်း |
| ည ၉း၃၀ | လက်စတာ | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | မန်စီးတီး | - | ဆွမ်ဆီး |
| ည ၉း၃၀ | ကာဆယ် | - | ကျူပီအာ |
| ည ၉း၃၀ | စတုတ် | - | ဘန်လေ |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | အာဆင်နယ် | - | မန်ယူ |
| **တနင်္ဂနွေနေ့ (၂၃-၁၁-၁၄)** | | | |
| ည ၈း၀၀ | ပဲလေ့စ် | - | လီဗာပူး |
| ည ၁၀း၃၀ | ဟားလ် | - | စပါး |
| **တနင်္လာနေ့ (၂၄-၁၁-၁၄)** | | | |
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | ဗီလာ | - | ဆောက်သမ်တန် |

မြန်မာ့အလင်း
၂၁-၁၁-၂၀၁၄ (သောကြာနေ့)



ဆန်းချက်ဇ်။ တစ်နည်းပြောရင် ပတ္တမြားမှန်လို့ နွံမှာမနစ်တဲ့သူ။ ထပ်ပြောရရင် ရောက်လေရာမှာ နေရာမရွေး။ ဒေသမရွေးအကောင်းဆုံး ခြေစွမ်းကိုထုတ်ပြနိုင်သူ။ တစ်ချက်အရ စီးရီးအေမှာ သူကျင်လည်ခဲ့တဲ့အချိန်တုန်းကလည်း အကောင်းဆုံးအရည်အသွေးကို ချပြနိုင်တယ်။ နှစ်အချက် ဘာစီလိုနာမှာ သူကစားတုန်းကလည်း လက်သင့်ခံနိုင်တာထက်ပိုတဲ့ခြေစွမ်းကို ထုတ်ပြနိုင်တဲ့အပြင် အခုအင်္ဂလန်ရောက်တဲ့အခါမှာလည်း သူကပင်ကိုအရည်အသွေးကောင်းတွေကို ထုတ်ပြလာတဲ့အခါ။ သေချာတယ် သူ့ရဲ့လုပ်နိုင်အားနဲ့ စွမ်းဆောင်ရည်က အသိအမှတ်မပြုလို့မရကြတော့ဘူး။ အလေးမထားလို့မရကြတော့ဘူး။

လင်း
ဆက်

# အာဆင်နယ်အတွက် လာခြင်းကောင်းသော လက်ဆောင်




# နည်းပြပြောင်းတိုင်း ကောင်းမှာလား



လက်ရှိ ပရီမီယာလိဂ်ရာသီကိုကြည့်မယ်ဆိုရင် လူတိုင်းက အထင်တကြီးရှိလှတဲ့ ရွန်းနေ၊ ဖယ်ကာအို၊ ဘာလော့တယ်လီတို့က အားရကျေနပ်ဖွယ်ကောင်းတဲ့ ဂိုးသွင်းယူမှုတွေကို မတွေ့ရပါဘူး။ သူတို့ကိုဖြတ်ကျော်ပြီး ဒီနှစ်ရာသီမှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူးလေးကတော့ ဝက်စ်ဘရွန်းအသင်းရဲ့ အသက် ၂၁နှစ်သာရှိသေးတဲ့ ဘရာဟီနိုပါပဲ။ ဒါကြောင့်လည်း အင်္ဂလန်အသင်း မန်နေဂျာ ဟော့ဂ်ဆန်ဟာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ဘရာဟီနိုကို စတင်ခေါ်ယူခဲ့ပါတယ်။ ပြီးခဲ့တဲ့ စလိုဗေးနီးယားအသင်းနဲ့ ခြေစစ်ပွဲနဲ့ စကော့တလန်အသင်းနဲ့ ကစားခဲ့တဲ့ခြေစမ်းပွဲတွေမှာ ဘရာဟီနိုဟာ အရန်ခုံမှာသာ ထိုင်နေခဲ့ရပေမယ့် ဒီနှစ်မှာ သူ့ရဲ့စွမ်းဆောင်ရည်ကြောင့် အင်္ဂလန်အသင်းကခေါ်ယူထားတယ်ဆိုတာကတော့ အမှားပါဘူး။

# ဝက်စ်ဘရွန်းအသင်းနှင့်အတူ တောက်ပလာမယ့် ကျောက်ရိုင်းတစ်ပွင့် သို့မဟုတ် ဘရာဟီနို




... ဘရာဟီနိုဟာ ဝက်စ်ဘရွန်းအသင်းရဲ့ တောက်ပဖို့ရှိနေတဲ့ ကျောက်ရိုင်းတစ်တုံး ဆိုတာကတော့. . . . . ။

အောင်က

> ဘရာဟီနိုဟာ အသင်းနဲ့အတူ ဂိုးတွေ ဆက်လက်သွင်းယူပေးဦးမလား။ ဒါမှမဟုတ် အသင်းအတွက်ရလဒ်ကောင်းတွေ ရယူနိုင်ဖို့အတွက် ဘယ်လောက်အထိ အကူအညီပေးနိုင်မလဲဆိုတာကိုလည်း ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## စပိန်လာလီဂါပွဲစဉ် (၁၂)

| | |
|---|---|
| **သောကြာနေ့ (၂၁-၁၁-၁၄)** | |
| နံနက် ၂း၁၅ (စနေနံနက်) | ဘီလ်ဘာအို - အက်စ်ပန်ညို |
| **စနေနေ့ (၂၂-၁၁-၁၄)** | |
| ည ၉း၃၀ | အက်သလက်တီကို - မာလာဂါ |
| ည ၁၁း၃၀ | အီဘာ - ရီးရဲ |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | ဘာစီလိုနာ - ဆီဗီလာ |
| နံနက် ၃း၃၀ (တနင်္ဂနွေနံနက်) | ဒီပို့တီဗို - ဆိုစီဒက် |
| **တနင်္ဂနွေနေ့ (၂၃-၁၁-၁၄)** | |
| ညနေ ၅း၃၀ | ဗယ်လီကာနို - ဆယ်တာဗီဂို |
| ည ၁၀း၃၀ | လီဗန်တေး - ဗလင်စီယာ |
| နံနက် ၀၀း၃၀ (တနင်္လာနံနက်) | အယ်လ်ချီ - ကော်ဒိုဘာ |
| နံနက် ၂း၃၀ (တနင်္လာနံနက်) | ဗီလာရီးရဲ - ဂီတာဖေး |
| **တနင်္လာနေ့ (၂၄-၁၁-၁၄)** | |
| နံနက် ၂း၁၅ (အင်္ဂါနံနက်) | ဂရန်နာဒါ - အယ်မာရီယာ |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၂)

| | |
|---|---|
| **စနေနေ့ (၂၂-၁၁-၁၄)** | |
| ည ၉း၀၀ | ဘိုင်ယန် - ဟော့ဖန်ဟိမ်း |
| ည ၉း၀၀ | ရှော်လ်ကေး - ဝုဖ်ဘတ် |
| ည ၉း၀၀ | ဂလာဘတ်ချ် - ဖရန့်ဖတ် |
| ည ၉း၀၀ | မိန့်ဇ် - ဖရိုင်းဘတ် |
| ည ၉း၀၀ | ဟန်နိုဗာ - လေဗာကူဆင် |
| ည ၉း၀၀ | ပါဒါဘွန် - ဒေါ့မွန် |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | ကိုလုံး - ဟာသာဘာလင် |
| **တနင်္ဂနွေနေ့ (၂၃-၁၁-၁၄)** | |
| ည ၉း၀၀ | ဟမ်းဘတ် - ဝါဒါဘရီမင် |
| ည ၁၁း၀၀ | စတုဂတ် - အော့စ်ဘတ် |

# MotoGP ပြိုင်ပွဲ တစ်ရာသီအတွင်း နိုင်ပွဲအများဆုံးရရှိသူအဖြစ် မားကွက်ဇ် စံချိန်သစ်တင်




၂၀၁၄ ခုနှစ် MotoGP ပြိုင်ပွဲရာသီ၏ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သူ သူ Repsol Honda အသင်းမှ စပိန်နိုင်ငံသား မားကွက်ဇ်သည် ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် MotoGP ပြိုင်ပွဲ တစ်ရာသီအတွင်း ပွဲအများဆုံးအနိုင်ရရှိသူအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၁ နှစ်အရွယ်ရှိ မားကွက်ဇ်သည် ယခုနှစ်ရာသီ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သော Valencian Community motorcycle Grand Prix ပြိုင်ပွဲ၌ အနိုင်ရရှိခဲ့ပြီးနောက် MotoGP ပြိုင်ပွဲ တစ်ရာသီအတွင်း ပွဲအများဆုံး အနိုင်ရရှိသူအဖြစ် စံချိန်တင်ထားသူ ဩစတြေးလျနိုင်ငံသား မစ်ဒိုဟန်၏ စံချိန်ကိုကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဒိုဟန်သည် ၁၉၉၇ ခုနှစ် MotoGP ပြိုင်ပွဲရာသီ၌ ၁၂ ပွဲ အနိုင်ရဗိုလ်စွဲခဲ့ပြီး MotoGP ပြိုင်ပွဲ တစ်ရာသီအတွင်း ပွဲအများဆုံး အနိုင်ရရှိသူအဖြစ် စံချိန်တင်ထားခဲ့ခြင်းဖြစ်သည်။ အဆိုပါစံချိန်အား မားကွက်ဇ်က ယခုနှစ်ရာသီတွင် နိုင်ပွဲ ၁၃ ပွဲဖြင့် ချိုးဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် MotoGP ပြိုင်ပွဲရာသီ၏ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သူ မားကွက်ဇ်သည် ယခုနှစ်ရာသီတွင်လည်း ၁၅ ပွဲမြောက်ပြိုင်ပွဲဖြစ်သည့် Japanese motorcycle Grand Prix ပြိုင်ပွဲပြီးဆုံးချိန်ကတည်းက ချန်ပီယံဖြစ်ရန် သေချာနေခဲ့သူဖြစ်သည်။

ပြိုင်ပွဲပေါင်း ၁၈ ပွဲ ယှဉ်ပြိုင်ရသည့် ၂၀၁၄ ခုနှစ် MotoGP ပြိုင်ပွဲရာသီ၌ အနိုင်ရဗိုလ်စွဲသူ လေးဦးသာရှိခဲ့ပြီး Movistar Yamaha အသင်းသားများဖြစ်သည့် ဗလန်စီနိုရော့စီနှင့် လော်ရန်ဇိုတို့က နှစ်ပွဲစီ၊ မားကွက်ဇ်၏ Repsol Honda အသင်းဖော် ဒါနီပက်ရိုဆာက တစ်ပွဲအနိုင်ရရှိခဲ့သည်။

ထက်အောင်


NOW OPEN
Junction Centre Mawtin ဖွင့်လှစ်ခြင်း
အမှတ်တရဂီတဖျော်ဖြေပွဲ
စည်သူလွင်၊ ဂျီလတ်၊ ဝေလ၊
ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ အိုင်းရင်းဇင်မာမြင့် နှင့်
ခင်စုစုနိုင် တို့၏ သီဆိုဖျော်ဖြေမှု
Life & Dance , Jade Dragon Dancer တို့၏ကပြဖျော်ဖြေမှု
နာမည်ကြီး အနုပညာရှင်တို့ရဲ့ ဖြောက်မြားလှုစွာသော သီဆိုဖျော်ဖြေတင်ဆက်မှုကို ခံစားဖို့ . . .
22nd Nov (1:00Pm ~ 7:00Pm)
MUSIC
SHOW
www.facebook.com/junctionshoppingcentre
www.junctioncentregroup.com
JUNCTION CENtRE
Mawtin


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
68 Residence
We Define Lifestyle
Developed By:
UNITED GP
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ တိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than 82% Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ ခုနှစ်
ဖေဖော်ဝါရီလ (၁၂)ရက်နေ့
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
• တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYSTEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
OrangeTee
777 Lux
1st Prize
2nd Prize
3rd Prize
(၂၅)ထပ်ရှိအိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3) ကာရက်ရှိစိန်လက်စွပ်တစ်ကွင်း
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ငလျင်ဒဏ်ကိုရစ်ချ်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ဝေသတ်မှတ်၍ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။
SHOWROOM :
44/A, Sayar San Road,Bahan Township,Yangon, Myanmar.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
Room Types
SQFT

# ရီယိုဒီဂျနေးရိုးအိုလံပစ်၌ Heptathlon အားကစားနည်း၏ ရွှေတံဆိပ်ဆုကို ကာကွယ်ရန် ဂျက်ဆီကာအန်းနစ် ရည်ရွယ်ထား



ဂျက်ဆီကာ အန်းနစ်သည် ၂၀၁၂ ခုနှစ် လန်ဒန် အိုလံပစ်ပြိုင်ပွဲ၌ ခုနစ်မျိုးစုံ အားကစားနည်း (Heptathlon)၌ ရွှေတံဆိပ်ဆု ဆွတ်ခူးထားသူဖြစ်

နာမည်ကျော် ဗြိတိန်ပြေးခုန်ပစ် အားကစားမယ် ဂျက်ဆီကာအန်းနစ်က လာမည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ၂၀၁၆ခုနှစ် ရီယိုဒီဂျနေးရိုး နွေရာသီ အိုလံပစ်ပြိုင်ပွဲ၌ ခုနစ်မျိုးစုံ အားကစားနည်း (Heptathlon) တွင် ရွှေတံဆိပ်ဆုကို ကာကွယ်နိုင်ရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဂျက်ဆီကာ အန်းနစ်သည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ခုနစ်မျိုးစုံ အားကစားနည်း (Heptathlon) ၌ ရွှေတံဆိပ်ဆု ဆွတ်ခူးထားသူဖြစ်သည်။

အသက် ၂၈နှစ်အရွယ်ရှိ ဂျက်ဆီကာအန်းနစ်သည်ဒဏ်ရာပြဿနာကြောင့် ရုရှားနိုင်ငံမော်စကိုမြို့တွင် ကျင်းပခဲ့သော ၂၀၁၃ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ်အားကစားပြိုင်ပွဲ၌ ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။ ထို့အပြင် ဂျက်ဆီကာ အန်းနစ်သည် သူမ၏ ပထမဆုံး ရင်သွေးကို ကိုယ်ဝန်ဆောင်ထားရမှုကြောင့် ယခုနှစ်အတွင်း ကျင်းပခဲ့သော ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကိုလည်း လွဲချော်ခဲ့ရသည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် သားငယ်ရီဂျီအား မွေးဖွားခဲ့သူ ဂျက်ဆီကာအန်းနစ်က ယခုအခါ သူမသည် လေ့ကျင့်မှုများ အပြည့်အဝပြန်လည် ပြုလုပ်နေပြီဖြစ်ပြီး တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် အားကစား ပြိုင်ပွဲမှ စတင်ကာ ပြန်လည် ပြိုင်ပွဲဝင်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

"မိခင်တစ်ဦး ဖြစ်လာရတဲ့ ခံစားချက်က တကယ့်ကို အံ့ဩစရာ ကောင်းပါတယ်။ ဒီခံစားချက်ကို မိနစ်တိုင်း ခံစားနေရတယ်။ နောက်ပြီး ပြိုင်ပွဲတွေ ပြန်လည်ယှဉ်ပြိုင်နိုင်တော့မှာကလည်း ကောင်းမွန်တဲ့ကိစ္စပါ။ ၂၀၁၅ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် အားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒါပေမယ့် အဓိကရည်မှန်းချက်က ရီယို အိုလံပစ်ပြိုင်ပွဲ ဖြစ်ပါတယ်" ဟု ဂျက်ဆီကာအန်းနစ်က ပြောသွားသည်။




၂၀၁၅ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် အားကစားပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှ ၃၀ ရက်အထိ ပေကျင်းရှိ ငှက်သိုက် အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ရီယိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

■ ထက်အောင်



## ပြိုင်ဘက်အား ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူပြီး IBF ချန်ပီယံခါးပတ်ကို ကလစ်ရှ်ကို ကာကွယ်

■အောင်က

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်များပိုင်ရှင် ယူကရိန်းနိုင်ငံသား ဝလာ ဒီမာကလစ်ရှ်ကိုသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၅ ရက်တွင် သူ၏ IBF ချန်ပီယံ ခါးပတ်ဆုအတွက် စိန်ခေါ်သူ ဘူဂေးရီးယားနိုင်ငံသား ကူရတ်ပူလက်ဗ်အား ငါးချီမြောက်၌ပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူကာ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

ကလစ်ရှ်ကိုသည် ၂၀၀၆ ခုနှစ် ဧပြီလ ၂၂ ရက်တွင် အမေရိကန်နိုင်ငံသား ခရစ်ဘွိုက်အား အနိုင်ယူကာ ရရှိခဲ့သည့် IBF ချန်ပီယံ ခါးပတ်အား ၁၇ ကြိမ်မြောက် ကာကွယ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကလစ်ရှ်ကို၏ပြိုင်ဘက်ဖြစ်သူ ပူလက်ဗ် (၃၃နှစ်)သည် ကလစ်ရှ်ကိုနှင့် မထိုးသတ်မီက ပရော်ဖက်ရှင်နယ် လက်ဝှေ့ပွဲပေါင်း ၂၀ ထိုးသတ်ခဲ့ရာတွင် ပွဲတိုင်းအနိုင်ရရှိခဲ့သူဖြစ်ပြီး ကလစ်ရှ်ကိုအား အရေးနိမ့်ခဲ့ရခြင်းသည် သူ၏ ပရော်ဖက်ရှင်နယ်သက်တမ်းအတွင်း ပထမဆုံးအကြိမ် ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။

IBF ချန်ပီယံခါးပတ်စိန်ခေါ်ပွဲ၌ ပထမအချီ၌ပင် ကလစ်ရှ်ကို၏ ထိုးသတ်ချက်ကြောင့် ပူလက်ဗ်သည် နှစ်ကြိမ် လဲကျခဲ့ရပြီး တတိယအချီတွင်လည်း ကလစ်ရှ်ကို၏ လက်သီးချက်ကြောင့် တတိယအကြိမ် လဲကျခဲ့ရသည်။ ပဉ္စမအချီပြီးဆုံးရန် ၄၉ စက္ကန့်အလိုတွင် ကလစ်ရှ်ကို၏ ဘယ်ဝိုက်လက်သီးချက်ကြောင့် ပူလက်ဗ်စတုတ္ထအကြိမ် လဲကျခဲ့ရပြီးနောက် ဒိုင်လူကြီးက ပွဲကိုရပ်ဆိုင်းကာ ကလစ်ရှ်ကိုအား အနိုင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ပူလက်ဗ်က "ကလစ်ရှ်ကိုဟာ တကယ့်ပြိုင်ဘက်ကောင်းပါ။ ဒါပေမယ့် ဒီပွဲမှာ အနိုင်ရခဲ့တာက သူကံကောင်းခဲ့တာလည်း ပါပါတယ်။ ကလစ်ရှ်ကိုနဲ့ နောက်ထပ်တစ်ပွဲ ထိုးသတ်ချင်ပါသေးတယ်။ စိတ်မကျေပွဲ ပြန်လည်ထိုးသတ်ဖြစ်ခဲ့ရင်တော့ သူ့ကို ကျွန်တော် အနိုင်ယူနိုင်ပါလိမ့်မယ်"ဟု ပြောသွားခဲ့သည်။

● **ပူလက်ဗ် (၃၃နှစ်)သည် ကလစ်ရှ်ကိုနှင့် မထိုးသတ်မီက ပရော်ဖက်ရှင်နယ် လက်ဝှေ့ပွဲပေါင်း ၂၀ ထိုးသတ်ခဲ့ရာတွင် ပွဲတိုင်းအနိုင်ရရှိခဲ့သူဖြစ်ပြီး ကလစ်ရှ်ကိုအား အရေးနိမ့်ခဲ့ရခြင်းသည် သူ၏ ပရော်ဖက်ရှင်နယ်သက်တမ်းအတွင်း ပထမဆုံးအကြိမ် ရှုံးပွဲကြုံ။**

